# ကြေးမုံ

The Mirror

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက်၊ စနေနေ့၊ (8-8-2015) (၈၂၈၆)


**မျက်မှောက်လောက ကြီးပွားကြောင်း တရားလေးပါး**

* ✳ ဥဋ္ဌာနသမ္ပဒါ - ထကြွလုံ့လဝီရိယနှင့် ပြည့်စုံမှု၊
* ✳ အာရက္ခသမ္ပဒါ - စောင့်ရှောက်ခြင်းနှင့် ပြည့်စုံမှု၊
* ✳ ကလျာဏမိတ္တတာ - မိတ်ဆွေကောင်းရှိမှု၊
* ✳ သမဇီဝိတာ - မျှတစွာ အသက်မွေးမှု။

**မိုးရွာသွန်းမှုများ**

| | |
|---|---|
| သပိတ်ကျင်း | ၄ ဒသမ ၈၀ လက်မ |
| သံတွဲ | ၄ ဒသမ ၂၁ လက်မ |
| ပုသိမ် | ၃ ဒသမ ၇၀ လက်မ |
| ကန့်ဘလူ | ၂ ဒသမ ၇၉ လက်မ |
| ရေး | ၂ ဒသမ ၆၃ လက်မ |
| ကျိုက္ကမီ | ၂ ဒသမ ၁၇ လက်မ |
| ရွှေဘို | ၂ ဒသမ ၁၂ လက်မ |

## နိုင်ငံပွံ့ဖြိုးတိုးတက်ရေးနှင့် အာဆီယံအသိုက်အဝန်းကြီးအောင်မြင်ရေး ဆက်လက်ကြိုးပမ်းအားထုတ်

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ပေးပို့သော ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၈) ရက်နေ့တွင် ကျရောက်သည့် (၄၈)နှစ်မြောက် အာဆီယံနေ့အထိမ်းအမှတ် သဝဏ်လွှာ

(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၈ ရက်)

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

ယနေ့သည် အရှေ့တောင်အာရှနိုင်ငံများအဖွဲ့(အာဆီယံ) တည်ထောင်ခြင်း၏ (၄၈)နှစ်ပြည့်မြောက်သည့်နေ့ ဖြစ်ပါသည်။ ယခုကဲ့သို့ ထူးမြတ်သည့် အခါသမယတွင် မိမိအနေဖြင့် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများနှင့်တကွ အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံး၏ နိုင်ငံသူနိုင်ငံသားအားလုံးတို့အား ကောင်းကျိုးချမ်းသာမင်္ဂလာအပေါင်းနှင့် ပြည့်ဝပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ယခုနှစ် အာဆီယံ၏ထူးခြားမှုမှာ ယခုနှစ်ကုန်တွင် နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေးနှင့် လူမှုရေး၊ ယဉ်ကျေးမှုများအရ ပေါင်းစည်းထားသည့် အာဆီယံအသိုက်အဝန်းကြီးပေါ်ထွန်းလာမည် ဖြစ်ပါသည်။ အာဆီယံအဖွဲ့အနေဖြင့် ဒေသငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် လုံခြုံရေး၊ စီးပွားရေးပေါင်းစည်းမှုနှင့် ရေရှည်တည်တံ့မည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အစရှိသည့် ရည်မှန်းချက်များအတွက် ဦးတည်ဆောင်ရွက်ရာတွင် အရေးပါသည့် အောင်မြင်မှုများ ရရှိထားပြီး လက်ရှိတိုးတက်ဖြစ်ပေါ်မှု အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ခြင်းဖြင့် ကမ္ဘာ့အလယ်တွင် အာဆီယံအသိုက်အဝန်းကြီးကို စုပေါင်းကြိုးပမ်းမှုများနှင့် ထည်ထည်ဝါဝါဖြစ်ပေါ်လာစေနိုင်မည် ဖြစ်ပါသည်။

အာဆီယံအသိုက်အဝန်း တည်ဆောက်ရှင်သန်ရေးသည် အာဆီယံ၏ အန္တိမရည်မှန်းချက်ဖြစ်ပါသည်။ အဆိုပါရည်မှန်းချက်ကို ဦးတည်ပြီး ၂၀၀၃ ခုနှစ်၊ ဘာလီ သဘောတူညီချက်အပေါ်အခြေခံသည့် အာဆီယံအသိုက်အဝန်းတည်ဆောက်ရေးကို သဘောတူညီခဲ့ကြပါသည်။ အဆိုပါရည်မှန်းချက်ကို ၂၀၀၈ ခုနှစ်၌

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များရှိ ရေဘေးသင့်ဒေသခံပြည်သူများအား တွေ့ဆုံအားပေး



ရုပ်ရှင်၊ ဂီတအနုပညာရှင်များက ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။ (မြန်/ဆက်)

**နေပြည်တော် ဩဂုတ် ၇**

ရခိုင်ပြည်နယ်တွင် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဝန်ကြီးများ ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်ရှိ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များသို့ ရဟတ်ယာဉ်များဖြင့် သွားရောက်ကာ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် ဘူးသီးတောင်မြို့သို့ ရောက်ရှိပြီး အောင်မြေဗောဓိသာသနာ့ရိပ်သာ အလိုတော်ပြည့်ကျောင်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ကူညီဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ကယ်ဆယ်ရေး၊ ကူညီထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းနှီးစွာနှုတ်ဆက်အားပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် နယ်မြေခံတပ်ရင်းခန်းမ၌ ဘူးသီးတောင်မြို့နယ်မှ မြို့မိမြို့ဖများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များနှင့် တွေ့ဆုံ၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လူသားချင်းစာနာထောက်ထားမှု၊ မျိုးချစ်စိတ်၊ တာဝန်ရှိမှု၊ တာဝန်သိမှု၊ တာဝန်ခံမှုတို့ဖြင့် ဆောင်ရွက်ရန်လိုအပ်ပုံများကို ရှင်းလင်းဆွေးနွေးသည်။

**စာမျက်နှာ ၃ ကော်လံ ၅ သို့ ❖**


nzmp authorised ingredient distributor

LAMINTAYAR CO., LTD

နို့မှုန့် နှင့် နို့ထွက်ပစ္စည်း ဝယ်ယူသုံးစွဲသူများအတွက် ပစ္စည်းမှန်

နယူးဇီလန် နို့မှုန့်

နယူးဇီလန်နိုင်ငံ Fonterra လီမိတက်၏ NZMP တံဆိပ် နို့မှုန့်နှင့်နို့ထွက်ပစ္စည်းများကို မြန်မာနိုင်ငံတွင် လမင်းတစ်ရာကုမ္ပဏီလီမိတက်မှ တစ်ဦးတည်း ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ ထိုသို့ ဖြန့်ဖြူးရောင်းချရန်၊ ပင်ရင်း နယူးဇီလန်နိုင်ငံမှ တိုက်ရိုက်တင်သွင်းခွင့်ကို လမင်းတစ်ရာကုမ္ပဏီလီမိတက် တစ်ခုတည်းကိုသာ ခွင့်ပြုထားပါသည်။ Fonterra ၏ တရားဝင် ခွင့်ပြုချက်ဖြင့် လမင်းတစ်ရာကုမ္ပဏီလီမိတက်မှ တင်သွင်းဖြန့်ဖြူးသည့် နို့မှုန့်နှင့်နို့ထွက်ပစ္စည်းများ၏ အရည်အသွေး မြင့်မားမှုနှင့် စံချိန်စံညွှန်း တိကျမှန်ကန်မှုတို့ကို Fonterra မှ တာဝန်ယူမည် ဖြစ်ပါသည်။ နို့မှုန့်နှင့်နို့ထွက်ပစ္စည်းများ၏ အိတ်များ၊ ပုံးများပေါ်တွင် အမှတ်အသား Code များ ပါရှိပါသည်။ မိမိတို့လက်ဝယ်ရှိ ပစ္စည်းများသည် Fonterra ၏ တရားဝင်ခွင့်ပြုချက်ဖြင့် နယူးဇီလန်နိုင်ငံမှ တိုက်ရိုက်တင်သွင်းရောင်းချသည့် ပစ္စည်းများ မှန်၊ မမှန် လမင်းတစ်ရာကုမ္ပဏီ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ (01) 9010607, 9010608, 9010609

ကြေးမုံစာတည်းရှုထောင့် ၈-၉-၂၀၁၅၊ အင်္ဂါနေ့

# ငြိမ်းချမ်းရေးရည်မှန်းချက် ဖော်ဆောင်

တစ်နိုင်ငံလုံးရှိ ပြည်သူတစ်ရပ်လုံး၏ မျှော်လင့်ချက်ဖြစ်သော ထာဝရ ငြိမ်းချမ်းရေး ရရှိနိုင်စေရန် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ စာချုပ်အချောသပ်နိုင်ရေးအတွက် နှစ်ဖက်အဖွဲ့များ၏ညှိနှိုင်းအစည်း အဝေးများကို အကြိမ်ကြိမ်ကျင်းပခဲ့ရာ ယခု (၉)ကြိမ်မြောက်အစည်းအဝေးတွင် တန်ဖိုးရှိသော ဆွေးနွေးညှိနှိုင်းမှုများကို ဆောင်ရွက်နိုင်ခဲ့သည်။

ယနေ့ကာလတွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများနှင့် ကြုံတွေ့နေရသည့်ကာလတွင် အစိုးရ၊ တပ်မတော်နှင့် အဖွဲ့အစည်းများ၊ ပြည်သူလူထုနှင့် လူတန်းစားအဖွဲ့အစည်းများအားလုံးက ရေဘေးသင့်ပြည်သူများ၏ အခက်အခဲများကို ညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်းကူညီကယ်ဆယ်စောင့်ရှောက် ဖြေရှင်းပေးနေချိန်တွင် ယခုကဲ့သို့ ပြည်သူများ၏မျှော်လင့်ချက်ဖြစ်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုလည်း ညီညွတ်စွာဖြေရှင်းပေးကြ၍ အတိုင်းမသိ ဝမ်းမြောက်မိပါသည်။

ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ငြိမ်းချမ်းရေးဖြစ်စဉ်ကို နောင်မည်သည့်အစိုးရတက်တက် ဆက်လက်လုပ်ဆောင်သွားနိုင်မည့် အုတ်မြစ်ငယ်တစ်ခုချနိုင်ရန်၊ အပစ်အခတ်ရပ်စဲရေး ခိုင်ခံ့အောင်လုပ်ဆောင်နိုင်ရန်နှင့် နိုင်ငံရေးဆွေးနွေးပွဲများစတင်နိုင်ရန်ဟူသည့် ရည်မှန်းချက်သုံးရပ်အား လက်ရှိအစိုးရက မွန်မြတ်သည့်စေတနာဖြင့် အကောင်အထည်ဖော်နေသည်ကို မြင်တွေ့ရသည်။

ယခုဆောင်ရွက်နေသော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် ချုပ်ဆိုရေးတွင် အားလုံးပါဝင်နိုင်ရန် အစိုးရက အကောင်းဆုံး နည်းလမ်းရှာဖွေနိုင်လိမ့်မည်ဟုလည်း ကြေးမုံကယုံကြည်ပါသည်။ လက်နက်ကိုင်အဖွဲ့အစည်း ကြီး၊ ငယ်တို့ကလည်း နှစ်ပေါင်းရှည်ကြာလာခဲ့သည့် မြန်မာနိုင်ငံ၏ပဋိပက္ခတွင် ပါဝင်နေသောကြောင့် ငြိမ်းချမ်းရေးတည်ဆောက်မှုတွင် တစ်ဖွဲ့မကျန်ပါဝင်နိုင်မှသာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တစ်ခုလုံးကို အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ မျှော်လင့်နေသည့် နိုင်ငံရေးအာမခံချက်များရရှိနိုင်ရန်အတွက်ကိုလည်း နိုင်ငံတော်က နားလည်လက်ခံထားပြီးဖြစ်၍ ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်ကို အကောင်အထည်ဖော်နိုင်ပါက နိုင်ငံရေးအာမခံချက်အတွက်လည်း စိုးရိမ်ပူပန်မှုဖြစ်စရာမလိုတော့ချေ။ အဓိကအချက်မှာ ညီညီညွတ်ညွတ်ဖြင့် တိုင်းပြည်တိုးတက်ရေးလုပ်ငန်းများတွင် တူညီသောစိတ်ထားများဖြင့် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် ဖြစ်သည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာစာချုပ် လက်မှတ်ရေးထိုးပြီးပါက ပူးတွဲစောင့်ကြည့်ရေးများ၊ နှစ်ဖက်လိုက်နာရမည့် ကျင့်ဝတ်များစသည့်ကိစ္စရပ်များကို မလွဲမသွေအကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သောကြောင့် စစ်ရေးအရ အာမခံချက်များသည် သံသယဖြစ်စရာကိစ္စများမဟုတ်တော့ဟု ယုံကြည်မျှော်လင့်မိပါသည်။ တစ်ဦးပေါ်တစ်ဦး အပြည့်အဝယုံကြည်စိတ်ချစွာဖြင့် ရဲရဲတင်းတင်းလက်မှတ်ရေးထိုးလိုက်ပါက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အဆုံးသတ်ဆောင်ရွက်နိုင်မည်ဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြောကြားထားသည်။

ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးရာတွင် အားလုံးပါဝင်ရေးသည် အရေးကြီးပြီး စာချုပ်အချောသပ်အတည်ပြုပြီး နှစ်ဖက်တာဝန်ရှိသူများ ဆက်လက်တွေ့ဆုံညှိနှိုင်းသွားကြမည်ဆိုပါက လုပ်ငန်းစဉ်များအားလုံး ပြီးမြောက်သွားနိုင်ပြီး ပြည်သူများ၏ မျှော်လင့်ချက်များအကောင်အထည်ပေါ်လာကာ တိုင်းပြည်လည်း အေးချမ်းသာယာဝပြောလာမည်ဖြစ်သည်။

ယခုတွေ့ဆုံဆွေးနွေးရေးမှ ပေါ်ထွက်လာမည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ခြင်း၏ အကျိုးဆက်သည် ပြည်သူတစ်ရပ်လုံးနှင့် နိုင်ငံတော်အတွက် အေးချမ်းလုံခြုံသော အကျိုးရလဒ်ကောင်းများကို ဖြစ်ထွန်းစေမည့်အပြင် ညီညွတ်သောစွမ်းပကားများကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ ။




## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။ မဲစာရင်းများယွင်းမှု ရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။


## ကံမမြို့နယ်တွင် မင်းတုန်းချောင်းကူးတံတား ချဉ်းကပ်လမ်းတာပေါင် ချောင်းရေတိုက်စား

**ကံမ စက်တင်ဘာ ၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်တွင် ဇူလိုင်လကုန်ပိုင်းက မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မင်းတုန်းချောင်းရေ တစ်ရှိန်ထိုးကျဆင်းရာ မင်းတုန်းချောင်းကူးတံတား (ရေနံ့သာ)၏ မြောက်ဘက်တံတားချဉ်းကပ်လမ်းတာပေါင်ရေတိုက်စားပြီး အရှည်ပေ ၃၀၀ ခန့် ပျက်စီးခဲ့သည်။

သရက်ခရိုင်အတွင်း ဧရာဝတီမြစ်အနောက်ဘက်ကမ်းဒေသရှိ ပြည်သူများသည် ရေကြောင်းလမ်းတစ်ခုတည်းကိုသာ အားကိုးခဲ့ကြရာမှ နိုင်ငံတော်အစိုးရအနေဖြင့် မင်းဘူး-သရက်-ကံမ-ပြည် ကားလမ်းကို ဖောက်လုပ်ပေးခဲ့သဖြင့် ခရီးသွားလာရေး လွယ်ကူချောမွေ့ပြီး ကုန်စည်စီးဆင်းမှုမှာလည်း မြန်ဆန်ခဲ့သည်။

အဆိုပါ တံတားတာပေါင်ပျက်စီးခဲ့သဖြင့် သရက်-ကံမ-ရန်ကုန်နှင့် မကွေး-သရက်-ကံမ ခရီးသည်တင် မော်တော်ယာဉ်လိုင်းများ၊ ကုန်တင်ယာဉ်များသွားလာမှု ရပ်ဆိုင်းထားရသည့်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများက အမြန်ဆုံးပြုပြင်နိုင်ရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကျော်ဇေယျဝင်း(Iprd)**





## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၇**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၂၁၄၀၀ | - | ၇၂၂၄၀၀ |
| မန္တလေး | ရွှေဈေး | ၇၂၁၄၀၀ | - | ၇၂၂၄၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၇၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၁၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၁၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၃၄. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၄၈. ၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၈. ၇၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၅. ၁၃၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၁၅. ၀၈ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၃၅၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၉၈၉. ၄၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၆. ၂၂ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၀၆. ၅၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၈၉၂. ၂၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

## မြန်မာနိုင်ငံ သတင်းစာဆရာအသင်း ဒုတိယအကြိမ် နိုင်ငံလုံးဆိုင်ရာ ညီလာခံကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၇**

မြန်မာနိုင်ငံသတင်းစာဆရာအသင်း ဒုတိယအကြိမ် နိုင်ငံလုံးဆိုင်ရာ ညီလာခံကို စက်တင်ဘာ ၉ ရက် နံနက် ၁၀ နာရီက မြန်မာနိုင်ငံကုန်သည်နှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ခန်းမ၌ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**


ကြေးမုံ နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးလှုစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းမှူးများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါ်ဝမ်းစိုး၊ အောင်ကျော်ကျော်
**အနုပညာစာတည်း** - ခင်ခင်သက်
**အားကစားစာတည်း** - မေလှဲ့သင်း
**ဆောင်းပါးစာတည်း** - စန္ဒာဝင်း
**အကြီးတန်းသတင်းထောက်များ** - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်
**အငယ်တန်းသတင်းထောက်များ** - သီသီမင်း၊ အောင်ကျော်ဦး၊ ခင်ဇာလီ၊ သန့်ဇင်ဝင်း၊ မေသကြန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
**အထူးသတင်းထောက်** - စုနှင်းလှဲ့၊ သီရိ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဘေးသင့်ဒေသခံ ပြည်သူများအား တွေ့ဆုံအားပေးစဉ်။ (ပြန်/ဆက်)

❖ **နိုင်ငံတော်သမ္မတမှ**

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတသည် ရသေ့တောင်မြို့သို့ရောက်ရှိပြီး မြို့တွင်းသို့ မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဒေသခံပြည်သူများအား ရင်းနှီးစွာ နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ရသေ့တောင်မြို့နယ် မေယုခန်းမ၌ ကျင်းပသည့် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ကူညီနေမှုအခြေအနေနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အတူ CB ဘဏ် ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ ရုပ်ရှင်၊ ဂီတအနုပညာရှင်များက ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြပြီး နိုင်ငံတော်သမ္မတက အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းနှီးစွာနှုတ်ဆက်အားပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ရသေ့တောင်မြို့မှ စစ်တွေမြို့သို့ ပြန်လည်ရောက်ရှိကြပြီး လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာလာကြရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**



ရုပ်ရှင်၊ ဂီတအနုပညာရှင်များက ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။ (ပြန်/ဆက်)

## ညောင်ဦး၊ မင်းဘူး၊ အောင်လံနှင့် ပြည်မြို့များတွင် စိုးရိမ်ရေမှတ်အောက်ကျဆင်းနိုင်

**နေပြည်တော် ဩဂုတ် ၇**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့နှင့် မင်းဘူးမြို့တို့တွင် တစ်ပေခန့်စီ၊ မကွေးမြို့တွင် ပေဝက်ခန့်၊ အောင်လံမြို့နှင့် ပြည်မြို့တို့တွင် တစ်ပေခွဲခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ညောင်ဦးမြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့နှင့် နောက်နှစ်ရက်အတွင်း ပြည်မြို့တို့တွင် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အောက်ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် တစ်လက်မခန့်ရောက်ရှိနေသော်လည်း နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းသွားမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **(ကြေးမုံ)**

✻ **ရှေ့ဖုံးမှ**

ပြဋ္ဌာန်းခဲ့သည့် အာဆီယံပဋိညာဉ်စာတမ်းတွင် ထပ်လောင်းအတည်ပြုဖော်ပြခဲ့ပါသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ စည်းလုံးညီညွတ်မှုကို အခြေပြုပြီး တည်ဆောက်သည့် အာဆီယံအသိုက်အဝန်းသည် "ပြည်သူ့ဗဟိုပြု၊ ပြည်သူ့အခြေပြုသည့် အသိုက်အဝန်းဖြစ်စေရေးကို အလေးထားဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါအချက်ကို ၂၀၁၅ခုနှစ်အတွက် အာဆီယံဥက္ကဋ္ဌဖြစ်သည့် မလေးရှားနိုင်ငံမှ အာဆီယံ၏ဆောင်ပုဒ်ကို "Our People, Our Community, Our Vision" ဟု သတ်မှတ်ထားခြင်းသည် များစွာလျော်ကန်မှုရှိပါသည်။ အဆိုပါဆောင်ပုဒ်သည် အာဆီယံ၏ ဖြတ်သန်းခဲ့သော (၄၈)နှစ်အတွင်း ဒေသတွင်းပေါင်းစည်းမှုနှင့် ပြည်သူ့ဗဟိုပြုဆောင်ရွက်မှုများကို ထင်ဟပ်စေမည်ဖြစ်ပါသည်။ ယခုအခါ အာဆီယံခေါင်းဆောင်များအနေဖြင့် အာဆီယံ ပါလီမန်များညီလာခံ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ လူငယ်အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံမှုများပြုလုပ်လျက်ရှိပါသည်။

အာဆီယံအသိုက်အဝန်းတွင် အဓိကမဏ္ဍိုင်များအဖြစ် ပါဝင်ကြသည့် နိုင်ငံရေး၊ လုံခြုံရေးမဏ္ဍိုင်၊ စီးပွားရေးမဏ္ဍိုင်နှင့် လူမှုရေးယဉ်ကျေးမှုမဏ္ဍိုင်များ၏ ရည်မှန်းချက်များသည် ပြည်သူများ၏ ငြိမ်းချမ်းမှုနှင့် လုံခြုံမှုမြှင့်တင်ပေးရန်၊ စီးပွားရေး၊ လူမှုရေးအဆင့်အတန်းမြင့်မားစေရန်၊ ဒေသတွင်းပြည်သူများအကြား နားလည်မှု ပိုမိုတည်ဆောက်နိုင်ရန်နှင့် အပြန်အလှန်ဆက်ဆံမှုများ မြှင့်တင်ပေးရန်ဖြစ်ပါသည်။

နိုင်ငံရေးနှင့် လုံခြုံရေးမဏ္ဍိုင်အရ အာဆီယံအသိုက်အဝန်းအတွင်း ပဋိပက္ခများအား ကာကွယ်ခြင်း၊ ပဋိပက္ခများကိုငြိမ်းချမ်းစွာ စေ့စပ်ဆွေးနွေးအဖြေရှာခြင်း၊ ပဋိပက္ခအလွန် ငြိမ်းချမ်းရေးတည်ဆောက်ခြင်း၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်တည်ဆောက်ခြင်း၊ နိုင်ငံရေး၊ လုံခြုံရေးဆိုင်ရာအာဆီယံ၏ တန်ဖိုးနှင့် စံချိန်စံညွှန်းတို့ကို မြှင့်တင်ထိန်းသိမ်းခြင်းစသည့် အခြေခံကောင်းများ တည်ဆောက်ဖြစ်ပေါ်စေမည်ဖြစ်ပါသည်။

စီးပွားရေးမဏ္ဍိုင်အနေဖြင့် အာဆီယံဒေသကို စီးပွားရေးအရတည်ငြိမ်မှု၊ တိုးတက်ဖွံ့ဖြိုးမှုနှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းအားမြင့်မားမှုတို့ရရှိရန် မြှင့်တင်ပေးခြင်း၊ ကုန်ပစ္စည်း၊ ဝန်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ငွေပင်ငွေရင်းတို့အား ဒေသတွင်း လွတ်လပ်စွာလည်ပတ်စီးဆင်းနိုင်စေခြင်း၊ ဆင်းရဲနွမ်းပါးမှုကို လျော့နည်းစေကာ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေမည်ဖြစ်ပါသည်။

အာဆီယံအသိုက်အဝန်း၏ လူမှုရေးအသိုက်အဝန်း မဏ္ဍိုင်အောက်တွင် ကရုဏာတရားထွန်းကားပြီး အချင်းချင်းစောင့်ရှောက်မှုနှင့် မျှဝေခံစားမှုရှိသည့် အသိုက်အဝန်းဖြစ်စေရေး၊ ပြည်သူများ၏ ဘဝအဆင့်အတန်းခိုင်မာစေရေး၊ အမျိုးသမီးများ၊ လူငယ်များနှင့် ကလေးသူငယ်များ၏ အခွင့်အရေးခိုင်မာစေရေး၊ သဘာဝဘေးအန္တရာယ်များကို ကြံ့ကြံ့ခံနိုင်စွမ်းရှိစေသောဒေသအဖြစ် ဖန်တီးဖော်ဆောင်နိုင်ရန် မျှော်မှန်းထားရှိပါသည်။

ထို့အပြင် အာဆီယံနိုင်ငံများအနေဖြင့် မိမိတို့၏ ပြည်တွင်းကိစ္စများကိုလည်း ငြိမ်းချမ်းသည့် စေ့စပ်ဆွေးနွေးမှုများဖြင့် အဖြေရှာလျက်ရှိပါသည်။ မိမိတို့နိုင်ငံအနေဖြင့်လည်း ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို နိုင်ငံတော်၏ အရေးအကြီးဆုံး ဦးစားပေးကိစ္စအဖြစ် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို အကျိုးပြုလျက်ရှိပါသည်။ ထို့အပြင် အာဆီယံအဖွဲ့အစည်းက ထားရှိသည့် စံနှင့် တန်ဖိုးများဖြစ်ကြသော ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးနှင့် ကောင်းမွန်သော စီမံခန့်ခွဲအုပ်ချုပ်မှုတို့တွင်လည်း မြန်မာနိုင်ငံအနေဖြင့် အခြားသော အဖွဲ့ဝင်နိုင်ငံများနှင့် တန်းတူအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

အာဆီယံအသိုက်အဝန်းတည်ထောင်မှုတွင် အရေးကြီးသည့်ကဏ္ဍတွင် ပါဝင်သည့် အာဆီယံစီးပွားရေးအသိုက်အဝန်း ပေါ်ထွန်းလာသည့်အတွက် အာဆီယံနိုင်ငံတိုင်း အကျိုးခံစားရမည်ဖြစ်ပါသည်။ အာဆီယံစီးပွားရေး အသိုက်အဝန်းသည် တရားမျှတသည့် ယှဉ်ပြိုင်မှုမှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးကိုမြှင့်တင်ပေးမည် ဖြစ်ပါသည်။ အာဆီယံစီးပွားရေးအသိုက်အဝန်းသည် အာဆီယံအသိုက်အဝန်းတွင် အခွင့်အလမ်းများ ပေးအပ်လျက်ရှိသကဲ့သို့ တရားမျှတသည့် စီးပွားရေးလုပ်ငန်းများ ထိန်းသိမ်းမြှင့်တင်ရန်လိုအပ်သည့် စည်းမျဉ်းစည်းကမ်းများကိုလည်း ချမှတ်ပေးမည် ဖြစ်ပါသည်။

အာဆီယံအသိုက်အဝန်းတည်ထောင်ပြီးနောက် မိမိတို့နိုင်ငံအနေဖြင့် မိမိတို့ အားထားရသည့် စီးပွားရေးလုပ်ငန်းများဖြစ်သည့် လယ်ယာစိုက်ပျိုးရေး၊ သားငါးထုတ်လုပ်ရေးနှင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများကိုလည်း ဆက်လက်ဦးစားပေးသွားရမည်ဖြစ်ပါသည်။ ယှဉ်ပြိုင်နိုင်စွမ်းအား မြင့်မားစေရေး၊ ပြည်ပသို့ တိုးတက်ယှဉ်ပြိုင်နိုင်ရေးအတွက် နိုင်ငံတော်အပိုင်းမှ ကူညီပံ့ပိုးပေးလျက်ရှိပါသည်။ ပြည်ပပို့ကုန် တိုးမြှင့်နိုင်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာကိုလည်း ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါသည်။

အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းသည် ပညာရေး၊ ကျန်းမာရေးကဏ္ဍများ မြှင့်တင်ခြင်းဖြင့်လည်း ပြည်သူတို့၏ လူမှုရေးအကျိုးစီးပွားကိုတိုးတက်စေပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို မျှော်မှန်းချက်အဖြစ်ထားရှိပါသည်။ ယနေ့ ကမ္ဘာတွင် တွေ့ကြုံခံစားနေကြရသည့် သဘာဝဘေးအန္တရာယ်ကျရောက်မှုများ၊ ရာသီဥတုဖောက်ပြန်မှုများကို ကာကွယ်နိုင်ရန်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်မည်ကို ကြိုတင်သိရှိ အကာအကွယ်ယူနိုင်ရေး၊ အချိန်မီတုံ့ပြန်ကာကွယ်နိုင်ရေး၊ လူသားချင်းစာနာမှု အကူအညီများကို ထိရောက်စွာဖြန့်ဖြူးကူညီနိုင်ရေးအစရှိသည့် အရေးပေါ်ကိစ္စရပ်များ၊ စားနပ်ရိက္ခာဖူလုံစေရေး၊ စွမ်းအင်ဖူလုံစေရေး စသည့် ဒေသတွင်းအရေးကိစ္စရပ်များကို အာဆီယံအနေဖြင့် အာဆီယံနိုင်ငံအချင်းချင်းနှင့်လည်းကောင်း၊ ဆွေးနွေးဖက်နိုင်ငံများနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

**တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

ယခုတင်ပြခဲ့သည့် ပူးပေါင်းဆောင်ရွက်မှုအားလုံးသည် အာဆီယံပြည်သူတို့အတွက် ရည်ရွယ်၍ လုပ်ဆောင်ခြင်း၏အကျိုးတို့ဖြစ်ပါသည်။ ပေါ်ထွန်းလာမည့် အာဆီယံအသိုက်အဝန်းသည် အဖွဲ့ဝင်နိုင်ငံများနှင့် ပြည်သူများကို အကျိုးရှိစေမည် ဖြစ်သကဲ့သို့ စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်ကြုံတွေ့ရမည်မှာ မုချဖြစ်ပါသည်။ အခြေခံအားဖြင့် မတူညီကွဲပြားသည့် နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်၊ ကိုးကွယ်မှုဘာသာများ၊ ကွာခြားသော ဖွံ့ဖြိုးတိုးတက်မှု အစရှိသည့် မတူကွဲပြားမှုများရှိသည့် အာဆီယံအနေဖြင့် မတူညီမှုများကို စည်းလုံးညီညွတ်သော အင်အားအဖြစ်ပြောင်းလဲရန် အစဉ်ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ အာဆီယံအနေဖြင့် ပြီးခဲ့သည့် (၄၈)နှစ်တာကာလအတွင်းက ရရှိခဲ့သည့် တိုးတက်မှုများကို အခြေခံပြီး အာဆီယံ၏ အောင်မြင်မှု၊ မတူကွဲပြားခြင်းနှင့်စည်းလုံးမှုတို့ကို ဂုဏ်ယူလျက်မကြာမီ ပေါ်ထွန်းလာမည့် အာဆီယံအသိုက်အဝန်းကိုကြိုဆိုကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အာဆီယံအသိုက်အဝန်းကြီးအောင်မြင်ရေးအတွက် ဆက်လက်ကြိုးပမ်းအားထုတ်သွားကြရန် တိုက်တွန်းပါသည်။ ထို့ပြင် တာဝန်သိသော အာဆီယံပြည်သူများအဖြစ် အာဆီယံအသိုက်အဝန်းနှင့်အတူ ရရှိခံစားမည့် အခွင့်အလမ်းများကိုလည်း အကောင်းဆုံးအသုံးချနိုင်ကြပါစေရန် အာဆီယံနေ့အခါသမယတွင် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ပါ အချက်များအား ပြည်သူအားလုံးသိရှိနိုင်ရေးအတွက် ထုတ်ပြန်ရန် နှစ်ဖက်အဖွဲ့သဘောတူညီ



**ရန်ကုန် ဩဂုတ် ၇**

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်း ကော်မတီ (UPWC) နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး ဆိုင်ရာအဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (SD) တို့၏ (၉)ကြိမ်မြောက်အစည်းအဝေး ဒုတိယနေ့ဆွေးနွေးပွဲ ကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာန (MPC ) တွင် ဆက်လက်ပြုလုပ်ခဲ့သည်။

ယနေ့ပြုလုပ်သည့် အစည်းအဝေးမစတင်မီ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်း ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဦးအောင်မင်း က UPWC နှင့် SD တို့၏ ပထမနေ့ဆွေးနွေးပွဲတွင် နှစ်ဖက်ကိုယ်စားလှယ်များသည် NCA စာချုပ်ပါ အချက်များအား ပြီးပြတ်အောင် ဆွေးနွေးနိုင်ခဲ့ပါကြောင်း၊ မိမိတို့ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အရေးကြီးသည့် အချက်ဖြစ်သော လက်နက်ကိုင်အဖွဲ့တွေ ပါဝင်လက်မှတ်ရေးထိုးမည့် All Inclusive ကိစ္စသည် အရေးကြီးကြောင်း၊ မိမိတို့ ဖိတ်ခေါ်ခဲ့သောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၅ဖွဲ့ နှင့် Bilateral ဆွေးနွေးပွဲများ ဆက်တိုက်ဆောင်ရွက်ခဲ့ကြပြီး သဘောတူညီမှု စာချုပ်ပေါင်း ၃၉ ခုကို လက်မှတ်ရေးထိုးထားနိုင်ခဲ့ကြောင်း၊ ထို့ကြောင့် အဆိုပါအဖွဲ့များသည် လက်တွေ့ဆန်ပြီးNCAကို ချက်ချင်းလိုက်နာဆောင်ရွက်နိုင်မယ့်အဖွဲ့များဖြစ်ကြောင်း၊ မြန်မာပြည်၏ လက်နက်ကိုင် ပဋိပက္ခများအားဖြေရှင်းရမည့် နိုင်ငံရေးဆွေးနွေးပွဲတွင် ပါဝင်သင့် ပါဝင်ထိုက်သူ အင်အားစုပေါင်းစုံပါဝင်ဖို့ လိုပါကြောင်း၊ အစိုးရအနေဖြင့် အားလုံးပါဝင်ရေး (All Inclusive)ကိုလက်တွေ့ကျသည့် နည်းလမ်းများနှင့် အဖြေရှာချဉ်းကပ်စေလိုကြောင်း၊ မည်သည့်အဆင့်တွင် မည်ကဲ့သို့ ပါဝင်လာနိုင်စေမည်ဆိုသည့်အချက်အား ထည့်သွင်းစဉ်းစားချဉ်းကပ်မှုဖြင့် သွားရမည်ဖြစ်ကြောင်း၊ မိမိတို့ သွားရမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ခရီးရှည်ကြီးတွင် နှစ်ဖက်ရဲ့ ယုံကြည်မှု တည်ဆောက်နိုင်ဖို့အတွက် သဘောတူညီချက်တွေကို ဘယ်လောက်အတိုင်းအတာအထိ အကောင်အထည်ဖော်နိုင်မလဲဆိုတဲ့အပေါ်မှာမူတည်နေကြောင်း၊ ယနေ့အစည်းအဝေးမှနေ၍ အားလုံးပါဝင်ရေး ဆိုသည့် အချက်အားနည်းလမ်းရှာဖွေကာ ရလဒ်ကောင်းတွေ ထွက်လာစေဖို့၊ NCA ကိုလက်မှတ်ရေးထိုး နိုင်ဖို့အတွက် မိမိတို့အားလုံး ဝိုင်းဝန်းကြိုးစားကြပါစို့ဟု ပြောကြားလိုကြောင်း၊ မကြာမီကာလအတွင်း နေပြည်တော် တွင် ပြုလုပ်ရန် ရည်မှန်းထားသည့် NCA စာချုပ်လက်မှတ် ရေးထိုးပွဲတွင် ပြန်လည်ဆုံတွေ့လက်မှတ်ထိုးနိုင်ကြရေး ဆန္ဒပြုပါကြောင်း အဖွင့်စကားပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ အစည်းများ၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့် ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပဒိုနော်စီဖိုးရာစိန်ကပြောကြားရာတွင် ယနေ့အစည်းအဝေး ၏ ဒုတိယနေ့အဖြစ် မိမိတို့ဆွေးနွေးရမည့် နောက်ဆုံး အချက်အလက်သည် NCA ကို အချောသပ်ဖြစ်နိုင်ရန် အတွက် အရေးကြီးဆုံးသောအချက်အလက်တစ်ခုဖြစ်သည့် အားလုံးပါဝင်ရေး ကိစ္စ၊ NCA လက်မှတ်ထိုးနိုင်ဖို့ အရေး ကြီးဆုံးသောအခန်းဖြစ်သည့် အခန်း(၃၃)ကို ဆွေးနွေး မည်ဖြစ်ကြောင်း၊ အဆိုပါအချက်အား အကောင်းဆုံးရလဒ် တစ်ခုထွက်ပြီး အကောင်းဆုံးဆွေးနွေးညှိနှိုင်းမှုရနိုင်ဖို့ တိုင်းရင်းသားညီလာခံက ဆုံးဖြတ်ထားသည့် လက်မှတ် ရေးထိုးရာတွင် အားလုံးပါဝင်ရေးကိစ္စနှင့် အတူတကွ NCA ကို လက်မှတ်ရေးထိုးနိုင်ဖို့ ဆုံးဖြတ်ချက်ရှိကြောင်း၊ ကျန်ရှိနေသည့် အခန်း(၃၃) ရှေ့ဆက်လက်သွားနိုင်ရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်များဘက်က တာဝန်ရှိသလို အစိုးရဘက်ကသာမကပဲ တပ်မတော်ဘက်ကလည်း တာဝန် ရှိပါကြောင်း၊ ယနေ့သည် နောက်ဆုံးအရေးကြီးသည့် ကဏ္ဍဖြစ်ပြီး ယခုအခန်းကဏ္ဍပြီးစီးပါက NCA တစ်ခုလုံး ကို အဆုံးသတ်မှာဖြစ်ကြောင်း၊ မိမိတို့ဆွေးနွေးရမည့် အဆိုပါအချက်များအား အဖြေရှာဆွေးနွေးပြီးပါက NCA တစ်ခုလုံးကိုအဆုံးသတ်ရမှာဖြစ်ကြောင်း ပြောကြားသည်။

ယနေ့ပြုလုပ်သောအစည်းအဝေးသည် မွန်းလွဲ ၂ နာရီခွဲတွင် ပြီးဆုံးခဲ့ပြီး အစည်းအဝေးပွဲအပြီးတွင် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်း ကော်မတီ (UPWC)နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး ဆိုင်ရာအဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (SD) နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာအဆင့်မြင့် ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (SD)တို့မှ ပူးတွဲသတင်း ထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

အဆိုပါ ပူးတွဲထုတ်ပြန်ချက်အား ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ကျေးလက်လူမှုဘဝမြှင့်တင်ရေး ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်း ကော်မတီ (UPWC) ၏ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်က ဖတ်ကြားခဲ့သည်။

ဆက်လက်၍ နှစ်ဖက်ခေါင်းဆောင်များဖြစ်ကြသည့် UPWC ၏ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင် မင်းနှင့် SD ဒုတိယအဖွဲ့ခေါင်းဆောင်(၁) ဒေါက်တာ လဂျာတို့က နိဂုံးချုပ်စကားပြောကြားခဲ့ကြသည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ (NCA) စာချုပ်အချောသပ်နိုင်ရေးအတွက် ယနေ့ပြုလုပ် ကျင်းပခဲ့သည့် (၉)ကြိမ်မြောက် အစည်းအဝေး၌ NCA စာချုပ်တွင်ပါရှိသည့် အချက်အလက်များအနက် ပါဝင် လက်မှတ်ရေးထိုးမည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ကိစ္စမှအပ NCA စာချုပ်ပါ အချက် အလက်အားလုံးကို သဘောတူညီနိုင်ခဲ့ကြသည်။သဘော တူညီမှုရရှိထားသည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်ပါအချက်များအား ပြည်သူများ သိရှိနိုင်ရေးအတွက် ထုတ်ပြန်သွားရန် နှစ်ဖက်ကိုယ်စား လှယ်များသဘောတူညီကြသည်။

ပါဝင်လက်မှတ်ရေးထိုးမည့် တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့အစည်းများ၏ ကိစ္စနှင့်စပ်လျဉ်းပြီး နိုင်ငံတော် သမ္မတနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ၏ ထိပ်သီးခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ကို ယခုဩဂုတ်လအတွင်း နေပြည်တော်တွင် ကျင်းပသွား မည်ဖြစ်ကြောင်း အစည်းအဝေးပွဲအပြီးတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် နှစ်ဖက်ကိုယ်စားလှယ်များမှ ထည့်သွင်းပြောကြားခဲ့ကြသည်။

ယနေ့ပြုလုပ်သည့် အစည်းအဝေးအား ကုလသမဂ္ဂ အထူးကိုယ်စားလှယ် မစ္စတာနမ်ဘီယားနှင့် တရုတ် ပြည်သူ့သမ္မတနိုင်ငံ၏ အထူးကိုယ်စားလှယ် မစ္စတာ စန်ဂေါင်ဇင်းတို့က လေ့လာသူအဖြစ် တက်ရောက်ခဲ့ကြ သည်။ ယင်းအပြင် မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူး အစီရင်ခံစာ တင်သွင်းသူ မစ္စ ရန်ဟီလီလည်း လာရောက် လေ့လာခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ ပူးတွဲသတင်းထုတ်ပြန်ချက်

**၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၇)ရက်**
**ရန်ကုန်မြို့**

၁။ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၏ ကိုယ်စားလှယ်အဖွဲ့နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း များ၏ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့တို့သည် တစ်နိုင်ငံ လုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲနိုင်ရေးအတွက် သဘောတူစာချုပ်မူကြမ်း အပေါ် (၉)ကြိမ်မြောက် ညှိနှိုင်းဆွေးနွေးခြင်းကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၆ ရက်မှ ၇ ရက်နေ့အထိ ရန်ကုန်မြို့၊ ရွှေလီလမ်းရှိ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာန တွင် ပြုလုပ်ခဲ့ပါသည်။

၂။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တွင် ပါရှိ သည့် အချက်အလက်များအနက် **ပါဝင်လက်မှတ်ရေးထိုးမည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကိစ္စ**မှအပ စာချုပ်ပါ အချက်အလက်အားလုံးကို ညှိနှိုင်းသဘောတူညီမှုရရှိခဲ့သည်။

၃။ နှစ်ဖက်သဘောတူညီမှုရရှိထားသည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက် မှု ရပ်စဲရေးသဘောတူစာချုပ်ပါ အချက်အလက်များကို ပြည်သူ အားလုံးသိရှိနိုင်ရေးအတွက် ထုတ်ပြန်ရန် နှစ်ဖက်သဘောတူ သည်။

၄။ ဤဆွေးနွေးပွဲသို့တက်ရောက်ကြသည့် နှစ်ဖက်ကိုယ်စားလှယ်များသည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အမြန်ဆုံးချုပ်ဆိုနိုင်ရေးနှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများကို အမြန်ဆုံးကျင်းပကာ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေး ရရှိရေးအတွက် ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း အသိပေး အပ်ပါသည်။

# နိုင်ငံတကာအဖွဲ့အစည်းများက သဘာဝဘေးအန္တရာယ်ဖြစ်ပွားသည့် ဒေသများသို့ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လှူဒါန်းလျက်ရှိ

**နေပြည်တော် ဩဂုတ် ၇**

မြန်မာနိုင်ငံတစ်ဝန်းရှိ ရေဘေးသင့်ဒေသများအတွက် ကုလသမဂ္ဂနှင့် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများက နိုင်ငံတကာမှ ကယ်ဆယ်ရေးပစ္စည်းများနှင့် အလှူငွေများလှူဒါန်းနိုင်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများကလည်း နိုင်ငံတကာ အဖွဲ့အစည်းများမှ လှူဒါန်းနိုင်ရန် ဆက်သွယ်အကြောင်းကြားခြင်း၊ နိုင်ငံတကာ တွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများမှတစ်ဆင့် လှူဒါန်းနိုင်ရန်အတွက် ဆက်သွယ်လှူဒါန်းနိုင်မည့် မြန်မာနိုင်ငံသားများ၏ အမည်စာရင်းနှင့် ဘဏ် လိပ်စာတို့ကို အကြောင်းကြားခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အလှူရှင်နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံသို့ လှူဒါန်းရာတွင် အကောက်ခွန်ကင်းလွတ်ခွင့်၊ လေယာဉ်ဆင်း သက်/ပျံသန်းခွင့်၊ လှူဒါန်းသည့် ပစ္စည်းများလွှဲပြောင်းလက်ခံခြင်း စသည့်လုပ်ငန်း စဉ်များ လွယ်ကူလျင်မြန်စေရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့က သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ဆက်သွယ်ပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

ယခုအခါ မလေးရှားနိုင်ငံ ပက်ထရိုးနက်စ် ရေနံကုမ္ပဏီက အမေရိကန် ဒေါ်လာ တစ်သိန်းခွဲ၊ ဗီယက်နမ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာဘဏ်က အမေရိကန်ဒေါ်လာ သုံးသောင်း၊ ထိုင်းနိုင်ငံ ဒုတိယဝန် ကြီးချုပ်က အမေရိကန်ဒေါ်လာ လေးထောင်၊ ဂျပန်အစိုးရက စောင်အထည် ၆၀၀၀၀၊ အိပ်ရာလိပ် ၁၀၀၀ နှင့် Plastic Sheet ၉၀၊ ဗီယက်နမ်နိုင်ငံ ရင်းနှီး မြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဘဏ်မှ အမေရိကန်ဒေါ်လာ ၂၀၀၀၀ တန်ဖိုးရှိ သောက်ရေသန့်များ၊ ထိုင်းနိုင်ငံ Cargo Myanmar Co,.Ltd မှ အထုပ်တစ်ထုပ်တွင် ငါးသေတ္တာ နှစ်ဘူး၊ ဆန် တစ်ကီလိုဂရမ်၊ ခေါက်ဆွဲခြောက် ခြောက်ထုပ်၊ စားသုံးဆီ တစ်ဘူး၊ ပါရာစီတမော ဆေးနှစ်ကတ်၊ တစ်သျှူးနှစ်ထုပ်၊ ခြင်ဆေးခွေ နှစ်ထုပ်၊ အမှိုက်အိတ် ၂၅ အိတ်တို့ပါဝင်သော အထုပ်ပေါင်း ၅၀၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

ထို့ပြင် ထိုင်းနိုင်ငံအစိုးရမှ ထိုင်းဘတ်ငွေ ငါးသန်း၊ ကမ္ဘောဒီးယားနိုင်ငံ အစိုးရမှ အမေရိကန်ဒေါ်လာ တစ်သိန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန် ပြည်နယ်အစိုးရမှ တရုတ်ယွမ် သိန်းသုံးဆယ်တန်ဖိုးရှိ ဆန်တန်ချိန် တစ်ရာနှင့် တစ်ဖာလျှင် ၁၂ ဘူးပါ ခေါက်ဆွဲဖာ တစ်သောင်း၊ နို့မှုန့်အိတ် တစ်သောင်း၊ မိုးကာတဲ တစ်ထောင်၊ ရန်ကုန်မြို့ရှိ တရုတ်သံအမတ်ကြီး H.E.Mr. Hong Liang ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့များက အစားအသောက်၊ ရေသန့်၊ အဝတ်အထည်၊ ဆေးဝါးများနှင့် ကယ်ဆယ်ရေးပစ္စည်းများ အိန္ဒိယနိုင်ငံအစိုးရ မှ ဆန်၊ ရေသန့်စင်စက်၊ ဆေးဝါး အစရှိသည့်ပစ္စည်းများ၊ အမိုးအကာတဲများ၊ မီးစက်များ၊ လှေများ၊ တာပေါ်လင်များနှင့် အခြားအထောက်အကူပြုပစ္စည်းများ၊ ဩစတြီးယားနိုင်ငံရှိ ကမ္ဘာ့အဆင့်(၁) မီးသတ်ကားများ ထုတ်လုပ်သည့် Rosenbauer International AG ကုမ္ပဏီက ယူရိုတစ်သောင်းတန်ဖိုးခန့်ရှိ Power General တစ်လုံး၊ Submerisible Pumps နှစ်လုံးနှင့် သိုးမွေးစောင် ၂၅၀ တို့ကို လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရမှ အဖွဲ့ဝင် ၁၀ ဦးပါ ဘလူးစကိုင်း ကယ်ဆယ်ရေးအဖွဲ့နှင့် စင်ကာပူ ကြက်ခြေနီအသင်းမှ အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ တန်ဖိုးရှိ အစားအစာများ၊ ခြင်ထောင်များ၊ သောက်ရေသန့်များ၊ တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများနှင့်အတူ ကယ်ဆယ်ရေးအဖွဲ့တစ်ဖွဲ့အား စေလွှတ်မည်ဖြစ်ပြီး အမေရိကန်နှင့် အစ္စရေးလ်၊ ဩစတြေးလျနိုင်ငံ၊ နော်ဝေး၊ နယူးဇီလန်တို့မှလည်း ပေးပို့လှူဒါန်းနိုင်ရန် ဆက်လက်စီစဉ်လျက်ရှိသည်။

မြန်မာနိုင်ငံအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် အိန္ဒိယနိုင်ငံအစိုးရ နှင့် ပြည်သူများက မန္တလေးတိုင်းဒေသကြီး တံတားဦးလေဆိပ်သို့ ဆန်အိတ် ၉၆၀၊ ၂၃၄ ဒသမ ၅ ကီလိုဂရမ်ရှိ ခေါက်ဆွဲခြောက်များ၊ ၁၀၈၀ ဒသမ ၅ ကီလိုဂရမ်ရှိ ဆေးဝါးမျိုးစုံကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေး လေဆိပ်သို့ ဆန်အိတ် ၁၈၀၀၊ ခေါက်ဆွဲခြောက် ၃၅ ဖာ၊ ဆေးဝါးမျိုးစုံ ၃၅ ဖာကိုလည်းကောင်း၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နှင့် ကလေးဝမြို့များအတွက် ဘီစကွတ် ၄၄ ဒသမ ၁၀ တန်၊ ဆန် ၃၇၈ဒသမ ၀၀ တန်၊ ပဲ ၅၀ ဒသမ ၄၀ တန်၊ ဆီ ၂၅ ဒသမ ၂၀ တန်၊ ဆား ၄ ဒသမ ၂၀ တန်ကိုလည်းကောင်း၊ ချင်းပြည်နယ် ဟားခါးမြို့အတွက် ဘီစကွတ် ၆ ဒသမ ၃၁၉ တန်၊ ဆန် ၅၄ ဒသမ ၁၆၂ တန်၊ ပဲ ၇ဒသမ ၂၂၂ တန်၊ ဆီ ၃ဒသမ ၆၁၁ တန်၊ ဆားသုည ဒသမ ၆၀၂ တန်ကိုလည်းကောင်း၊ ချင်းပြည်နယ် တွန်းဇံမြို့အတွက် ဘီစကွတ် သုည ဒသမ ၃၉၄ တန်၊ ဆန် ၃ ဒသမ၃၇၅ တန်၊ ပဲ သုည ဒသမ ၄၅၀ တန်၊ ဆီ သုည ဒသမ၂၂၅ တန်၊ ဆား သုည ဒသမ ၀၃၈ တန်ကိုလည်းကောင်း၊ ချင်းပြည်နယ် တီးတိန်မြို့တို့အတွက် ဘီစကွတ် သုည ဒသမ ၄၇၃ တန်၊ ဆန် ၄ ဒသမ ၀၅ တန်၊ ပဲ သုည ဒသမ ၅၄၀ တန်၊ ဆီ သုည ဒသမ ၂၇၀ တန်၊ ဆား သုည ဒသမ ၀၄၅ တန်ကို လည်းကောင်း၊ ချင်းပြည်နယ် ပလက်ဝမြို့အတွက် ဘီစကွတ် သုည ဒသမ ၅၃၄ တန်၊ ဆန် ၄ဒသမ ၆၁၇ တန်၊ ပဲ သုည ဒသမ၆၁၆ တန်၊ ဆီ သုည ဒသမ ၃၀၈ တန်၊ ဆား သုည ဒသမ ၀၅၁ တန်တို့ကို လည်းကောင်း ပေးပို့ထား ပြီး ဆက်လက်ကူညီမည်ဖြစ်ကြောင်းလည်း သိရှိရသည်။

**(သတင်းစဉ်)**

# (၄၈)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီး အစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တက်ရောက်

**နေပြည်တော် ဩဂုတ် ၇**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဩဂုတ် ၂ ရက်မှ ၆ ရက်အထိ ကျင်းပခဲ့သည့် (၄၈)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး ယနေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။

မလေးရှားနိုင်ငံ၌ ပြည်ထောင်စုဝန်ကြီးသည် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ (၄၈)ကြိမ်မြောက် အစည်းအဝေး၊ အာဆီယံအပေါင်းသုံး နိုင်ငံခြားရေးဝန်ကြီးများ၏ (၁၆) ကြိမ်မြောက် အစည်းအဝေး၊ ပဉ္စမအကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေး အဖွဲ့ဝင်နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေး၊ (၂၂)ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာဖိုရမ် ဝန်ကြီးအဆင့်အစည်းအဝေး၊ အရှေ့တောင်အာရှ အဏုမြူလက်နက်ကင်းမဲ့ဇုန်ဆိုင်ရာကော်မရှင်အစည်းအဝေးနှင့် အာဆီယံဆွေးနွေးဖက်နိုင်ငံ ၁၀ နိုင်ငံနှင့် တစ်နိုင်ငံချင်းစီကျင်းပသည့် ဝန်ကြီးအဆင့် အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

အဆိုပါအစည်းအဝေးများမှ အာဆီယံနှင့် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးသည် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျွန်ကယ်ရီနှင့်အတူ ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် အာဆီယံ-အမေရိကန်ပြည်ထောင်စု ဆွေးနွေးဖက်နိုင်ငံ ဆက်ဆံရေးတွင် ညှိနှိုင်းရေးမှူးအဖြစ် ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ အာဆီယံ-ဩစတြေးလျ ဆွေးနွေးဖက်ဆက်ဆံရေးတွင် ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်မည်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးသည် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် လူ့အခွင့်အရေးနှင့် ပတ်သက်သည့် အာဆီယံအစိုးရအချင်းချင်းဆိုင်ရာ ကော်မရှင်နှင့် တွေ့ဆုံပွဲသို့လည်း တက်ရောက်ခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် အဌမအကြိမ်မြောက် မဲခေါင်မြစ်အောက်ပိုင်းနိုင်ငံများ ကနဦးဆောင်ရွက်မှုဝန်ကြီးအဆင့် အစည်းအဝေး၊ အဌမအကြိမ်မြောက် မဲခေါင်-ဂျပန်ဝန်ကြီးအဆင့် အစည်းအဝေးနှင့် ပဉ္စမအကြိမ်မြောက် မဲခေါင်-ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးအဆင့် အစည်းအဝေးတို့ကိုလည်း တက်ရောက်ခဲ့ပြီး အဌမအကြိမ်မြောက် မဲခေါင်မြစ်အောက်ပိုင်းနိုင်ငံများ ကနဦးဆောင်ရွက်မှု ဝန်ကြီးအဆင့်အစည်းအဝေး၌ ပြန်လည်ပြုပြင်ထားသည့် ၂၀၁၆-၂၀၂၀ အကောင်အထည်ဖော်မှုစီမံကိန်းကို ထပ်လောင်းအတည်ပြုခဲ့ကြသည်။




ပြည်ထောင်စုဝန်ကြီးသည် ကွာလာလမ်ပူမြို့၌ ရှိနေစဉ် တရုတ်၊ ဩစတြေးလျ၊ တူရကီ၊ ဒီမိုကရက်တစ် ကိုရီးယားသမ္မတနိုင်ငံ၊ နော်ဝေနိုင်ငံခြားရေးဝန်ကြီးများနှင့်လည်းကောင်း၊ ဥရောပသမဂ္ဂကော်မရှင်၏ ဒုတိယဥက္ကဋ္ဌနှင့် နိုင်ငံခြားရေးနှင့် လုံခြုံရေးမူဝါဒဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်တို့နှင့်လည်းကောင်း၊ ကနေဒါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်လည်းကောင်း တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံအကျိုးတူကိစ္စများကို ဆွေးနွေးခဲ့သည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများမှ (၄၈) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ ပူးတွဲကြေညာချက်ကို ထုတ်ပြန်နိုင်ခဲ့ပြီး အီရန်အဏုမြူအစီအစဉ်၏ ပူးတွဲလုပ်ငန်းအစီအစဉ်အပေါ် အရှေ့အာရှထိပ်သီးအစည်းအဝေး အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးများ၏ ထုတ်ပြန်ချက်၊ ပင်လယ်သမုဒ္ဒရာ ပတ်ဝန်းကျင် ထိန်းသိမ်းရေးပူးပေါင်းဆောင်ရွက်ရေး အာဆီယံဒေသဆိုင်ရာဖိုရမ်ထုတ်ပြန်ချက်များအပါအဝင် အစည်းအဝေးများအပေါ် အာဆီယံဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်များနှင့် အခြားကြေညာချက်များ လုပ်ငန်းအစီအစဉ်တို့ကို ထုတ်ပြန်နိုင်ခဲ့သည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသည် အာဆီယံ ထူထောင်သည့် ၁၉၆၈ ခုနှစ်မှစတင်၍ နှစ်စဉ်ကျင်းပခဲ့သည့် အစည်းအဝေးဖြစ်ပြီး ယခုနှစ်တွင် (၄၈)ကြိမ်မြောက် ကျင်းပခြင်းဖြစ်သည်။ ယင်း အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကိုအခြေပြု၍ အာဆီယံကို အခြေခံသည့် ဒေသဆိုင်ရာအဖွဲ့အစည်းအဝေးများကိုလည်း ယင်းအစည်းအဝေးနှင့် တစ်ဆက်တစ်စပ်တည်း ကျင်းပလေ့ရှိသည်။ ယင်းအချက်သည် ဒေသတွင်းနှင့်ဒေသပြင်ပ အဖွဲ့အစည်းများအတွင်း အာဆီယံ၏ ဗဟိုအချက်အချာကျမှုကို ဖော်ပြလျက်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းမှုအား လက်ခံ

**ရန်ကုန် ဩဂုတ် ၇**

မြန်မာနိုင်ငံတစ်ဝန်းတွင် ဇွန်၊ ဇူလိုင်လများအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှု စသည့် သဘာဝဘေးအန္တရာယ်များကျရောက်ခဲ့ရာ ယနေ့တွင် ပြည်တွင်းပြည်ပမှ စေတနာရှင် အလှူရှင်များက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနသို့ လာရောက်လှူဒါန်းကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်နှင့် တိုင်းဦးစီးမှူး ဦးကြည်သာတို့က လက်ခံရယူပြီး ဂုဏ်ပြုလွှာများ အသီးသီးပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ယနေ့မွန်းလွဲပိုင်းတွင် ထိုင်းနိုင်ငံသံအမတ်ကြီး Mr.Pisanu Suvanajata ဦးဆောင်၍ ထိုင်းစစ်သံရုံးက ခေါက်ဆွဲ ၂၂ သေတ္တာ၊ PTTEP Co.,Ltd. က ပစ္စည်း ၁၀ မျိုးပါ အသင့်အသုံးပြုနိုင်သော ပစ္စည်းများ အိတ် ၅၀၀ နှင့် ရေသန့် ကတ် ၂၅၀၊ SCG Bank က ရေသန့်ဘူး ၅၀၀၀ နှင့် အသင့်အသုံးပြုနိုင်သော ပစ္စည်းများ အိတ် ၅၀၀၊ Berli Jvcker PLc, Co.,Ltd. က ဆပ်ပြာ ၁၀ ဖာနှင့် အသင့်စားသုံးရန်မုန့် ၁၀ ဖာ၊ Siam Premiere က ခြတ်မီးများ၊ ရေသန့်များ၊ ဆန်များ၊ Krvng Thai Band က ဆေးဝါးပစ္စည်းများ၊ Thai Community သံရုံးအဖွဲ့က ငွေကျပ်ခုနစ်သိန်းခုနစ်သောင်းနှင့် USD(130)၊ Tilleke and Gibbils Intrnational Ltd မှ USD 1500၊ ဆရာတော်ဦးအရိယနှင့် တပည့်သားမြေးများက ငွေကျပ်တစ်သိန်းခုနစ်သောင်း၊ ဒေါ်အေးမြင့် မိသားစု အမှတ်(၂၈၄) လမ်း(၄၀) ကျောက်တံတားမြို့နယ်က ငွေကျပ်တစ်သိန်း၊ ဦးဇော်ဖေဝင်း ပန်းတိုင်ပညာရေးဖောင်ဒေးရှင်းက ငွေကျပ်ငါးသိန်း၊ ဦးအောင်ကြည်-ဒေါ်မြသိန်းမိသားစု အထက်ပုဇွန်တောင်လမ်း မင်္ဂလာတောင်ညွန့်မြို့နယ်က ငွေကျပ်သုံးသိန်း၊ ဦးနိုင်လင်းသိန်း-ဒေါ်ခင်မာဝင်း (White Lotus Travel and Tour)က ငွေကျပ်ငါးသိန်း၊ လူမှုဝန်ထမ်းဦးစီးဌာန သက်ကြီးရွယ်အိုနေ့ပိုင်းစောင့်ရှောက်ရေးဌာန ဝန်ထမ်းများက ငွေကျပ်တစ်သိန်းငါးသောင်း၊ ဦးအောင်ဖြိုးဝင်း-ဒေါ်ယဉ်ယဉ် မိသားစု (၅၁၂) ပဒုမ္မာလမ်း ရွှေပြည်သာမြို့နယ်က ငွေကျပ်တစ်သိန်း၊ ရွှေလင်ဗန်းစက်မှုစက်ရုံက ငွေကျပ်ရှစ်သောင်း၊ ဒေါ်ခင်လှမိသားစု တိုက်(၅) ကြို့ကုန်းရိပ်သာအင်းစိန်က ငွေကျပ်နှစ်သိန်း၊ ဒေါ်စန်းစန်းဦး တိုက်(၅) ကြို့ကုန်း အင်းစိန်က ငွေကျပ်နှစ်သိန်း၊ ဒေါ်တင်မြ မိသားစု (၁၄/၆/၃၇၅) ရာဇာဒရစ်လမ်း ရွှေပေါက်ကံမြို့က ငွေကျပ်တစ်သိန်းသုံးသောင်း၊ Pin Pin Family Co.,Ltd. က ငွေကျပ် ၁၀ သိန်း၊ ဝဏ္ဏကျော်ထင် ဦးကျော်ထွန်းနိုင် (တရားသူကြီးငြိမ်း)-ဒေါ်စောသီရိသိင်္ဂီမိသားစုက ငွေကျပ် သုံးသိန်း၊ ဗိုလ်လောင်းဟိန်းထွန်း မိသားစုက ငွေကျပ်နှစ်သိန်း၊ ဦးဝင်းမောင် မိသားစု၊ ရန်ကုန်က ငွေကျပ်သုံးသောင်း၊ မမျိုးမြတ်သွယ် ရန်ကုန်မြို့က ငွေကျပ်ငါးသောင်း၊ မနှင်းအိန္ဒြေခိုင် ရန်ကုန်မြို့က ငွေကျပ်တစ်သောင်းငါးထောင်၊ မခင်သူဇာသိန်း ရန်ကုန်မြို့က ကျပ်ငါးသောင်းသုံးထောင်၊ ဒေါ်ခင်မြင့်မိသားစု (၁၃/၅၄) ဇေယျာသုခလမ်း သုဝဏ္ဏက ငွေကျပ်တစ်သိန်း၊ (4/E/4) ကုန်းမြင့်သာလမ်း၊ (၆) ရပ်ကွက် မရမ်းကုန်းမြို့နယ် မိသားစုက ငွေကျပ်နှစ်သိန်း၊ ဒုတိယဗိုလ်မှူးကြီးစိုးလှိုင်(ငြိမ်း)မိသားစုက ငွေကျပ်တစ်သိန်း၊ ဒေါက်တာသိန်းဝင်း၊ ဒေါ်ခင်ယုလွင်၊ ဒေါက်တာမျိုးမြင့်အောင် (နှင်းစန္ဒာသွားဆေးခန်း)က ငွေကျပ်တစ်သိန်း၊ ဒေါ်တင်တင်စိုးမိသားစု (၃/၁၆/၁၂၁) အာဇာနည်လမ်း ရွှေပြည်သာကငွေကျပ်ငါးသောင်း၊ ဒေါ်မမ္မစာရီ ဖေးကူပေးလှူကရုဏာဖောင်ဒေးရှင်းက ငွေကျပ်ငါးသောင်း၊ ဦးသောင်းဝင်း-ဒေါ်အေးအေးမိသားစု မြို့သစ် အင်းစိန်မြို့နယ်က ငွေကျပ်တစ်သိန်း၊ ဒေါ်ယဉ်ယဉ်ဆွေ မိသားစု (၆) ရပ်ကွက် တောင်ဥက္ကလာက ငွေကျပ်တစ်သိန်း၊ ဗိုလ်မှူးချုပ်အေဘဲလ်(ငြိမ်း)-ဒေါ်ခင်သိန့်မူ မိသားစုက ငွေကျပ်ငါးသိန်း၊ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်းက ငွေကျပ် ၁၀သိန်း၊ မြန်မာနိုင်ငံတရုတ်ကုန်သည်များအသင်းက ငွေကျပ်သိန်းတစ်ရာတန် ချက်လက်မှတ်တစ်စောင်၊ စိန်ဟုတ်ဗုဒ္ဓဘာသာ ဘုရားကျောင်းက ငွေကျပ် သိန်းတစ်ရာတန်ချက်လက်မှတ်၊ Makaysia Toh Clan ကမလေးရှားယင်းရစ် နှစ်ထောင်၊ ရန်ကုန်နိုင်ငံခြား ဘာသာတက္ကသိုလ်က ငွေကျပ်နှစ်ဆယ့်ခြောက်သိန်း၊ တေဇ(၂၀) ဒုတိယဗိုလ်မှူးကြီးစိုးနိုင်(ငြိမ်း)အဖွဲ့က ငွေကျပ်ရှစ်သိန်း၊ ဦးတင်အောင်ဝင်း ဒဿမ ညီနောင်များက ငွေကျပ်သိန်းသုံးဆယ်၊ စစ်တွေခရိုင် တမန်တိုင်းရင်းသား သာရေးနာရေးလူမှုရေးအသင်းက ငွေကျပ်သုံးသိန်း၊ ဒေါ်နီနီနှင့်သမီးများ (၂) ရပ်ကွက် ရန်ကင်းမြို့နယ်က ငွေကျပ်သုံးသောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ရွှေတောင်ကြား (၁) ဗဟန်းမြို့နယ်က ငွေကျပ်သိန်းနှစ်ဆယ်၊ ဦးအောင်နိုင် နဝဒေးရုပ်ရှင်ရုံဝင်း မရမ်းကုန်းမြို့နယ်က ငွေကျပ်တစ်သိန်း၊ ဦးစန်းမောင်-ဒေါ်လှလှရီ (၇) မိုင် မရမ်းကုန်းမြို့နယ်က ငွေကျပ်ငါးထောင်၊ San Shew Services Co.,Ltd (နဝဒေးရုပ်ရှင်ရုံ မိသားစု) မရမ်းကုန်းမြို့နယ်က ငွေကျပ်ဆယ်သိန်း၊ မိခင် ဒေါ်သန်းသန်းအတွက် ရည်စူး၍ ဒေါ်စုစုကျော်မိသားစု မရမ်းကုန်းမြို့နယ်က ငွေကျပ်သုံးသောင်း၊ City FMs (မိသားစု) ရန်ကုန်မြို့က ငွေကျပ်သိန်း ၂၀၊ ဆရာတော်ဦးအရိယနှင့် တပည့်မြေးများက သက်န်း ၁၃ စုံနှင့် အဝတ်အိတ် နှစ်အိတ်၊ ဦးဇော်ဖေဝင်း(ဥက္ကဋ္ဌ)ပန်းတိုင်ပညာရေးဖောင်ဒေးရှင်းက ဗလာစာအုပ်၊ အဝတ်အထည်နှင့် ခေါက်ဆွဲခြောက်များ၊ ဒေါ်စိန်စိန်မိသားစု (၁၀) ရပ်ကွက် တောင်ဥက္ကလာက အဝတ်အထည်များ၊ ဦးနိုင်လင်းသန်း-ဒေါ်ခင်ဇာဝင်း(White Lotus Travel and Tour) မိသားစုက အဝတ်အထည်၊ ကော်ဖီမစ်၊ ခေါက်ဆွဲခြောက်နှင့်ဆေးဝါးများ၊ လူမှုဝန်ထမ်းဦးစီးဌာန နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာဝန်ထမ်းများက အဝတ်အထည်များ၊ ဒေါက်တာရဲနိုင်ထူးမိသားစု နှင်းဆီလမ်း ရွှေပေါက်ကံက အဝတ်အထည်၊ ခေါက်ဆွဲခြောက်နှင့် စားသောက်ကုန်များ၊ ကိုဘိုဘိုဟန် ရန်ကင်းမြို့နယ်က အဝတ်အထည်များ၊ Myanmar Highland Co.,Ltd အေးရိပ်မွန်အိမ်ရာက ဆန်၊ ခေါက်ဆွဲ၊ စားသောက်ကုန်နှင့်အဝတ်အထည်များ၊ ဦးအုန်းသွင်-ဒေါ်စန်းစန်းနွယ် မိသားစု အောင်ခမ္မရိပ်သာ (၁၂)ရပ်ကွက် လှိုင်မြို့နယ်က အဝတ်အထည်များ၊ ဦးခင်မောင်ဦး-ဒေါ်သန်းသန်းစောမိသားစု သုဝဏ္ဏ သယ်န်းကျွန်းမြို့နယ်က သင်ဖြူးဖျာ၊ ပန်းကန်နှင့်အဝတ်အထည်များ၊ ဒေါ်ခင်ဝင်းဝင်းအေးနှင့် မမာရီမိသားစု ယောမင်းကြီးလမ်း ဒဂုံမြို့နယ်က အဝတ်အထည်နှင့်ခြင်ထောင်များ၊ ရွှေနဂါး(Bestster) ရေစည်ပုံးလုပ်ငန်း မြဝတီမင်းကြီးလမ်း ဒဂုံအရှေ့ပိုင်းမြို့နယ်က ရေစည် ၆၅ လုံး၊ ဇလား ၆၅ လုံး၊ ၂၂ လက်မ ရေစည် ၆၅ လုံး၊ CVT Myanmar ဗိုလ်တထောင်မြို့နယ်က ခေါက်ဆွဲ၊ ကြာဇံ၊ ဆပ်ပြာနှင့် အဝတ်အထည်များ၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်က အဝတ်အထည်များ၊ ဒေါ်ခိုင်မိမိကြည် ကုန်းမြင့်သာက အဝတ်အထည်များ၊ ဦးတင်အောင်ဝင်း ဒဿမညီနောင် စစ်တက္ကသိုလ် အပတ်စဉ်(၁၀) မိသားစုက အဝတ်အထည်များ၊ သာသနာရေးမိသားစုက အဝတ်အထည် ၂၄ အိတ်၊ စားသောက်ကုန်များ၊ ဆေးဝါး၊ ဆီနှင့် လူသုံးကုန်များ၊ ဒေါ်ခင်ထားရီက အဝတ်အထည်များဖြစ်ကြသည်။

ဩဂုတ် ၇ ရက်တွင် အထက(၁)မင်္ဂလာဒုံမှ ငွေကျပ်ခြောက်သိန်းနှင့် ရေသန့်၊ ခေါက်ဆွဲထုပ်များ၊ ဦးနိုင်ဝင်း-ဒေါက်တာပြုံးပြုံးအေး သား ဒေါက်တာငြိမ်းချမ်းအောင်၊ ဒေါက်တာချမ်းငြိမ်းရောင်၊ သမီး မခင်ယျာယျာအေး၊ ဒေါက်တာမျိုးအောင်နိုင် (ခေတ္တ USA)၊ ကပ္ပတိန်ဦးအောင်ခင်မြင့်၊ Nithi usavakul APL logistics (Myanmar Co.Ltd)က ဆန်(5kg) ၁၂ အိတ်၊ ရေသန့် ၁၂ ဖာ၊ ငါးသေတ္တာ ဘူး ၁၀၀၊ ခြတ်မီး ၁၆ ခု၊ ခြတ်ခဲ အလုံး ၁၀၀၊ ခေါက်ဆွဲခြောက် ၁၀ ဖာ၊ မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာက ငွေကျပ်တစ်သိန်း၊ ရွှေဂုံတိုင်ကလေးပြုစုရေးဌာနက ငွေကျပ်တစ်သိန်း၊ ဖြူစင်မေတ္တာအဖွဲ့က ငွေကျပ် ၃၅ သိန်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး မူလတန်းကြိုကျောင်း ၂၇ ကျောင်းက ငွေကျပ် ၁၂ သိန်း၊ ဒေါ်ကြည်ကြည်လွင် သရဖီလမ်း ရန်ကင်းက အဝတ်တစ်ထုပ်၊ ဆွေသဟာ လူမှုကူညီရေးအဖွဲ့က ငွေကျပ်လေးသိန်းငါးသောင်းနှင့် အဝတ်ကိုးအိတ်၊ ဆန်နှစ်အိတ်၊ စားသောက်ကုန်နှင့် ဆေးဝါးများ၊ ဦးတင့်နိုင် (MD) ထွန်းတင့်နိုင်ကုမ္ပဏီလီမိတက်-ဒေါ်စုစုလှိုင် (လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး)က ငွေကျပ်နှစ်သိန်း၊ ဗိုလ်မှူးကြီးလှဘူး(ငြိမ်း)နှင့် (ဒေါ်မူမူ) မိသားစု ရွှေတောင်ကြား (၁)ရပ်ကွက် ဗဟန်းမြို့နယ်က ငွေကျပ်သုံးသိန်း၊ World Vision Myanmar က P&G ရေသန့်ဆေးထုပ် ၁၀၀၀၈၀ နှင့် သုံးစွဲမှုလမ်းညွှန်များ၊ ဦးစိုးကြည်(ညွှန်ကြားရေးမှူးချုပ်) လူမှုဝန်ထမ်းဦးစီးဌာန-ဒေါ်သွဲ့သွဲ့ဝင်း မိသားစုက အဝတ်အထည်ခြောက်ထုပ်၊ ဒေါ်ယဉ်ယဉ်မြင့် မိသားစုနီလာ (၇၁၆) မြောက်ဒဂုံက အဝတ်အထည်တစ်ထုပ်၊ ဦးကျော်မြင့်-ဒေါ်သန့်သန့် (တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ) သမိုင်းက သင်္ကန်း(ဒွိစုံ) ၁၀ စုံ၊ ဖိနပ်၊ ထီး ၁၀ စုံစီ၊ ဒေါက်တာကျော်စောလင်း (Royal Youth Dynasty Co.,Ltd)က ငွေကျပ်သုံးသိန်း၊ ဦးဝင်းမြင့်အဖွဲ့ အုတ်ကျင်းဂုံနီစက်ရုံက ငွေကျပ်လေးသိန်းသုံးသောင်းနှင့် အဝတ်အထည်များ၊ ဒေါ်စန်းစန်းနု ပညာမြင့်မိုရ်ကိုယ်ပိုင်အထက်တန်းကျောင်းက ငွေကျပ် ၁၅ သိန်းတန်ဖိုးရှိ ခေါက်ဆွဲခြောက်၊ မုန့်၊ အဝတ်အထည်များ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန သုတေသနနှင့် တီထွင်စမ်းသပ်မှုဦးစီးဌာနက ငွေကျပ် ၃၆၃၅၀၀၊ သာသနာရေးနှင့် ဝိနိစ္ဆယဌာနခွဲ ကမ္ဘာအေး ကစားသောက်ကုန်၊ အဝတ်အထည်နှင့် ဆေးဝါးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး Mr. Gautam Mukhopadhaya က တန်ဖိုး ၃၅ သိန်းရှိ ဆေးခုနစ်မျိုး၊ ခေါက်ဆွဲခြောက် ထုပ် ၆၀၀၊ ဆန် ၄၄ အိတ်၊ ဘီစကွတ် ငါးဖာ၊ အဝတ်အထည်များ၊ ခေါက်ဆွဲခြောက်များ၊ မုန့်များ၊ The Indian Women Association က ငွေကျပ်သုံးသိန်းငါးသောင်း၊ မြင့်မြတ်တော်ဝင်ဆေးရုံမှ လူနာများ၊ ဆရာဝန်များနှင့် ဝန်ထမ်းများက ငွေကျပ်တစ်သိန်း၊ ကန်တော်လေးထီးတန်းခမ္မာရုံက ငွေကျပ်သုံးသိန်းတစ်ထောင်တို့ကို လှူဒါန်းကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေးလုပ်ငန်းများကို ပုဂ္ဂလိကပိုင်လေယာဉ်များဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိ

မန္တလေး ဩဂုတ် ၇

**မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်၁၄ခုအနက် ၁၁ခုတွင် ရေကြီးရေလျှံမှုဖြစ်စဉ်များကြောင့် ပြည်သူများ ရေဘေးဒဏ်ခံစားခဲ့ရပြီး အထူးသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ရေဘေးဒဏ်ပိုမိုခံစားခဲ့ရသည်။**

**အဆိုပါရေဘေးသင့်ပြည်သူများအား နိုင်ငံတော်အစိုးရက ဘက်စုံထောင့်စုံမှ ကယ်ဆယ်ရေးနှင့်ကူညီထောက်ပံ့ရေးလုပ်ငန်းများဆောင်ရွက်ပေးနေပြီး ရေဘေးဒဏ်ကြောင့် လမ်းပန်းဆက်သွယ်ရေးပြတ်တောက်သွားသည့် မြို့များသို့တပ်မတော်ရဟတ်ယာဉ်များဖြင့် ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်ပေးသကဲ့သို့ ပြည်သူများကလည်း လူသားချင်းစာနာသောစိတ်များဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိရာ ပုဂ္ဂလိကလေကြောင်းလိုင်းများကလည်း ပုဂ္ဂလိကပိုင်လေယာဉ်များဖြင့် ရေဘေးသင့်ပြည်သူများအတွက် တတ်စွမ်းသမျှကူညီဆောင်ရွက်ပေးလျက်ရှိခြင်းကြောင့် အဆိုပါလေကြောင်းလိုင်းများမှ ရေဘေးသင့်ဒေသများသို့သွားရောက်ကူညီကယ်ဆယ်နေသည့် လေယာဉ်မှူးများအား ၎င်းတို့၏ ရင်တွင်းခံစားချက်များကို မေးမြန်းခဲ့ပါသည်-**

**ဦးဇော်ဟိန်း(လေယာဉ်မှူး-မြန်မာ့အမျိုးသားလေကြောင်း)**

ကျွန်တော်တို့အခုကူညီကယ်ဆယ်ရေးဆောင်ရွက်ပေးနေတဲ့ (Cessna Grand Caravan EX) လေယာဉ်တွေဟာ မန္တလေးချမ်းမြသာစည်လေဆိပ်မှာအခြေစိုက်ပြီး ပုံမှန်ခရီးစဉ်တွေ၊ အထူးခရီးစဉ်တွေကိုပြေးဆွဲတဲ့



**ဦးဇော်ဟိန်း(လေယာဉ်မှူး-မြန်မာ့အမျိုးသားလေကြောင်း)**

လေယာဉ်ဖြစ်ပါတယ်။ အခုရေကြီးရေလျှံတဲ့ကောလင်း၊ဝန်းသိုနဲ့ချင်းပြည်နယ်တွေ ရေကြီးရေလျှံမှုတွေဖြစ်တဲ့အခါမှာ လေကြောင်းခရီးအရ အနီးဆုံး ပို့ဆောင်ပေးနိုင်တဲ့နေရာလေးဖြစ်နေတယ်။ ဒီလိုအချိန်မှာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနဲ့ မြန်မာ့အမျိုးသားလေကြောင်းလိုင်းက CEO တို့ရဲ့ ညွှန်ကြားချက်အရ ရေဘေးသင့်ဒေသတွေအတွက် ကူညီကယ်ဆယ်ရေးပစ္စည်းတွေကို အခမဲ့သယ်ယူပို့ဆောင်ပေးဖို့ညွှန်ကြားချက်အရ အခုလိုဆောင်ရွက်နေတာဖြစ်ပါတယ်။ မန္တလေးချမ်းမြသာစည်လေဆိပ်ကနေ သယ်ယူပို့ဆောင်ရေးဆောင်ရွက်ပေးနေတဲ့ (Cessna Grand Caravan EX) လေယာဉ်က လေယာဉ်ငယ်တွေဖြစ်တဲ့အတွက် ပစ္စည်းအနည်းငယ်ပဲသယ်နိုင်ပါတယ်။ ဒါကြောင့် ရေဘေးသင့်ဒေသအတွက် ဆေးဝါးနဲ့ပေါ့ပါးတဲ့အသင့်စားအစားအစာတွေပဲ သယ်ပေးခဲ့ပါတယ်။ ဩဂုတ် ၂ရက်ကနေဒီနေ့အထိ မန္တလေး-ကလေးခရီးစဉ်မှာ ၁၃ ခေါက်မောင်းပို့ခဲ့ပါပြီ။ ပို့ဆောင်ခဲ့ရတဲ့ခရီးစဉ်တွေမှာမြင်တွေ့ခဲ့ရတာတွေကတော့ ရွာတွေ၊ မြို့တွေမှာရေတွေဝိုင်းပြီးဒေသခံတွေဒုက္ခရောက်နေကြတာကိုတွေ့ရပါတယ်။ ကုန်းလမ်းခရီးတွေ ပြတ်တောက်ပြီး ဒုက္ခရောက်နေတဲ့ရေဘေးသင့်ပြည်သူတွေအတွက် အများပြည်သူတွေက လှူဒါန်းတဲ့ပစ္စည်းတွေအပြင် ကိုယ်တိုင်လှူဒါန်းတဲ့ ကူညီကယ်ဆယ်ရေးပစ္စည်းတွေကို လေကြောင်းကနေပို့ဆောင်ပေးရာမှာ ကိုယ်တိုင်ပါဝင်ခွင့်ရတဲ့အတွက် ဂုဏ်လည်းယူမိပါတယ်။ ဝမ်းလည်းဝမ်းသာပါတယ်။

**ဦးကျော်ဆန်းဝင်း(လေယာဉ်မှူး-မန်းရတနာပုံလေကြောင်း)**

ရေဘေးသင့်ပြည်သူတွေနဲ့ပတ်သက်ပြီးတော့ သွားလာရေးခက်ခဲတဲ့နေရာတွေကိုပို့ဆောင်ရာမှာ ကျွန်တော်တို့ လေကြောင်းလိုင်းက ပါဝင်ခဲ့တယ်။ ထောက်ပံ့ပစ္စည်းတွေကိုကလေးမြို့အပြင် မကွေးမြို့ကိုလည်းပို့ဆောင်



**ဦးကျော်ဆန်းဝင်း(လေယာဉ်မှူး-မန်းရတနာပုံလေကြောင်း)**

ပေးပြီးတစ်နေ့ကိုလေယာဉ်နှစ်စင်းနဲ့ နှစ်ခေါက်ပို့ဆောင်ပေးပါတယ်။နောက်ပိုင်းစစ်တွေမြို့အထိလိုက်လံကူညီပေးမှာပါ။ ရေဘေးသင့်ဒေသဖြစ်တဲ့ကလေးမှာဆို တပ်မတော်လေယာဉ်တွေရော နိုင်ငံတကာလေယာဉ်တွေပါ လာရောက်ကူညီနေတဲ့အတွက် ရပ်နားဖို့နေရာအခက်အခဲရှိတယ်။ ကုန်တွေကလည်းအများကြီးဆိုတော့ကုန်တင်ကုန်ချ အနည်းဆုံးတစ်နာရီလောက်ကြာတယ်။ ကျွန်တော်တို့လေယာဉ်တွေကခရီးသည်တင်ဖို့ တည်ဆောက်ထားတာပါ။ မြန်မာနိုင်ငံရဲ့အရေးပေါ်အချိန်မှာကုန်တွေတင်ရတဲ့အတွက် တကယ်တမ်းပြောရရင် အန္တရာယ်များပါတယ်။ ကျွန်တော်တို့လေယာဉ်မှူးတွေအားလုံးကတော့ ဒီလိုကူညီခွင့်ရတဲ့အတွက် ပျော်ကြပါတယ်။ တတ်စွမ်းတဲ့ပညာနဲ့ လှူဒါန်းတဲ့ပစ္စည်းတွေကိုလက်ခံတယ်။ ပြီးရင် လိုအပ်တဲ့နေရာကို အနီးစပ်ဆုံးပို့ဆောင်နိုင်တယ်။ ပီတိဖြစ်ရပါတယ်။ ရေဘေးသင့်ပြည်သူတွေရှိတဲ့တချို့နေရာတွေကို တိုက်ရိုက်မရောက်နိုင်တဲ့နေရာတွေလည်းရှိတယ်။ ဒါကြောင့် အခက်အခဲတချို့ရှိရင်လည်း ခွင့်လွှတ်ပေးပါလို့ပြောချင်ပါတယ်။ အလှူရှင်တွေကလည်း ကျွန်တော်တွေ့ရသလောက် ကြက်သီးထလောက်အောင်ကို လှူကြပါတယ်။ အလှူရှင်တွေကလည်း လှူနိုင်ကြသလိုကျွန်တော်တို့လေကြောင်းလိုင်းတွေကလည်း အလှူပစ္စည်းတွေကို လိုအပ်တဲ့နေရာကို အမြန်ဆုံးရောက်ရှိအောင် ပို့ဆောင်ပေးသွားမှာဖြစ်ပါတယ်။

**ဦးသိန်းဝင်းရွှေ(လေယာဉ်မှူး-အဲကမ္ဘောဇလေကြောင်း)**

ကျွန်တော့်လုပ်သက်နှစ်၃၀ကျော်အတွင်း တပ်မတော်မှာ၂၃နှစ်တာကာလထမ်းဆောင်ခဲ့တဲ့အတွင်းမှာလည်း ဒီလိုပြည်သူတွေအတွက် ပရဟိတလုပ်ငန်းတွေ ဆောင်ရွက်ဖူးပါတယ်။ အခု ဒီလေကြောင်းလိုင်းမှာ ငါးနှစ် တာဝန်ထမ်းဆောင်တဲ့အချိန်မှာ အခုလိုပါဝင်ကူညီဆောင်ရွက်ခွင့်ရတာကျေနပ်ပါတယ်။ ဒီလိုအချိန်



**ဦးသိန်းဝင်းရွှေ(လေယာဉ်မှူး-အဲကမ္ဘောဇလေကြောင်း)**

မှာပြည်သူအားလုံးက စည်းစည်းလုံးလုံးနဲ့ဝိုင်းဝန်းကူညီနေတာတွေ့ရတော့ အံ့ဩဝမ်းသာမိပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း လှူဒါန်းခဲ့သလို ကျွန်တော်တို့လေကြောင်းလိုင်းတွေအားလုံးကလည်းပါဝင်ကူညီခွင့်ရခဲ့ပါတယ်။ ကလေးမြို့ကို အများဆုံးပို့ရပြီး စစ်တွေမြို့ကိုလည်း ပို့ပေးနေပါပြီ။ စဖြစ်ဖြစ်ချင်းမှာ ကျွန်တော်တစ်ယောက်တည်းတစ်နေ့ကို သုံးခေါက်ပို့ရတဲ့ရက်တွေ ရှိခဲ့တယ်။ ပုံမှန်တော့ နှစ်ခေါက်ပို့ရတယ်။ အခု၆ရက်အတွင်းမှာ စုစုပေါင်းအခေါက် ၂၀ နည်းပါးပို့ပေးပြီးပါပြီ။ နောက်ထပ်ပို့ပေးဖို့လည်း အဆင်သင့်ဖြစ်နေပါတယ်။အခက်အခဲကတော့များများပို့ချင်ပေမယ့် ကုန်တင်ယာဉ်မဟုတ်တဲ့အတွက် လူစီးထိုင်ခုံတွေကိုဖြုတ်ပြီးတင်ရတဲ့အတွက် ကုန်ပါသင့်သလောက်မပါခဲ့ပါဘူး။ ဒါကြောင့် ကုန်တင်ယာဉ်တွေ လိုအပ်ပါတယ်။ ရေဘေးသင့်ပြည်သူတွေကို ပြောချင်တာကတော့ တစ်နိုင်ငံလုံး ဝိုင်းဝန်းကူညီနေကြတဲ့အတွက် စိတ်ဓာတ်မကျဖို့ပြောလိုပါတယ်။ အလှူရှင်တွေကလည်း လှူနိုင်သလောက်လှူပေးဖို့နဲ့ ကျွန်တော်တို့လေကြောင်းလိုင်းတွေကလည်း အမြန်ဆုံးပို့ဆောင်ပေးသွားမှာပါလို့ ပြောချင်ပါတယ်။

**ဦးအောင်မင်းဆွေ (ဌာနခွဲမန်နေဂျာ(မန္တလေး)-မြန်မာ့အမျိုးသားလေကြောင်း)**

ရေဘေးသင့်ပြည်သူတွေအတွက် ကူညီကယ်ဆယ်ရေးပစ္စည်းတွေကို ကျွန်တော်တို့ မြန်မာ့အမျိုးသားလေကြောင်းက ဩဂုတ် ၁ ရက် ညနေပိုင်းကစပြီး ပထမဦးဆုံးအခမဲ့ ကူညီပို့ဆောင်ပေးခဲ့ပါတယ်။မြန်မာ့အမျိုးသားလေကြောင်းလိုင်းအနေနဲ့ မန္တလေးချမ်းမြသာစည်လေဆိပ်ကနေ (Cessna Grand Caravan EX) လေယာဉ်တစ်စင်း၊ တံတားဦးအပြည်ပြည်ဆိုင်ရာ လေဆိပ်ကနေ ATR -72 လေယာဉ် တစ်စင်းနဲ့ ကူညီကယ်ဆယ်ရေးပစ္စည်းတွေ အခမဲ့ပို့ဆောင်ပေးခဲ့ပါတယ်။ (Cessna Grand Caravan EX ) လေယာဉ်က လေယာဉ်ငယ်ဖြစ်တဲ့အတွက် ဆေးပစ္စည်း၊ Life jacket တွေနဲ့အသင့်စားအစားအစာတွေကို အဓိကပို့ဆောင်ပေးပါတယ်။ ကလေးမြို့ဝန်းကျင်ကိုသွားရောက်သတင်းရယူကြမယ့် မီဒီယာသမားတွေနဲ့ကုသိုလ်ရှင်တွေကိုလည်း ပို့ဆောင်ပေးခဲ့ရပါတယ်။ မြန်မာ့အမျိုးသားလေကြောင်းလိုင်းကနေ ကူညီကယ်ဆယ်ရေးပစ္စည်းတွေကို ကလေးမြို့အရောက် အခမဲ့ပို့ဆောင်ပေးနေတာကြောင့် ပို့ဆောင်လှူဒါန်းလိုသူစေတနာရှင်တွေ ကုမ္ပဏီတွေနဲ့အဖွဲ့အစည်းတွေက လာရောက်ဆက်သွယ်ကြပေမယ့်ကျွန်တော်တို့လေယာဉ်တွေမှာ တင်နိုင်တဲ့အလေးချိန်ကန့်သတ်ချက်ရှိတာကြောင့် တစ်ဦးစီကလှူဒါန်းတဲ့ပစ္စည်းတွေကိုအချိုးကျခွဲပြီးပို့ဆောင်ပေးခဲ့ပါတယ်။ ဆေးဝါးပစ္စည်းတွေ ဆိုရင်တော့ ဦးစားပေးအနေနဲ့ပို့ဆောင်ပါတယ်။ အဓိကစားကုန်ဖြစ်တဲ့ဆန်ကိုပို့ပေးချင်ပေမယ့် အလေးချိန်များတာကြောင့် ကန့်သတ်ချက်နဲ့ပဲ ပို့ပေးနေရပါတယ်။အခုချိန်မှာATR-72နဲ့ ၃၁.၅ တန်၊ Cessna Grand Caravan EX ) လေယာဉ်နဲ့၂ တန် စုစုပေါင်း ၃၃တန်ကျော်ပို့ဆောင်ပြီးဖြစ်ပါတယ်။ အခြားလေကြောင်းလိုင်းတွေဖြစ်တဲ့ Air KBZ၊ GMA၊ မန်းရတနာပုံနဲ့ Air Bagan လိုင်းတွေကလည်း ရေဘေးသင့်ပြည်သူတွေအတွက် ပို့ဆောင်ပေးနေတာကြောင့်



**ဦးအောင်မင်းဆွေ (ဌာနခွဲမန်နေဂျာ(မန္တလေး)-မြန်မာ့အမျိုးသားလေကြောင်း)**

ရေဘေးသင့်ဒေသတွေမှာ ထိုက်သင့်တဲ့ လုံလောက်မှုရှိနေပြီလို့ထင်ပါတယ်။ အခုလို အခမဲ့ပို့ဆောင်ပေးနေခြင်းအတွက် မြန်မာ့အမျိုးသားလေကြောင်းလိုင်းမှာ ရက်ကန့်သတ်ထားတာမျိုး မရှိသေးပါဘူး။

**ဦးနိုင်ထွန်း(ဒုလေယာဉ်မှူးကြီး-မြန်မာ့အမျိုးသားလေကြောင်း)**

ဒီလေကြောင်းလိုင်းမှာလုပ်ခဲ့တဲ့ နှစ်နှစ်တာကာလအတွင်းမှာ အခုမှ ပရဟိတလုပ်ငန်းမှာပါဝင်ကူညီခွင့်ရခဲ့တာပါ။ ရေဘေးသင့်ပြည်သူတွေ အခက်အခဲဖြစ်နေတာကို ကိုယ်တိုင်မြင်တွေ့ရတဲ့အတွက် အလွန်စိတ်မကောင်းဖြစ်ရပါတယ်။ ဒါကြောင့် ကိုယ်တိုင်လှူဒါန်းတဲ့အပြင် အခုလိုလေကြောင်းနဲ့ထောက်ပံ့ပစ္စည်းတွေကို ပို့ဆောင်ပေးခွင့် ရတာကိုအခွင့်ထူးတစ်ရပ်အနေနဲ့ ဂုဏ်ယူမိပါတယ်။ လေယာဉ်ဆင်းလို့ရတဲ့ဒေသတွေအားလုံးကို သွားရောက်ပို့ဆောင်ပေးနေပါတယ်။ လက်ရှိမှာကျွန်တော်ကတော့ မန္တလေးကနေကလေးကို ပို့ဆောင်ပေးနေပါတယ်။ ရန်ကုန်ကနေလည်း စစ်တွေကို ကျွန်တော်တို့လေကြောင်းလိုင်းက ပို့ဆောင်ပေးနေပါတယ်။ မကွေးကိုလည်း လိုအပ်ရင်ပို့ဆောင်ဖို့စီစဉ်နေပါတယ်။ စပြီးပို့တဲ့အချိန်မှာတော့ ပစ္စည်းတွေကိုခရီးသည်တွေရဲ့ထိုင်ခုံကြားမှာထားပြီးခရီးသည်တွေနဲ့ အတူပို့ပေးပါတယ်။ နောက်ပိုင်းတဖြည်းဖြည်းပစ္စည်းတွေများလာတဲ့အတွက် ၆ရက်ကနေစပြီး ထိုင်ခုံတွေအားလုံးဖြုတ်ပြီးပစ္စည်းတွေကိုပဲ သီးသန့်ပို့ပေးပါတယ်။တစ်နေ့ကို ကျွန်တော်တို့လေကြောင်းလိုင်းအနေနဲ့ သုံးခေါက်ကနေ လေးခေါက်ကြားပို့ပေးပါတယ်။ တစ်ခေါက်ကိုလေးတန်ကျော် လောက်ပို့ဆောင်ပေးပါတယ်။ အဓိက ဆန်ရယ်၊ ရေသန့်ဘူးရယ်၊ အဝတ် အထည်တွေနဲ့ဆေးဝါးတွေ အများဆုံး ပါဝင်ပါတယ်။ အလှူရှင်တွေအနေနဲ့လည်း လှူနိုင်သလောက်လှူဒါန်းပေးကြပြီး လှူဒါန်းသမျှပစ္စည်းတွေကို ကျွန်တော်တို့လေကြောင်းလိုင်းကလည်း ရေဘေးသင့် ပြည်သူတွေလက်ထဲကိုအတတ်နိုင်ဆုံးပို့ဆောင်ပေးသွားမှာပါ။



**ဦးနိုင်ထွန်း(ဒုလေယာဉ်မှူးကြီး-မြန်မာ့အမျိုးသားလေကြောင်း)**

**မင်းထက်အောင်(မန်းကိုယ်ပွား)၊ အေးမြ(မန္တလေး)**



**မြန်မာအမျိုးသမီးလက်ရွေးစင် ဘောလုံးအသင်းသည် ဩဂုတ် ၆ ရက်က မန္တလေးအဆင့်မြင့်ဈေးချို၌ မြစ်ရေဝင်ရွှေ့ပြောင်းပြည်သူများအတွက် သွားရောက်အလှူခံကြရာ ဈေးချိုသူ ဈေးချိုသားများက အလှူငွေများနှင့် လူသုံးကုန်ပစ္စည်းများကို စေတနာထက်သန်စွာဖြင့် လှူဒါန်းကြစဉ်။**

တင်မောင်(မန်းကိုယ်ပွား)

ပြည်တွင်းရေးရာ

# မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို) မကွေးတိုင်းဒေသကြီးမှ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများလှူဒါန်း

**မကွေး ဩဂုတ် ၇**

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို)က မကွေးတိုင်းဒေသကြီး အတွင်း ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ နှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းမှုကို တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ထိုသို့ လှူဒါန်းရာတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းနာယက ဒေါ်ထွေးထွေးညွန့်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းသည့် အလှူငွေနှင့် လှူဒါန်းပစ္စည်းများကို မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနာယက ဒေါ်စမ်းစမ်းမြင့်က လက်ခံရယူသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင် ဒေါက်တာဒေါ်ခင်သီသီထွန်းက ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးအသိပညာပေးခြင်း၊ကိုယ်ဝန်ဆောင်မိခင်များ အရေးပေါ်မီးဖွားနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိခြင်းကို ဆက်လက်ပြောကြားသည်။

ဆက်လက်ပြီးပွင့်ဖြူမြို့နယ် မန်းကျိုးကျေးရွာ ညောင်ဇင်ဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းသို့ရောက်ရှိကာ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး အဝတ်အစားနှင့် အသုံးအဆောင်ပစ္စည်းများကို ပေးအပ်သည်။ ယင်းကယ်ဆယ်ရေးစခန်းတွင် ကိုယ်ဝန်ဆောင်မိခင် ရှစ်ဦးရှိနေသဖြင့် ကိုယ်ဝန်ဆောင်မိခင်များ အရေးပေါ် မီးဖွားစဉ်သုံးစွဲရမည့် ပစ္စည်းများကိုလည်း ပေးအပ်ခဲ့သည်။ ယင်းစခန်းတွင် ကိုယ်ဝန်ကိုးလရှိသည့် နိဗန်ကျွန်းကျေးရွာမှကိုယ်ဝန်ဆောင်မိခင်မနွယ်နွယ်ဦးက"ကျွန်မ ကိုယ်ဝန်ကိုးလရှိပြီဆိုတော့ မွေးဖွားဖို့အတွက် စိုးရိမ်နေတာပါ။ ကိုယ့်အိမ်လည်း မပြန်နိုင်ဘူး။ ဆေးရုံလည်းမသွားနိုင်ဘူးဆိုတော့ အခက်တွေ့နေတာ။ အလှူရှင် နှစ်ဖွဲ့၊သုံးဖွဲ့လောက်တော့ လာပါတယ်။ စားစရာတွေ ထောက်ပံ့ပါတယ်။ အခုလို ကျွန်မတို့ကိုယ်ဝန်ဆောင်တွေအတွက် အလေးထားပြီး ကျန်းမာရေးစောင့်ရှောက်မှုအပြင် အရေးပေါ်သုံးပစ္စည်းတွေပါ ထည့်ပေးထားပြီး လှူဒါန်းလို့ အလွန်ကိုကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

ညောင်ဇင်ဘုန်းတော်ကြီးကျောင်း ကယ်ဆယ်ရေးစခန်းတွင် ရေဘေးသင့်ပြည်သူ ၂၈၇ ဦးရှိပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့်အခြားအလှူရှင်များကလည်း ထောက်ပံ့လှူဒါန်းလျက်ရှိကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**



# ယူနန်ပြည်နယ်အစိုးရ၏ ထောက်ပံ့ရေးပစ္စည်းများ မန္တလေးမြို့သို့ရောက်ရှိ

**မန္တလေး ဩဂုတ် ၇**

မြန်မာနိုင်ငံတစ်ဝန်း ဇူလိုင်လနှောင်းပိုင်းက မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သော ဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် တရုတ်နိုင်ငံ ယူနန်ပြည်နယ်အစိုးရက ထောက်ပံ့လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်လာသောယာဉ်တန်းသည် မန္တလေးမြို့ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ဗဟိုသိုလှောင်ရုံသို့ ယနေ့ညနေ ၄ နာရီက ရောက်ရှိခဲ့သည်။

ထို့နောက် ရေဘေးသင့်ပြည်သူများထံ ထောက်ပံ့ရေးပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့်စီးပွားရေးရာဝန်ကြီးဦးအောင်ဇံနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျံတို့က အမှာစကားပြောကြားပြီး ယူနန်ပြည်နယ် အစိုးရအဖွဲ့ ဒုတိယအတွင်းရေးမှူး Mr.Pu Jianhui က လှူဒါန်းရခြင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး တရုတ်နိုင်ငံ ယူနန်ပြည်နယ်အစိုးရက လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများဖြစ်သည့် ဆန်တန်ချိန် ၁၀၀ ၊ ခေါက်ဆွဲခြောက် ဖာ ၁၀၀၀၀၊ မိုးကာတဲ ၁၀၀၀ ၊ နို့မှုန့်ဖာ ၅၀၀ စုစုပေါင်း ယွမ် ၂၄၁၀၀၀၀ တန်ဖိုးရှိ ပစ္စည်းများကို ယူနန်ပြည်နယ်အစိုးရအဖွဲ့ ဒုတိယအတွင်းရေးမှူး Mr.Pu Jianhui က ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ခိုင်က လက်ခံရယူသည်။

အဆိုပါ ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်လာသော ယာဉ်တန်းသည် ၁၄ စီးရှိပြီး ကား ၁၁ စီးဖြင့် တင်ဆောင်လာသော ဆန်၊ ခေါက်ဆွဲခြောက်၊ နို့မှုန့်တို့ကို မန္တလေးမြို့ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ဗဟိုသိုလှောင်ရုံ(မြို့ဟောင်း)မှာပင် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်တို့က ကုန်သိုလှောင်ရုံ ဂိုဒေါင်အမှတ်(၅)အတွင်းသို့ ချပေးကြပြီး ကျန်ကားသုံးစီးဖြင့် တင်ဆောင်လာသော မိုးကာတဲ ၁၀၀၀ အား မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ တိုက်ရိုက်သွားကာ ကလေးဒေသရှိ ရေဘေးသင့်ပြည်သူများသို့ လေယာဉ်ဖြင့် ချက်ချင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **(ထွန်းထွန်းနိုင်- ကျောက်ဆည်)**




# အိန္ဒိယတပ်မတော်မှ ကလေးဒေသ ရေဘေးသင့်ကျေးရွာများအတွက် ထောက်ပံ့ရေးပစ္စည်းများ စတုတ္ထအကြိမ်လာရောက်လှူဒါန်း

**ကလေး ဩဂုတ် ၇**

အိန္ဒိယနိုင်ငံမှ ကယ်ဆယ်ရေးပစ္စည်းများ သယ်ဆောင်လာသည့် လေယာဉ်သည် ယနေ့ ညနေ ၅နာရီ ၅ မိနစ်က ကလေးမြို့သို့ စတုတ္ထအကြိမ်အဖြစ် ထပ်မံရောက်ရှိလာပြီး ဆန် ၃၁၅ အိတ်၊ဆေးပစ္စည်း ၇၄ ဖာ သယ်ဆောင်လာပြီး ကလေးမြို့ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်အောင်သူနှင့် တာဝန်ရှိသူများက ကြိုဆိုလက်ခံကြသည်။ အဆိုပါပစ္စည်းများအား ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်မောင်းက လက်ခံရယူခဲ့သည်။

ယနေ့တွင် ကလေးမြို့သို့ အိန္ဒိယနိုင်ငံမှပေးပို့သည့် ရေဘေးသင့်ကယ်ဆယ်ရေးပစ္စည်း စုစုပေါင်းမှာ ဆန် ၈၉၅ အိတ်၊ ခေါက်ဆွဲခြောက် ၃၅ ဖာနှင့် ဆေးပစ္စည်း ၇၄ ဖာ တို့ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရေကြီးနစ်မြုပ် ရထားသံလမ်း/တံတားများ ဆက်လက်ပြုပြင်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၇**

မြန်မာ့မီးရထား တိုင်းအမှတ်(၉) ပုသိမ်-ဟင်္သာတ-ကြံခင်း လမ်းပိုင်း၊ ဒါးက-ဂုံမင်းကြား မိုင် (၁၆၆/၁၄-၁၈) နှင့်(၁၆၈/၅-၉) တို့တွင် သံလမ်းပေါ်သို့ကိုးလက်မခန့် ရေကျော်ခြင်းနှင့် ဒါးက-ဘဲဂရက် ဘူတာကြား မိုင် (၁၇၁/၃-၆) တွင်သံလမ်းပေါ်သို့ ခုနစ်လက်မခန့် ရေကျော်ခြင်းများကြောင့် ဒါးက-ဂုံမင်းရထားလမ်းပိုင်းအား ဩဂုတ် ၆ ရက် နံနက် ၁၀ နာရီတွင် လည်းကောင်း၊ ဒါးက-ဘဲဂရက်ရထားလမ်းပိုင်းအား ယင်းနေ့ ညနေ ၃ နာရီခွဲတွင် လည်းကောင်း အသီးသီးပိတ်ထားခဲ့သည်။ လမ်းပိုင်းပိတ်ထားစဉ်အတွင်း ပုသိမ်-ဟင်္သာတ-ကြံခင်း ပြေးဆွဲသော အမှတ် (၁၈၁) အဆန်နှင့် (၁၈၂)အစုန် ရထားများကို ဟင်္သာတ-ကြံခင်း-ဟင်္သာတ ခရီးစဉ်အဖြစ် ဩဂုတ် ၇ရက်မှစ၍ နေ့စဉ်ပြေးဆွဲမည်ဖြစ်ပြီး အမှတ် (၁၈၅) အဆန်နှင့် (၁၈၆) အစုန်ရထားများကို ကြံခင်း-အသုတ် ခရီးစဉ်အဖြစ် ရက်ခြားပြေးဆွဲမည်ဖြစ်သည်။ ထို့နည်းတူစွာ ပုသိမ်-ဟင်္သာတပြေးဆွဲသော အမှတ် (၁၈၇) အဆန်နှင့် (၁၈၈) အစုန်ရထားများကို ဟင်္သာတ-အသုတ်- ဟင်္သာတခရီးစဉ်အဖြစ် နေ့စဉ်ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့မီးရထား တိုင်းအမှတ် (၂) ရွာထောင်-ချောင်းဦးလမ်းပိုင်း၊ ညောင်ပင်ဝန်း-တရော် ဘူတာကြား မိုင် (၄၁၃/၁၆-၁၇) ရှိတံတားအမှတ် (၃၄)တွင် ဖားထပ်ခွေခြင်း၊ သံလမ်းသံပေါင်ထည့်သွင်းခြင်း လုပ်ငန်းများဆောင်ရွက်ပြီးဖြစ်၍ အဆိုပါလမ်းပိုင်းအား ဩဂုတ် ၆ရက် ညနေ ၅ နာရီ မိနစ် ၂၀တွင် ပြန်လည်ဖွင့်လှစ်ခဲ့ပြီး မန္တလေး-မုံရွာသို့ အမှတ် (၁၂၃)အဆန်နှင့် (၁၂၄) အစုန်ရထားများသည်လည်းကောင်း၊ မန္တလေး-ပခုက္ကူသို့ အမှတ် (၁၃၅) အဆန်နှင့် (၁၃၆) အစုန် ရထားများသည်လည်းကောင်း ဩဂုတ် ၇ရက်မှစ၍ မူလခရီးစဉ်များအတိုင်း ပြန်လည်ပြေးဆွဲလျက်ရှိကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှသိရသည်။ **(ကြေးမုံ)**

# ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်
## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းအသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့်ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူအမည်ပြောင်းလျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများဖြင့် စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ဩဂုတ် ၇ ရက်က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ထုတ်ဝေသက်တမ်းတိုးနှစ်ဦး၊ ပုံနှိပ်လုပ်ငန်းအသစ်လျှောက် ၁၁ ဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ ဂျာနယ်ထုတ်ဝေခွင့် ခြောက်ဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့်ခြောက်ဦး၊ အထွေထွေထုတ်ဝေခွင့် ၁၃ ဦးနှင့် ပေါင်းလုပ်ငန်းအသစ် ၂၅ ဦးတို့အားလည်းကောင်း၊ ပုံနှိပ်သူအမည်ပြောင်းတစ်ဦး၊ ပုံနှိပ်လုပ်ငန်းလိပ်စာပြောင်းနှစ်ဦး၊ ဂျာနယ်လိပ်စာပြောင်းလေးဦး၊ စာပေတိုက်အမည်ပြောင်းတစ်ဦးတို့အားလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး ၁၀၃၁ ဦးနှင့် အသစ်လျှောက်ထားသူ ၂၂၀ ၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး ၉၈၈ ဦးနှင့် အသစ်လျှောက်ထားသူ ၅၀၇ ဦး၊ သတင်းအေဂျင်စီလုပ်ငန်း အသစ်လျှောက်ထားသူ ၁၇ ဦး၊ စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ၂၇၆၃ စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ဂျာနယ်ထုတ်ဝေခွင့်အသစ်လျှောက်ထားသူတစ်ဦးနှင့် ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူတစ်ဦးတို့ကို အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

ပြည်တွင်းရေးရာ

# ရေဘေးကယ်ဆယ်ရေးအတွက် အနုပညာရှင်များ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်

သတင်း၊ ဓာတ်ပုံ - ဇော်ကြီး(ပဏ္ဍိတ)



ရန်ကုန် ဩဂုတ် ၇

**သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသရှိ ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးနိုင်ရန် တစ်နိုင်ငံလုံးအင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ အနုပညာရှင်များ၏ ပူးပေါင်းဆောင်ရွက်နေမှုကိုလည်း ယခုရက်ပိုင်းအတွင်း ပိုမိုတွေ့မြင်ရသည်။**

သရုပ်ဆောင် ဝေဠုကျော်က ဝေဠုကျော် ဖောင်ဒေးရှင်းအနေဖြင့် ရေဘေးသင့်ဒေသများသို့ သွားရောက်၍ ကယ်ဆယ်ရေးနှင့်ထောက်ပံ့ရေးများကို အင်တိုက်အားတိုက် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရသည်။

အခြားသောအနုပညာရှင်များဖြစ်ကြသည့် ဇင်ဝိုင်း၊ လွင်မိုး၊ လူမင်း၊ ပြေတီဦး၊ နေတိုး၊ မင်းမော်ကွန်း၊ ကျော်ကျော်ဗို၊ မေသဉ္ဇာဦး၊ ဝိုင်းစုခိုင်သိန်း၊ သက်မွန်မြင့်၊ ဝတ်မှုံရွှေရည်၊ ခိုင်နှင်းဝေ၊ အိုင်ရင်းဇင်မာမြင့်၊ ကျားပေါက် အပါအဝင် ရုပ်ရှင်ဂီတ၊ သဘင် အနုပညာရှင်များကလည်း ရန်ကုန်မြို့၏ လမ်းဆုံလမ်းခွများနှင့် အထင်ကရနေရာများတွင် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ရရှိရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပြီး ရေဘေးသင့်ဒေသများသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်လှူဒါန်းလျက်ရှိကြောင်းသိရသည်။

ထို့ပြင် မြန်မာနိုင်ငံ သဘင်ဖောင်ဒေးရှင်းကလည်း ဩဂုတ် ၆ ရက် ညနေ ၅ နာရီမှ ည ၉ နာရီအထိ ကမာရွတ်မြို့နယ် လှည်းတန်းစင်တာ၌ ဖျော်ဖြေရေးများ ဆောင်ရွက်ခဲ့ပြီး အလှူငွေများရရှိရန်ဆောင်ရွက်လျက်ရှိသည်။

"အရင်ကလို ဇာတ်ပွဲတွေလုပ်ပြီး အလှူခံတာထက် ပြည်သူတွေထံသွားပြီး အလှူခံတာက ပိုပြီးထိရောက်မှုရှိလို့ အခုလိုလုပ်ခဲ့တာပါ။ အခုအစီအစဉ်မှာတော့ မြန်မာသံစဉ်နဲ့ ဖျော်ဖြေပြီး အလှူခံသွားမှာပါ။ ဒီကရတဲ့ ငွေတွေအားလုံးကို တကယ်လိုအပ်နေတဲ့ ရေဘေးသင့်ပြည်သူတွေဆီ အရောက်သွားပြီး ထောက်ပံ့ပေးသွားမှာပါ" ဟု သဘင်ပညာရှင် မန္တလေးသိန်းဇော်က ပြောသည်။

တေးသံရှင် သက်မျှုးဟေသီကလည်း "ပြည်သူတွေ ဒုက္ခ ရောက်နေတဲ့အချိန်မှာ တေးသံရှင်တစ်ယောက်အနေနဲ့ ကိုယ်တတ်နိုင်တဲ့ဘက်က ပါဝင်ဆောင်ရွက်ခွင့်ရတဲ့အတွက်ကြည်နူးမိပါတယ်။ တတ်နိုင်သလောက် ရေဘေးသင့်ပြည်သူတွေအတွက် လှူဒါန်းသွားမှာပါ။ လက်ရှိမှာလည်း ထောက်ပံ့မှုတွေပေးနိုင်ဖို့ ဖျော်ဖြေရေးတွေလုပ်ပြီးအလှူခံနေပါတယ်" ဟုပြောသည်။

ယင်းဖျော်ဖြေရေးအစီအစဉ်ကို မြန်မာနိုင်ငံသဘင်ဖောင်ဒေးရှင်းမှ စီစဉ်ခဲ့ပြီး သဘင်ပညာရှင်များနှင့် မြန်မာသံစဉ် တေးသံရှင်များက နှစ်ရက်တိုင်တိုင် ဖျော်ဖြေသွားမည် ဖြစ်ကြောင်း သိရသည်။

# ဟင်္သာတ၊ ငါးသိုင်းချောင်း၊ ဇလွန်နှင့် ဆိပ်သာမြို့နယ်များတွင် ဗူလိုင်လကုန်မှစ၍ စိုးရိမ်ရေအမှတ် ကျော်လွန်လျက်ရှိ

နေပြည်တော် ဩဂုတ် ၇

**ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်နှင့် ဆိပ်သာမြို့နယ်များ၏ ဧရာဝတီမြစ်ရေစိုးရိမ်ရေအမှတ်နှင့် ငါးသိုင်းချောင်းမြို့နယ်၏ ငဝန်မြစ်ရေစိုးရိမ်ရေအမှတ်သည် ဇူလိုင်လကုန်ခန့်မှစ၍ နေ့စဉ် ကျော်လွန်မြင့်တက်လျက်ရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရှိရသည်။**

(သတင်းစဉ်)

{&m0wwi;a'o|u; [ omw|r|e , & {&m0w|rp\ ae t v u a&rwm;



{&m0wwi;a'o|u; Zve|r|e , & {&m0w|rp\ ae t v u a&rwm;



{&m0wwi;a'o|u; qyom|r|e , & {&m0w|rp\ ae t v u a&rwm;



{&m0wwi;a'o|u; i;o i;acmi;|r|e , & i0e|rp\ ae t v u a&rwm;



aemuEp&u t wu cere;c|u jrermEiiawmiyi;a'orm;wi r;yvmEion

ပြည်တွင်းရေးရာ

❖ ရေဘေးမှ

"ဒီနေ့ စစ်ရေယာဉ် အောင်ဇေယျနဲ့ ရခိုင်ကို ဆန်ပို့ပါမယ်။ လက်ရှိမှာ မြန်မာနိုင်ငံအထက်ပိုင်းတွေ ရေပြန်ကျသွားပြီဖြစ်သလို ဆန်အတွက်လည်း လေကြောင်းလိုင်းအပါအဝင် ပေးပို့နေတဲ့အတွက် လုံလောက်မှုရှိပါတယ်။ အခုစားသုံးသူအခက်ခဲဆုံးဖြစ်နေတာ စစ်တွေပါ။ ဒါကြောင့် တပ်မတော်က စစ်ရေယာဉ်တွေနဲ့ ရခိုင်ကို ဆန်နဲ့ထောက်ပံ့ရေးပစ္စည်းတွေ ပေးပို့ပေးပါတယ်။ နှစ်ရက်အတွင်း ရောက်မှာပါ။ အလှူရှင်တွေ၊ ကုမ္ပဏီတွေက လှူဒါန်းမှုတွေနဲ့ ရခိုင်ကို ဆန်အိတ်ပေါင်း သောင်းချီရောက်ရှိသွားမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ဆန်ကုန်သည်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တပ်မတော်(ရေ)မှ စစ်ရေယာဉ် ၁၆၁၂၊ စစ်ရေယာဉ် ၁၆၁၃၊ စစ်ရေယာဉ် ၆၀၂ တို့ဖြင့်လည်း ထောက်ပံ့ရေးပစ္စည်းအမျိုးမျိုး တင်ဆောင်ကာ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့သို့ အမြန်ဆုံးဆက်လက်ပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းအပြင် ရေဘေးသင့်ပြည်သူများအတွက် လိုအပ်လျက်ရှိသောဆန်များကိုလည်း မြန်မာနိုင်ငံ ဆန်ကုန်သည်အသင်းမှ လက်ကားဆန်ဆိုင် ၁၀ ဆိုင်ဖွင့်လှစ်ရောင်းချပေးလျက်ရှိပြီး ရန်ကုန်မြို့တွင် ဝါးတန်းကုန်စည်ဒိုင်နှင့် ဘုရင့်နောင်ကုန်စည်ဒိုင်တို့တွင် ရောင်းချပေးလျက်ရှိပြီး ဆန်ဈေးနှုန်းတည်ငြိမ်စေရေးနှင့် ပြည်တွင်း ဆန်ပြတ်လပ်မှုမရှိစေရေးတို့ကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၀၀၁)

# မစ္စ ရန်ဟီလီ မြန်မာနိုင်ငံခရီးစဉ်နှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကျင်းပပြီး ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၇**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာအထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ရွှေလီလမ်းရှိ မြန်မာငြိမ်းချမ်းရေးစင်တာ (MPC) သို့ သွားရောက်၍ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့(SD)တို့၏ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာသဘောတူစာချုပ်(NCA) အချောသပ်နိုင်ရေးအတွက် (၉)ကြိမ်မြောက်အစည်းအဝေး ကျင်းပနေမှုကို သွားရောက်လေ့လာခဲ့သည်။



ထို့နောက် မစ္စ ရန်ဟီလီသည် မွန်းလွဲပိုင်းတွင် သိမ်ဖြူလမ်းရှိ ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်ဆရာတော်ကျောင်းတိုက်တွင် ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ် ဆရာတော်ဖြစ်သူ ကာဒီနယ်ချားလ်ဘိုကို သွားရောက်ဂါရဝပြုတွေ့ဆုံနှုတ်ဆက်သည်။

ညနေပိုင်းတွင် မစ္စ ရန်ဟီလီသည် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂရုံးတွင် နိုင်ငံခြားသံတမန်များနှင့်တွေ့ဆုံခဲ့ပြီး ည ၈ နာရီတွင် ယင်းရုံး၌ ပြည်တွင်းပြည်ပသတင်းသမားများနှင့်တွေ့ဆုံကာ ၎င်း၏ မြန်မာနိုင်ငံခရီးစဉ်နှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ကျင်းပခဲ့ပြီး သတင်းထောက်များ၏ သိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် မစ္စ ရန်ဟီလီသည် သတင်းစာရှင်းလင်းပွဲအပြီးတွင် လေကြောင်းလိုင်းဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားသည်။

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာအထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီသည် မြန်မာနိုင်ငံသို့ တတိယအကြိမ်မြောက်အဖြစ် ဩဂုတ် ၃ ရက်မှ ၇ ရက်အထိ လာရောက်ခဲ့ခြင်းဖြစ်သည်။

**(သတင်းစဉ်)**

✱ ညီညွတ်သောအားမှ

သက်ဆိုင်ရာ၏ သတိပေးမှုများ ဆက်တိုက်နှိုးဆော်ပေးလျက်ရှိရာ အညာသားတို့၏ အဖြစ်ကိုမြင်၍ အစောပိုင်းကာလက စိုးရိမ်ထိတ်လန့်မှုအနည်းငယ် ဖြစ်ခဲ့သော်လည်း အောက်ပြည်အောက်သားတို့အဖို့ ရေကြီးရေလျှံအဖြစ်မှာ မဆန်းသလိုပင်။ သို့သော် ဧရာဝတီမြစ်ရေ ဟင်္သာတမြို့ စိုးရိမ်ရေမှတ်ကျော်လွန်ရောက်ရှိနေပြီဟူသော ကောလာဟလသတင်းများကြောင့် ဧရာဝတီသားတို့ စိုးရိမ်ပူပန်မှုများရှိခဲ့ကြသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် ဟင်္သာတ၊ ဇလွန်၊ ဆိပ်သာမြို့နယ်များသည် ဧရာဝတီမြစ်နှင့်ဆက်စပ်နေပြီး ယခု စိုးရိမ်ရေအမှတ်သို့ပင် ရောက်ရှိနေသည်။ ငါးသိုင်းချောင်းမြို့နယ်သည် ငဝန်မြစ်နှင့်ဆက်စပ်နေပြီး ယခုထိုမြစ်သည်လည်း စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသည်မှာ ဇူလိုင်လကတည်းကဖြစ်သည်။ ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ဟင်္သာတခရိုင် ဟင်္သာတမြို့နယ်၌ လူနေအိမ်များရေနစ်မြုပ်ကာ ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပေးထားပြီး ဩဂုတ် ၆ ရက်အထိ ရေဘေးကာကွယ်ရေးစခန်း ၂၇ ခု ဖွင့်လှစ်ထားသည်။ ကျေးရွာအုပ်စုပေါင်း ၂၂ အုပ်စုရှိ အိမ်ထောင်စု ၁၀၇၅၂ စုမှ လူဦးရေ ၄၂၅၁ ဦးကျော်ကို ကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းပေးထားသည်။

ဟင်္သာတမြို့ စိုးရိမ်ရေမှတ်ကျော်လွန်လာမှုနှင့်အတူ တာတမံဘေးများတွင် ရေရောက်ရှိမှုအချိန်ကြာလာသည်နှင့်အမျှ ဟင်္သာတမြို့နယ်အတွင်းရှိ ရေကာတာတမံအချို့တွင် ရေစိမ့်ခြင်း၊ သဲပွက်ထခြင်းများဖြစ်ပေါ်နေရာ ပြည်သူများမှာ စိုးရိမ်သောက ဖြစ်လာရသည်။ သို့သော် ရပ်မိရပ်ဖများ၊ အဖွဲ့အစည်းများ၏ နိုးကြားသည့်အားမာန်များကြောင့် ဧရာဝတီရေစီးကို တွန်းလှန်ထားသည်။ ဆည်မြောင်းဦးစီးဌာနမှ ဝန်ထမ်းများ၊ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီများ၊ ပြည်သူများပူးပေါင်းကာ နေ့ရောညပါ ရေကင်းစောင့်ကြည့်၍ ကျိုးပေါက်နိုင်သည့် နေရာများကို အပြင်းအထန်ပြုပြင်ဆောင်ရွက်ကြသည်။ ဟင်္သာတမြို့နယ်အတွင်းရှိ ဧရာဝတီ(ဟင်္သာတ) ရေကာတာများတွင် ရေကင်းတဲပေါင်း ၁၄ ခု ထားရှိပြီး ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများပူးပေါင်းကာ အထူးဂရုစိုက်စောင့်ကြည့်ကြသည်။

လတ်တလောထွက်ပေါ်လာသော ကောလာဟလသတင်းများကို ယုံမှားသံသယမဖြစ်ပေါ်ကြဖို့ မိုးလေဝသနှင့် မြစ်ရေကြီးမှုသတင်းများကို ဂရုတစိုက်နားထောင်ကြဖို့၊ အရေးပေါ်အခြေအနေဖြစ်ပေါ်ပါက အသိပေးကြေညာ



ဦးတင်အောင်ဝင်း

သွားမည့် အစီအစဉ်များကိုလည်း သဘာဝဘေးကာကွယ်ရေးပြန်ကြားရေးဆပ်ကော်မတီက လိုက်လံကြေညာကာ သတိပေးလျက်ရှိသည်။ ကယ်ဆယ်ရေးစခန်းများနှင့် ရေနစ်မြုပ်ကျေးရွာများသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဟင်္သာတမြို့မှ အလှူရှင်များ၊ အနယ်နယ်အရပ်ရပ်မှ အလှူရှင်များ၊ လူမှုရေးအဖွဲ့အစည်းများက မိမိတို့အစီအစဉ်၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်းအစီအစဉ်များဖြင့် စားနပ်ရိက္ခာ၊ ကယ်ဆယ်ရေးအသုံးအဆောင်ပစ္စည်းများကို လှူဒါန်းလျက်ရှိသည်မှာ ပြည်သူများ၏ သောကကိုပြေပျောက်စေပါသည်။

"ရေစတက်တုန်းကတော့ နှစ်ပေခွဲလောက်ထိတက်တယ်။ ၄ ရက်နေ့က စပြီးတော့ ရေတက်တာငြိမ်သွားတယ်။ ကျွန်တော်တို့ သက်ဆိုင်ရာဌာနတွေက အရေးပေါ် ကြေညာကတည်းက ပြည်သူတွေကို အသိပေးထားတယ်။ အခုမြစ်ရေတက်လာတော့လည်း ကယ်ဆယ်ရေးလုပ်ငန်းတွေလုပ်နေတယ်။ သူတို့နဲ့နီးစပ်ရာ ဘုန်းကြီးကျောင်းတွေ၊ စာသင်ကျောင်းတွေမှာ ကယ်ဆယ်ရေးစခန်းဖွင့်ပြီး စားဝတ်နေရေးအပြင် ဆရာဝန်တွေနဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေ လုပ်ပေးနေပါတယ်။ တာရဲ့သက်တမ်းကလည်း



ဒေါ်သန်းမြင့်

ကြာပြီဆိုတော့ ထူးပေါက်(ရေစိမ့်ပေါက်)တွေကနေ ရေစိမ့်ထွက်တာကိုလည်း ရဟန်းသံဃာတွေအပါအဝင် သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ အချိန်မီပြုပြင်နိုင်ခဲ့တယ်။ ဒီစိမ့်ပေါက်တွေကို မထိန်းနိုင်ရင် တာပွင့်ထွက်သွားမှာ။

"ကျွန်တော်တို့က အချိန်မီပြောင်းရွှေ့ဖို့ပြောပေမယ့် တချို့တွေက သူတို့အိမ်နဲ့ နွား၊ ဆိတ် စတာတွေကို ခင်တွယ်ပြီး မပြောင်းဘဲ အိမ်ထဲမှာပဲ ဆင့်ထိုးနေကြတယ်။ ပြောင်းဖို့ကို ဘယ်လိုမှပြောမရဘူး။ တချို့တွေကျတော့လည်း ပထမတော့ မပြောင်းဘူး။ နောက်ပိုင်း ရေပိုတက်လာတော့မှ ပြောင်းမယ်ဆိုတော့ လူတွေအပြင် တိရစ္ဆာန်တွေကိုပါ ပြောင်းရွှေ့ပေးရတော့ တော်တော်ဒုက္ခရောက်တယ်။ အိမ်ထောင်စုပေါင်း ၅၉၄ စုနဲ့ လူဦးရေစုစုပေါင်း ၂၃၀၂ ဦးကို ကယ်ဆယ်ရေးစခန်း ၁၅ ခုဖွင့်ထားပါတယ်"ဟု ဟင်္သာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်းက အဖြစ်မှန်ကို ရှင်းပြသည်။

"အမေ့အသက် (၆၃)နှစ်ရှိပြီ။ အမေ့တစ်သက်မှာ ဆိုးဆိုးရွားရွား ရေကြီးတာ နှစ်ကြိမ်ကြုံဖူးတယ်။ ဒီတစ်ခါက အဆိုးဆုံးပဲ။ တစ်ခါမှ မကြုံဖူးဘူး။ အိမ်တစ်အိမ်လုံးမြုပ်သွားတယ်။ အမေတို့က တစ်နေ့လုပ်မှ တစ်နေ့စားရတာလေ။ ရေကြီးတော့ အလုပ်လည်းမရှိ အိမ်ကလည်း



ဦးအောင်မြတ်ကျော်

မြုပ်ဆိုတော့ ကယ်ဆယ်ရေးစခန်းမှာ လာနေတာ သုံးရက်ရှိပြီ။ အရင်နှစ်တုန်းက ရေကြီးရင် စားစရာမရှိဘူး။ ဒီနှစ်တော့ ဘေးကထောက်ပံ့ပေးတဲ့အတွက် အဆင်ပြေတယ်။ ကျန်းမာရေးအတွက်လည်း ဆရာဝန်တွေလည်း ရှိတော့ စိတ်ချရတယ်"ဟု ညောင်ပင်ရွာရပ်ကွက်မှ ဒေါ်သန်းမြင့်က ၎င်း၏ အတွေ့အကြုံကိုပြောပြသည်။

"ကြာခံဘုန်းကြီးကျောင်းအတွင်းမှာ ဖွင့်ထားတဲ့ကယ်ဆယ်ရေးစခန်းမှာ ကျွန်တော်တို့ဆေးခန်းက ဆရာဝန်တွေနဲ့ ရေဘေးသင့်ပြည်သူတွေကို ကျန်းမာရေးစောင့်ရှောက်မှုတွေ ပြုလုပ်ပေးနေပါတယ်။ သောက်သုံးရေသန့်ရှင်းအောင် လုပ်ထားတဲ့အတွက် ဒီကယ်ဆယ်ရေးစခန်းမှာ ဝမ်းပျက်ဝမ်းလျှောမရှိဘူး။ ကျွန်တော်တို့ဆေးခန်းက ပျဉ်းမချောင်းတာ အနားမှာရှိတဲ့အတွက် တာမကျိုးအောင်လည်း သက်ဆိုင်ရာအဖွဲ့တွေနဲ့ ၂၄ နာရီ အလှည့်ကျစောင့်ကြည့်နေတယ်။ မနေ့တုန်းကတောင် လူငယ်အချို့က တာကျိုးတယ်ဆိုပြီး လျှောက်အော်နေလို့ ပြည်သူတွေ တော်တော်စိုးရိမ်ပြီး ရှုတ်ရှုတ်သဲသဲဖြစ်သွားသေးတယ်။ ပျဉ်းမချောင်းတာ စိမ့်ပေါက်ကနေ ရေစိမ့်ထွက်တာကိုလည်း တာကျိုးတယ်ဆိုပြီး ပြောကြ



ဦးသန်းဇော်

တယ်။ ဒီရေစိမ့်ထွက်တဲ့အပေါက်တွေကိုလည်း သေချာပြုပြင်ပြီးသွားပြီ။ ကျွန်တော်တို့ တစ်ချိန်လုံးစောင့်ကြည့်နေတာကြောင့် လက်ရှိပကတိအနေအထားအရ တာမကျိုးနိုင်ပါဘူး"ဟု သဘာဝအလင်း အခမဲ့ဆေးခန်း ဥက္ကဋ္ဌ ဦးအောင်မြတ်ကျော်က ပြည်သူများ၏ စိုးရိမ်သောကလျော့ကျနိုင်ဖွယ်ရှင်းပြသည်။

ပျဉ်းမချောင်းကျေးရွာ ပိုက်တန်းအုပ်စုမှ ဦးသန်းဇော်ကလည်း "ကျွန်တော်တို့နေတာက တာရဲ့ဘေးနားမှာဆိုတော့ ရေစိမ့်ထွက်ရင်ကူလုပ်ပေးတယ်။ ကယ်ဆယ်ရေးစခန်းကိုတော့ မပြောင်းဘူး။ ညပိုင်းကင်းစောင့်တယ်။ ဟိုမှာနေရတာမလွတ်လပ်ဘူး။ အိမ်က ရေထဲနစ်နေတယ်။ တာဘေးနားမှာပဲ တဲထိုးနေတယ်။ ကျွန်တော်တို့က ဒီဘက်ဆိုတော့ တာကျိုးခဲ့ရင် ဟိုဘက်ကနစ်မှာကိုယ့်အတွက်လည်း စိုးရိမ်ရတယ်။ ကျွန်တော်တို့ မိသားစုမှာ ကလေးငါးယောက်အပါအဝင် အားလုံးကိုးယောက်ရှိတယ်။ နေမကောင်းဘူးဆိုရင် လာကြည့်ပေးတဲ့အတွက် ကျန်းမာရေးအခက်အခဲမရှိပါဘူး။ ပြီးခဲ့တဲ့ ခုနစ်ရက်လောက်က ရေစတက်တာ။ ရေတက်လာတာလည်း တော်တော်မြန်တယ်။ တစ်သက်လုံး ဒီလောက်ရေကြီးတာ မတွေ့ဖူးဘူး" ဟု ဆိုပြန်သည်။

ပြီးခဲ့သည့်ရက်က ဟင်္သာတခရိုင် ဟင်္သာတမြို့နယ်ရှိ ခမ္ဘီ-ဟင်္သာတ ငဝန်ရေကာတာ ရေကင်းစခန်းအမှတ်(၆)၊ တာမိုင် ၂ မိုင် ၄ ဖာလုံ+၁၀၀ လိပ်ချောင်းအုပ်စု ဘဲအင်းကျေးရွာအနီး ရေကာတာ မြစ်ရေနစ်မြုပ်မှုအချိန်ကြာလာမှုကြောင့် တာအက်ကြောင်းပေါ်မှ ဖြစ်ပွားခဲ့သေးသည်။ ဖြစ်ပွားလျှင်ဖြစ်ပွားချင်း မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဆည်မြောင်းဦးစီးဌာနနှင့် ရေကင်းစခန်းတာဝန်ရှိသူများ၊ လိပ်ချောင်းအုပ်စုအတွင်းရှိ ဒါးက၊ ဘဲအင်း၊ ကြက်တူရွေး၊ သုံးမြေဆိုင်ကျေးရွာပြည်သူများနှင့် အနီးပတ်ဝန်းကျင် ဘုရားကုန်းအုပ်စု၊ ကော်ဇံအုပ်စုကျေးရွာများမှ ပြည်သူများ၊ လူမှုရေးအသင်းဖွဲ့များ ဝိုင်းဝန်း၍ သဲအိတ်များချခြင်း၊ ရေခွေခွေခြင်းများပြုလုပ်ကာ အပြင်းအထန်ကြိုးစားခဲ့ရာ တာကျိုးပေါက်မှုမရှိခဲ့ချေ။ ထို့ကြောင့် ဧရာဝတီသားတို့၏ ညီညွတ်သော အားမာန်များမှာ မာန်ဟုန်ပြင်းသည့် ဧရာဝတီရေပြင်ကို တွန်းလှန်ကျော်လွှားနိုင်မည်ဟု ယုံကြည်ထားကြလေသည်။ ။

သတင်းဆောင်းပါး - ကိုမိုး + ကျော်ကျော် (ပြန်/ဆက်)၊ ဓာတ်ပုံ - ဇေယျာဝင်း (ပြန်/ဆက်)

# ရေဘေးသင့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးစာရေးကိရိယာများ ပညာရေးဝန်ကြီးဌာနက ဆက်လက်ထောက်ပံ့

**နေပြည်တော်   သြဂုတ်   ၇**

နိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့မှုကြောင့် အခြေခံပညာကျောင်းများ၊ ရုံးများပျက်စီးဆုံးရှုံးမှုလျော့နည်းစေရေး၊ ကျောင်းသား ကျောင်းသူများ အန္တရာယ်ကင်းရှင်းစေရေး၊ ရေကျဆင်းချိန်တွင် ကျောင်း၊ ရုံးများ ပြန်လည်ထူထောင်ဖွင့်လှစ်နိုင်ရေးတို့အတွက် ဇူလိုင် ၂၇ ရက်တွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ ဦးစီး၍ ကော်မတီများဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ကော်မတီများဖွဲ့စည်းပြီးနောက် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာစာပေသင်ကြားနိုင်ရေး၊ ပစ္စည်းဆုံးရှုံးမှုများအား ပြုပြင်ဆောင်ရွက်နိုင်ရေးနှင့် ကျောင်းသား ကျောင်းသူများ တစ်ဦးချင်းလိုအပ်မည့် ပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ဘောပင်များ၊ ခဲတံများ အချိန်မီထောက်ပံ့ပေးနိုင်ရေးတို့အတွက် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည်။

အဆိုပါစီမံချက်များအရ ရေဘေးသင့် ကျောင်းသား ကျောင်းသူများအတွက် ပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်များ၊ ခဲတံများနှင့် ဘောပင်များကို သြဂုတ် ၃ ရက်မှ ယနေ့အထိ တိုင်းဒေသကြီး/ပြည်နယ်များသို့ ဖြန့်ဝေပေးပို့ခဲ့သည့် ကျောင်းသုံးစာရေးကိရိယာများထောက်ပံ့မှုစာရင်းကို ဖော်ပြထားရှိသည်-

## (၂၀၁၅-၂၀၁၆) ဘဏ္ဍာရေးနှစ်တွင် သဘာဝဘေးဒဏ်ခံ တိုင်းဒေသကြီး/ပြည်နယ်များသို့ ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့မှုစာရင်း

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အတန်းစုံ ပြဋ္ဌာန်းစာအုပ် (အစုံလိုက်) | ဗလာစာအုပ် (ဒါဇင်) | | ခဲတံ(ဒါဇင်) | | ဘောပင်(ဒါဇင်) | | စုစုပေါင်း တန်ဖိုး (ကျပ်သန်း) |
|---|---|---|---|---|---|---|---|---|---|
| | | | အရေအတွက် (ဒါဇင်) | တန်ဖိုး (ကျပ်သန်း) | အရေအတွက် (ဒါဇင်) | တန်ဖိုး (ကျပ်သန်း) | အရေအတွက် (ဒါဇင်) | တန်ဖိုး (ကျပ်သန်း) | |
| ၁ | ချင်း | ၂၁၅၁၂ | ၂၀၀၀၀ | ၃၀. ၀၀၀ | ၆၆၆၇ | ၅. ၆၆၇ | ၃၃၃၄ | ၄. ၀၀၀ | ၃၉. ၆၆၈ |
| ၂ | စစ်ကိုင်း | ၂၂၂၁၄၆ | ၂၀၀၀၀ | ၃၀. ၀၀၀ | ၆၆၆၇ | ၅. ၆၆၇ | ၃၃၃၄ | ၄. ၀၀၀ | ၃၉. ၆၆၈ |
| ၃ | မကွေး | ၂၂၃၈၉၈ | ၂၀၀၀၀ | ၃၀. ၀၀၀ | ၆၆၆၇ | ၅. ၆၆၇ | ၃၃၃၄ | ၄. ၀၀၁ | ၃၉. ၆၆၈ |
| ၄ | ရခိုင် | ၃၆၄၄၂၄ | ၂၀၀၀၀ | ၃၀. ၀၀၀ | ၆၆၆၇ | ၅. ၆၆၇ | ၃၃၃၄ | ၄. ၀၀၁ | ၃၉. ၆၆၈ |
| ၅ | မွန် | ၂၃၀၆၀၆ | ၁၀၀၀၀ | ၁၅. ၀၀၀ | ၃၃၃၄ | ၂. ၈၃၄ | ၁၆၆၇ | ၂. ၀၀၀ | ၁၉. ၈၃၄ |
| ၆ | ကရင် | ၁၁၃၂၆၃ | ၁၀၀၀၀ | ၁၅. ၀၀၀ | ၃၃၃၄ | ၂. ၈၃၄ | ၁၆၆၇ | ၂. ၀၀၀ | ၁၉. ၈၃၄ |
| ၇ | ပဲခူး(အရှေ့) | ၁၉၂၀၁၃ | ၁၀၀၀၀ | ၁၅. ၀၀၀ | ၃၃၃၄ | ၂. ၈၃၄ | ၁၆၆၇ | ၂. ၀၀၀ | ၁၉. ၈၃၄ |
| ၈ | ပဲခူး(အနောက်) | ၁၅၇၇၉၁ | ၁၀၀၀၀ | ၁၅. ၀၀၀ | ၃၃၃၄ | ၂. ၈၃၄ | ၁၆၆၇ | ၂. ၀၀၀ | ၁၉. ၈၃၄ |
| ၉ | ဧရာဝတီ | ၅၈၀၄၆၀ | ၁၀၀၀၀ | ၁၅. ၀၀၀ | ၃၃၃၄ | ၂. ၈၃၄ | ၁၆၆၇ | ၂. ၀၀၀ | ၁၉. ၈၃၄ |
| ၁၀ | တနင်္သာရီ | ၃၆၁၁၁ | ၁၀၀၀၀ | ၁၅. ၀၀၀ | ၃၃၃၄ | ၂. ၈၃၄ | ၁၆၆၇ | ၂. ၀၀၀ | ၁၉. ၈၃၄ |
| ၁၁ | ကချင် | ၄၃၃၉၄၁ | ၁၀၀၀၀ | ၁၅. ၀၀၀ | ၃၃၃၄ | ၂. ၈၃၄ | ၁၆၆၇ | ၂. ၀၀၀ | ၁၉. ၈၃၄ |
| ၁၂ | မန္တလေး | ၆၈၅၉၀၁ | ၁၀၀၀၀ | ၁၅. ၀၀၀ | ၃၃၃၄ | ၂. ၈၃၄ | ၁၆၆၇ | ၂. ၀၀၀ | ၁၉. ၈၃၄ |
| ၁၃ | ရှမ်း(အရှေ့) | ၅၉၈၆၃ | ၁၀၀၀၀ | ၁၅. ၀၀၀ | ၃၃၃၄ | ၂. ၈၃၄ | ၁၆၆၇ | ၂. ၀၀၀ | ၁၉. ၈၃၄ |
| ၁၄ | ရန်ကုန် | ၃၅၈၄၀၈ | ၆၀၀၀ | ၉. ၀၀၀ | ၂၀၀၀ | ၁. ၇၀၀ | ၁၀၀၀ | ၁. ၂၀၀ | ၁၁. ၉၀၀ |
| စုစုပေါင်း | | ၃၆၈၀၃၃၇ | ၁၇၆၀၀၀ | ၂၆၄ | ၅၈၆၇၄ | ၄၉. ၈၇၃ | ၂၉၃၃၉ | ၃၅. ၂၀၇ | ၃၄၉. ၀၈ |

ထို့ပြင် သဘာဝဘေးဒဏ်ခံ တိုင်းဒေသကြီး/ပြည်နယ်များသို့ ထောက်ပံ့ပေးခဲ့သည့် အခြားအသုံးအဆောင်ပစ္စည်းများ ထောက်ပံ့မှုစာရင်းကိုလည်း ဖော်ပြထားရှိသည်-

## (၂၀၁၅-၂၀၁၆) ဘဏ္ဍာရေးနှစ်တွင် သဘာဝဘေးဒဏ်ခံ တိုင်းဒေသကြီး/ပြည်နယ်များသို့ အခြားအသုံးအဆောင်ပစ္စည်းများ ထောက်ပံ့မှုစာရင်း

(၁) ရေဘေးသင့်ကျောင်းများ၏ သန့်စင်ခန်းများ သန့်ရှင်းရေးနှင့် လိုအပ်သည်များပြုပြင်ခြင်း — ၃၇၇၆ ကျပ်သိန်း
(၂) ရေဘေးသင့်ကျောင်းများ၏ ရွှံ့ညွန်များဆေးကြောခြင်းနှင့် လိုအပ်သည်များ ပြုပြင်ခြင်း — ၃၇၇၆ ကျပ်သိန်း
(၃) သန့်ရှင်းသောရေရရှိရေးအတွက် ရေတုန်ကင်ပြုပြင်ခြင်း (ရေတွင်းတူးခြင်းအပါအဝင်) — ၈၉၀၄ ကျပ်သိန်း
(၄) ရေဘေးသင့်ကျောင်များမှ ကလေးသူငယ်များအား အာဟာရကျွေးမွေးခြင်း — ၅၉၃၆ ကျပ်သိန်း
(၅) ရေဘေးသင့်ကျောင်းများသို့ စာသင်ခုံများ ထောက်ပံ့ပေးခြင်း — ၇၄၂၀ ကျပ်သိန်း
(၆) ကယ်ဆယ်ရေးစခန်းအဖြစ် ပြုလုပ်သည့် ကျောင်းများအတွက် ပြင်ဆင်စရိတ်ခွဲဝေခြင်း၊ (ကျောင်း ၆၆ ကျောင်း၏ သန့်ရှင်းရေး၊ မွမ်းမံရေးတို့အတွက် ဆက်လက်စီမံဆောင်ရွက်မည်ဖြစ်ပါသည်။)
(၇) ကျောင်းထောက်ပံ့ခြင်း၊ ကြိုတင်ထုတ်ပေးခြင်း(ငွေပမာဏသည် ကျောင်းသားဦးရေအပေါ်မူတည်ပြီး တွက်ချက်ချီးမြှင့်ရခြင်းဖြစ်၍ ထပ်မံထုတ်ပြန်ပေးမည်ဖြစ်ပါသည်။)

ရေကျဆင်း၍ ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ချိန်တွင် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရန် ရည်ရွယ်လျက် အခြေခံပညာကျောင်းများအတွက် ကျောင်းထောက်ပံ့ကြေးငွေ ကြိုတင်ထုတ်ပေးခြင်း၊ ရေဘေးသင့်ကျောင်းများ၏ သန့်စင်ခန်းများ သန့်ရှင်းရေးနှင့် လိုအပ်ချက်များပြုပြင်ခြင်း၊ ရေဘေးသင့်ကျောင်းများ ရွှံ့ညွန်များဆေးကြောခြင်းနှင့် လိုအပ်ချက်များပြုပြင်ခြင်း၊ သန့်စင်သောရေရရှိရေးအတွက် ရေတုန်ကင်ပြုလုပ်ခြင်း (ရေတွင်းတူးခြင်းအပါအဝင်)၊ ရေဘေးသင့်ကျောင်းများမှ ကလေးသူငယ်များအား အာဟာရကျွေးမွေးခြင်း၊ ရေဘေးသင့်ကျောင်းများသို့ စာသင်ခုံများ ထောက်ပံ့ပေးခြင်း၊ ကယ်ဆယ်ရေးစခန်းအဖြစ် အသုံးပြုသော ကျောင်းများအတွက် ပြင်ဆင်စရိတ်ခွဲဝေပေးခြင်း စသည့်လုပ်ငန်းစဉ်များကို စတင်စီမံဆောင်ရွက်လျက်ရှိသည့်အပြင် ကျောင်းအဆောက်အအုံများ ပျက်စီးမှုများကို ရေကျချိန်တွင် စိစစ်တွက်ချက်ပြီး အမြန်ပြုပြင်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေး မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော်   သြဂုတ်   ၇**

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးသည် ယမန်နေ့ ညနေ ၄ နာရီက မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကုန်းဇောင်းကျေးရွာရှိ ရေဘေးသင့်ဘုန်းတော်ကြီးကျောင်းများနှင့် ပြည်သူများအတွက် မဇ္ဈိမဂုဏ်ရည်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကောဝိဒနှင့် စေတနာရှင်အလှူရှင်များ လှူဒါန်းသည့် ဆန်အိတ် ၅၀၀၊ ရေသန့်ဘူး၊ ခေါက်ဆွဲခြောက်များကို ရေလွှမ်းမိုးခြင်းခံရသည့် ကျေးရွာများသို့ သွားရောက်ပေးအပ်လှူဒါန်းခဲ့သည်။

ထို့အပြင် ဒုတိယဝန်ကြီးသည် ကုန်းဇောင်းကျေးရွာရှိ ကျေးရွာတိုက်နယ်ဆေးရုံ၊ ရဲစခန်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတို့သို့ သာသနာရေးဝန်ကြီးဌာနနှင့် အလှူရှင်များက လှူဒါန်းသည့် လက်ဆွဲမီးစက် တစ်လုံးစီ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပြည်သူ့ကျန်းမာရေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ ရေဘေးသင့်ပြည်သူများသို့ ကွင်းဆင်းကျန်းမာရေးစောင့်ရှောက်မှုပေးရန် ထွက်ခွာ

**နေပြည်တော်   သြဂုတ်   ၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်နှင့် စေတုတ္တရာမြို့နယ်များရှိ ရေဘေးသင့်ပြည်သူများသို့ ကွင်းဆင်းကျန်းမာရေးစောင့်ရှောက်မှုပေးရန်အတွက် ထွက်ခွာမည့်ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဉာဏ်ဝင်းမြင့်(ဒုတိယညွှန်ကြားရေးမှူး၊ ကူးစက်)ခေါင်းဆောင်သည့် ရန်ကုန်မြို့ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ ၁၈ ဦးပါဝင်သောအဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် လယ်ဝေးကျန်းမာရေးသင်တန်းကျောင်းစုရပ်၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးလွင်ငြိမ်းက တွေ့ဆုံ၍ ရွေ့လျားကျန်းမာရေးဆေးပေးခန်းများကို ကျေးလက်ဒေသများအထိ သွားရောက်၍ စောင့်ရှောက်မှုပေးရန်၊ ထိရောက်စွာ ကျန်းမာရေးပညာပေးရန်၊ ကူးစက်ရောဂါဖြစ်ပွားမှုမရှိအောင် ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရန်၊ အထူးသဖြင့် ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများအား အဓိကထား၍ စောင့်ရှောက်မှုပေးရန်၊ လူနာများအား လိုအပ်ပါက ဆေးရုံဆေးခန်းများသို့အချိန်မီ ညွှန်းပို့ပေးနိုင်ရေးဆောင်ရွက်ရန်နှင့် ယခုအခါ အချို့ဒေသများ၌ ရေကျသွားပြီဖြစ်၍ ရေတွင်းရေကန်များအား ကလိုရင်းဆေးခတ်ရန်၊ ပျက်စီးသွားသော အိမ်သာများ ပြန်လည်ပြုပြင်ရန်နှင့် ကျေးလက်ဒေသဆေးပေးခန်းများဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးရန်တို့ကို အမြန်ဆုံးဆောင်ရွက်နိုင်ရန် မှာကြားပြီးနောက် ကွင်းဆင်းကျန်းမာရေးစောင့်ရှောက်မှုပေးမည့်အဖွဲ့အား ဆေးပုံးများ ပေးအပ်သည်။

**(သတင်းစဉ်)**

# ပွင့်ဖြူမြို့နယ်ရှိ ရေနစ်မြုပ် လယ်ယာမြေများတွင် ထွန်စက်များနှင့် ထွန်ယက်စိုက်ပျိုးမည်

**မင်းဘူး   သြဂုတ်   ၇**

ပွင့်ဖြူမြို့နယ်အတွင်း ရေနစ်မြုပ်ခဲ့သည့်လယ်မြေများ အချိန်မီပြန်လည်ထွန်ယက်စိုက်ပျိုးနိုင်ရန်အတွက် လယ်ထွန်စက်ကြီး ၅၈ စီးနှင့် လက်တွန်းထွန်စက်များ ပွင့်ဖြူမြို့နယ် စက်မှုလယ်ယာစခန်းရှိရာရုံးသို့ သြဂုတ် ၆ ရက်က စတင်ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

**ဇော်ဇော်(မြို့သစ်)**



**စစ်ကိုင်းတိုင်းဒေသကြီး ရေဘေးသင့်ဒေသများသို့ ဗလာစာအုပ်များ ဖြန့်ဝေရန် စီစဉ်နေသည်ကို တွေ့ရစဉ်။** (သတင်းစဉ်)

# ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်

**နေပြည်တော် ဩဂုတ် ၇**

၂၀၁၅ခုနှစ် ဇွန်၊ ဇူလိုင်လများ အတွင်းဖြစ်ပေါ်လျက်ရှိသော ရေကြီး ရေလျှံမှုများကြောင့် ရေဘေးသင့် ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၌ ကျင်းပသည်။

အလှူငွေပေးအပ်ပွဲသို့ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံ ခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့် ဌာန ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက် ကြသည်။



အဆိုပါလှူဒါန်းပွဲတွင် ရွှေဝါလင်း အင်တာနေရှင်နယ် ဥက္ကဋ္ဌ ဦးအောင်ဇော်မြင့်နှင့်ဇနီး ပြည်ထောင်စု ဝန်ကြီးဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် သားသမီးမြေးတစ်စုက ငွေကျပ် သိန်း ၃၀၊ အောင်ချမ်းသာ ဆောက်လုပ်ရေးကုမ္ပဏီက ငွေကျပ် သိန်း ၃၀၊ ဦးသိန်းမောင်-ဒေါ်ပါးပါး (စန္ဒီပရဆေး-ဆေးဝါးလုပ်ငန်း)က ငွေကျပ် ၂၅ သိန်း ကိုးသောင်း **(အပေါ်ပုံ)**၊ ဦးမောင်မောင်ဦး- ဒေါ်ရှုခင်(ဂရိတ်ဝေါ်မြန်မာ့ တိုင်းရင်း ဆေးဝါးထုတ်လုပ်ရေး) မိသားစု၊ ဦးထွန်းရွှေ- ဒေါ်သင်းသင်းဆွေ (ထွန်းရွှေဝါမြန်မာ့တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး) မိသားစုနှင့် ဦးကြည်စိုး-ဒေါ်ဌေးဌေးရီ(ကေသီပန် မြန်မာ့တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး) မိသားစုတို့က ငွေကျပ် ၂၅ သိန်းစီ၊ ကိုအောင်အောင်- မအိသူ (အင်းဝ ဆေးတိုက်)နှင့် ဦးစိုးသိန်း- ဒေါက်တာ ဒေါ်ခင်အုန်းရီ (မေမွန် ရတနာဆိုင်၊ ရန်ကုန်မြို့)တို့က ငွေကျပ် သိန်း ၂၀ စီ၊ ဦးထင်လင်း (Excellent Unity ဆောက်လုပ်ရေးကုမ္ပဏီ)နှင့် ဒေါက်တာဆရာမြင့်- ဒေါ်မေမြင့်သူဇာ (စကြာမင်းဆေးတိုက်)တို့က ငွေကျပ် ၁၀ သိန်းစီ၊ ဦးကျော်စိန်- ဒေါ်နန်းခမ်းဆာ (ဖြူစင်မေတ္တာ ဆေးတိုက်)၊ ဒေါက်တာ ဦးအုန်းမြင့် (ရွှေမြန်မာ ဆေးတိုက်)၊ ဦးမြင့်လွင်- ဒေါ်ခင်ခင်ထွေး (ဂဠုန်ရာဇာ ဆေးတိုက်) မိသားစုနှင့် ဦးဝင်းကြိုင် မိသားစု အမှတ်(၄၁)၊ ရွှေဘုံ သာ လမ်းတို့က ငွေကျပ် ငါးသိန်းစီ၊ ဒေါက်တာ သန်းဦး၊ ဒေါက်တာ စန်းစန်းအေးနှင့် မောင်နှမတစ်စု နေပြည်တော်မှ ငွေကျပ် တစ်သိန်း၊ ဒေါက်တာ အောင်လင်းအေး- ဒေါ်မြတ်ဆုသင်း မိသားစုက ငွေကျပ် ငါးသောင်း၊ ဦးခင်မော်ဇော်- ဒေါ်ဇင်ဝင်းမွန် (High Light ရတနာ ဆိုင်)က ငွေကျပ် နှစ်သိန်း၊ ဦးနေခြည်မောင်-ဒေါ်ဇင်မင်းမင်းသော် (ရတနာဆိုင်)နှင့် ဒေါ်ခင်ဇာနိုင် ( Senior Programme Officer ) UNFPAတို့က ငွေကျပ် တစ်သိန်းစီ၊ Save the Children (UK)မှ ငွေကျပ် သိန်း ၄၀၊ MAUK (Myanmar)မှ ငွေကျပ် ၂၅ သိန်း၊ Help Age International (Myanmar)မှ ငွေကျပ် သိန်း ၂၀၊ Oxfam၊ Good Neighbors International၊ The Leprosy Mission International (TLMI) နှင့် Pact in Myanmar တို့က ငွေကျပ် ၁၀ သိန်းစီ၊ Japan Heart နှင့် New Humanity Myanmar တို့က ငွေကျပ် ငါးသိန်းစီ စုစုပေါင်း ငွေကျပ် သိန်းပေါင်း ၃၈၁ ဒသမ ၄ သိန်းနှင့် ADRAMyanmarမှ အမေရိကန် ဒေါ်လာ ၂၀၀၀၊ ဦးဝင်းမောင်- ဒေါ်ယဉ်ယဉ်မြင့် (အောင်တမန် ဆေးဝါးထုတ်လုပ်ရေး) လုပ်ငန်း မိသားစုက ၇ ဒသမ ၅ သိန်းခန့် တန်ဖိုးရှိသော ကွမ်းရွက်ပုံအခိုးပွင့် ဆေးများ၊ ဦးလှဌေး-ဒေါ်တင်နွယ်ဦး (မှန်ချို မြန်မာ့တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး) မိသားစုက ငွေကျပ် ခြောက်သိန်းခန့် တန်ဖိုးရှိသော ဆေးဝါးတို့ကိုလှူဒါန်းကြရာ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံ ခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယ ဝန်ကြီးတို့က လက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည် ပေးအပ် သည်။ **(သတင်းစဉ်)**

## ထိုင်းအစိုးရက ရေဘေးသင့် ပြည်သူများအတွက် ဘတ်ငါးသန်း လှူဒါန်း

**နေပြည်တော် ဩဂုတ် ၇**

ထိုင်းနိုင်ငံ ပတ်တရားမြို့၌ ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပ သည့်(၄၈)ကြိမ်မြောက် အာဆီယံ နှစ်ပတ်လည်နေ့ အခမ်းအနား တွင် မြန်မာနိုင်ငံ ရေဘေးသင့် ပြည်သူများအတွက် ထိုင်းနိုင်ငံ အစိုးရကလှူဒါန်းသည့် ဘတ်ငွေ ငါးသန်းကို ထိုင်းနိုင်ငံဒုတိယ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီး ဗိုလ်ချုပ်ကြီးတန်နာဆပ် ပါတီမာ ပါရဂွန်က ထိုင်းနိုင်ငံ ဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဝင်းမောင်ထံ လွှဲပြောင်းပေးအပ် သည်။

အဆိုပါ လှူဒါန်းငွေများကို မြန်မာနိုင်ငံ ရေဘေးကယ်ဆယ် ရေးအတွက် သီးခြားဖွင့်လှစ်ထား သည့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှု ဘဏ် ငွေစာရင်းအမှတ် DA-၀၃၀၀၀၈၆ သို့ လွှဲပြောင်းပေးအပ် ပြီးဖြစ်သည်။ **(သတင်းစဉ်)**

# ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လ ၆ ရက်နေ့အတွင်း တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးပို့ထောက်ပံ့မှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၇**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန်၂၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတွင်လည်းကောင်း၊ ဇူလိုင် ၁၆ ရက်မှ ဩဂုတ် ၆ ရက်အထိ တိုင်းဒေသကြီးခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင်လည်းကောင်း သဘာဝဘေးအန္တရာယ်များကျရောက်ခဲ့ရာ ရေဘေးသင့်အိမ်ထောင်စု ၆၃၂၈၄ စုမှ လူဦးရေ ၃၂၄၆၈၀ ရေဘေးသင့်ခဲ့ပြီး ၈၈ ဦးသေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာ တန်ဖိုးငွေကျပ် ၄၂၆၅၇၇၅၀၊ အရေးပေါ်အစားအစာတန်ဖိုးငွေကျပ် ၁၃၁၅၁၅၆၀၊ အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၁၄၄၉၀၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်းတန်ဖိုးငွေကျပ် ၂၁၁၉၈၁၃၄၈ နှင့် သေဆုံးမှုထောက်ပံ့ကြေး ငွေကျပ် ၈၁၀၀၀၀၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၄၁၀၇၉၀၆၅၈ ကို ပေးပို့ထောက်ပံ့ခဲ့သည်။ **(သတင်းစဉ်)**

| စဉ် | ဘေးဖြစ်ပွားသည့်လ တိုင်းဒေသကြီး/ပြည်နယ် | ဘေးသင့်အိမ်ထောင်စု | | ဘေးသင့်လူဦးရေ | သေဆုံး | ထောက်ပံ့မှု (ကျပ်) | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မျောပါ/ပျက်စီး | ပြောင်းရွှေ့ | | | ဆန်ရိက္ခာ | အရေးပေါ် အစားအစာ | အိမ်ဆောက် ပစ္စည်း | ကဆရ ပစ္စည်း | သေဆုံး | စုစုပေါင်း | |
| **ဇွန်လ (၂၄) ရက်နေ့မှ (၂၈) ရက်နေ့အထိ** | | | | | | | | | | | | |
| ၁။ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၀၄ | ၆၀၀၀၀၀ | ၆၀၂၄၀၄၅၄ | |
| ၂။ | တနင်္သာရီတိုင်းဒေသကြီး | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | ၆၂၉၈၈၀ | |
| ၃။ | ကရင်ပြည်နယ် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | ၉၅၆၉၄၀ | |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | ၁၀၀၀၀၀ | ၁၉၃၇၃၈၄ | |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | ၂၈၁၀၅၂ | |
| | စုစုပေါင်း | ၄၀၅ | ၂၁၄၆ | ၁၄၉၁၁ | ၇ | ၃၅၄၇၃၅၀ | ၃၇၉၂၇၈၀ | ၄၀၃၀၀၀၀၀ | ၁၅၇၀၅၅၈၀ | ၇၀၀၀၀၀ | ၆၄၀၄၅၇၁၀ | |
| **ဇူလိုင်လ (၁၆) ရက်နေ့မှ ဩဂုတ်လ (၆)ရက်နေ့အထိ** | | | | | | | | | | | | |
| ၁။ | စစ်ကိုင်းတိုင်းဒေသကြီး | ၃၅ | ၁၉၆၀၄ | ၁၅၃၄၂၆ | ၇ | ၁၈၅၃၂၇၅၀ | - | ၁၇၅၀၀၀၀ | ၄၂၅၂၁၁၂၀ | ၇၀၀၀၀၀ | ၆၃၅၀၃၈၇၀ | |
| ၂။ | ကချင်ပြည်နယ် | ၂ | ၁၀၉၅ | ၆၀၆၃ | ၁ | ၁၂၇၀၃၂၅၀ | - | - | ၂၉၁၀၅၄၀ | ၁၀၀၀၀၀ | ၁၅၇၁၃၇၉၀ | |
| ၃။ | ရှမ်းပြည်နယ် | ၄၃ | ၂၈၀ | ၅၂၉၅ | ၆ | - | - | - | ၁၇၅၉၅၄၆ | ၅၀၀၀၀၀ | ၂၂၅၉၅၄၆ | |
| ၄။ | မန္တလေးတိုင်းဒေသကြီး | ၈၈ | ၂၅၇၀ | ၁၁၁၅၈ | ၈ | ၂၇၄၂၇၅၀ | - | ၂၈၅၀၀၀၀ | ၈၉၃၂၄၈၂ | ၅၀၀၀၀၀ | ၁၅၀၂၅၂၃၂ | |
| ၅။ | ချင်းပြည်နယ် | ၁၁၁၉ | ၂၄၃၀ | ၁၂၆၇၃ | ၄ | - | - | - | ၄၈၅၄၆၈ | ၁၀၀၀၀၀ | ၅၈၅၄၆၈ | |
| ၆။ | ရခိုင်ပြည်နယ် | ၅၄၅၅ | ၆၇၀၄ | ၃၂၃၆၁ | ၅၅ | - | - | - | ၆၈၅၉၄၂၈၂ | ၅၅၀၀၀၀၀ | ၇၄၀၉၄၂၈၂ | |
| ၇။ | ကရင်ပြည်နယ် | - | ၁၃၇၉ | ၇၂၁၂ | - | ၅၀၉၅၂၀၀ | ၁၂၈၅၄၂၈၀ | - | - | - | ၁၇၉၄၉၄၈၀ | |
| ၈။ | မွန်ပြည်နယ် | - | ၃၂၉ | ၁၅၃၅ | - | - | ၆၅၀၄၅၀၀ | - | ၃၂၅၂၉၈၀ | - | ၉၇၅၇၄၈၀ | |
| ၉။ | ပဲခူးတိုင်းဒေသကြီး | - | ၉၆၅၅ | ၄၀၁၈၁ | - | - | - | - | ၁၅၀၄၈၆၁၀ | - | ၁၅၀၄၈၆၁၀ | |
| ၁၀။ | မကွေးတိုင်းဒေသကြီး | ၂ | ၃၉၈၉ | ၃၅၄၉၅ | - | - | - | ၁၀၀၀၀၀၀၀၀ | ၄၈၇၄၆၁၇၀ | - | ၁၄၈၇၄၆၁၇၀ | |
| ၁၁။ | ဧရာဝတီတိုင်းဒေသကြီး | - | ၅၄၇၅ | ၂၀၆၆ | - | ၃၆၄၅၀ | - | - | ၃၇၀၇၂၈၀ | - | ၃၇၄၃၇၃၀ | |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၂၇ | ၄၅၁ | ၂၂၀၄ | - | - | - | - | ၁၁၇၀၇၀ | - | ၁၁၇၀၇၀ | |
| | စုစုပေါင်း | ၆၇၇၀ | ၅၃၉၆၂ | ၃၀၉၇၆၉ | ၈၁ | ၃၉၁၁၀၄၀၀ | ၁၉၃၅၈၇၈၀ | ၁၀၄၆၀၀၀၀၀ | ၁၉၆၂၇၇၆၈ | ၇၄၀၀၀၀၀ | ၃၄၆၇၄၄၉၄၈ | |
| | ဇွန်လ၊ ဇူလိုင်လနှင့်ဩဂုတ်လ စုစုပေါင်း | ၇၁၇၆ | ၅၆၁၀၈ | ၃၂၄၆၈၀ | ၈၈ | ၄၂၆၅၇၇၅၀ | ၂၃၁၅၁၅၆၀ | ၁၄၄၉၀၀၀၀၀ | ၂၁၁၉၈၁၃၄၈ | ၈၁၀၀၀၀၀ | ၄၁၀၇၉၀၆၅၈ | |

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော် ဩဂုတ် ၇**

မြန်မာနိုင်ငံတစ်ဝန်းတွင် ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၄၀ တွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှရေထုတ်လွှတ်လျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း၊ ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံ ၂၂ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီခြင်းမရှိသေးကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

## သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | ရွှေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၃. ၂၀' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀. ၇၀' |
| ၃။ | ကင်းတပ်ရေလှောင်တမံ | ၃၈၂၉၅ | ၄. ၆၀' |
| ၄။ | ပေကြီးရေလှောင်တမံ | ၆၀၃၀ | ၂. ၀၀' |
| ၅။ | လင်ပန်းရေလှောင်တမံ | ၁၀၁၈၀ | ၁. ၁၀' |
| ၆။ | ရာဇဂြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၂. ၁၀' |
| ၇။ | မင်းမြင်ရေလှောင်တမံ | ၁၉၀၁၀ | ၀. ၅၅' |
| ၈။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၁. ၅၅' |
| ၉။ | ကျေးပင်အက် ရေလှောင်တမံ | ၄၄၀၀၀ | ၀. ၇၀' |
| ၁၀။ | မြောက်ယမား ရေလှောင်တမံ | ၁၄၀၅၇ | ၂. ၁၀' |
| ၁၁။ | မြောက်ယမားရေကူ ရေလှောင်တမံ | ၁၂၂၉၀၀ | ၁. ၈၀' |
| ၁၂။ | ကန့်ဒေါင့်ရေလှောင်တမံ | ၇၁၉ | ၀. ၁၀' |
| ၁၃။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၀. ၇၀' |
| ၁၄။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၁. ၁၀' |
| ၁၅။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၆၀' |
| ၁၆။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၂၀' |
| ၁၇။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၀. ၈၀' |
| ၁၈။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၁. ၂၀' |
| ၁၉။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၃၀' |
| ၂၀။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၀. ၉၀' |
| ၂၁။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၂၀' |
| ၂၂။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၀. ၅၀' |
| ၂၃။ | စဉ့်ကူးချောင်းဝေါင်း ရေလှောင်တမံ | ၂၂၂၉ | ၀. ၂၀' |
| ၂၄။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၁. ၁၀' |
| ၂၅။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၇၀' |
| ၂၆။ | တောင်ညိုရေလှောင်တမံ | ၂၁၀၀၀၀ | ၀. ၄၀' |
| ၂၇။ | စလင်းရေလှောင်တမံ | ၁၃၃၀၀၀ | ၁. ၅၀' |
| ၂၈။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၈. ၁၀' |
| ၂၉။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၁. ၁၀' |
| ၃၀။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၈. ၇၀' |
| ၃၁။ | ရင်းရှည်ရေလှောင်တမံ | ၂၆၀၀ | ၀. ၁၀' |
| ၃၂။ | ဆင်လမ်းရေလှောင်တမံ | ၆၈၄၆ | ၀. ၃၀' |
| ၃၃။ | ပြိုင်းချောင်းရေလှောင်တမံ | ၂၅၂၀၅ | ၀. ၂၀' |
| ၃၄။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၀. ၃၀' |
| ၃၅။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၀. ၂၀' |
| ၃၆။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၀. ၉၅' |
| ၃၇။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၇၅' |
| ၃၈။ | ကွန်ချောင်းရေလှောင်တမံ | ၉၈၄၀၀ | ၀. ၂၅' |
| ၃၉။ | မမြရေလှောင်တမံ | ၇၁၄၀၀ | ၀. ၃၀' |
| ၄၀။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၁. ၃၀' |

## ရေပိုလွှဲမှ ရေကျော်ခြင်းမရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | လက်ရှိရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှရေကျော် ရန်လိုအပ်မှု(ပေ) |
|---|---|---|---|---|
| ၁။ | ကင်းသာရေလှောင်တမံ | ၇၂ | ၆၀ | ၁. ၇၀' |
| ၂။ | မုံချောင်းရေလှောင်တမံ | ၅၂၅ | ၄၃၈ | ၁. ၅၀' |
| ၃။ | ဆင်သေရေလှောင်တမံ | ၁၄၃၀၉၀ | ၃၄၇၂၉ | ၂၅. ၈၀' |
| ၄။ | မြို့လှ(တပ်ကုန်း)ရေလှောင်တမံ | ၁၄၆၀၀ | ၇၀၂၀ | ၁၂. ၈၀' |
| ၅။ | ရေဆင်းဆည် | ၇၃၀၀၀ | ၁၈၈၂၀ | ၂၇. ၆၀' |
| ၆။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၅၂၂၃၄၆ | ၆. ၉၀' |
| ၇။ | ငလိုက်ဆည် | ၇၅၀၀၀ | ၄၃၁၂၃ | ၉. ၈၀' |
| ၈။ | တောက်ပြိုရေလှောင်တမံ | ၂၄၉၁ | ၁၆၂၆ | ၆. ၆၂' |
| ၉။ | ချောင်းမငယ်ရေလှောင်တမံ | ၉၁၇၇၀ | ၆၆၆၅၄ | ၉. ၂၀' |
| ၁၀။ | သဲဖြူရေလှောင်တမံ | ၈၇၁၈ | ၅၇၆၅ | ၅. ၈၅' |
| ၁၁။ | မဒန်းရေလှောင်တမံ | ၃၆၅၀၀ | ၁၇၂၆၇ | ၂၀. ၃၃' |
| ၁၂။ | ဖောင်းလောင်ရေလှောင်တမံ | ၁၂၂၅၇ | ၉၁၀၇ | ၅. ၁၀' |
| ၁၃။ | လွိုင်နန်းဖရေထိန်းတမံ | ၁၅၀၈ | ၁၄၁၄ | ၁. ၀၀' |
| ၁၄။ | သဖန်းဆိပ်ရေလှောင်တမံ | ၂၈၈၀၀၀၀ | ၂၅၀၀၄၈၀ | ၃. ၀၀' |
| ၁၅။ | ခပေါင်းရေလှောင်တမံ | ၈၇၈၅၇၀ | ၄၇၄၃၇၂ | ၃၄. ၂၅' |
| ၁၆။ | ကိုဒူကွဲရေလှောင်တမံ | ၁၄၈၃၆၄ | ၈၁၆၁၉ | ၁၂. ၉၅' |
| ၁၇။ | ရွှေလောင်းရေလှောင်တမံ | ၁၀၀၈၂၄ | ၃၆၃၆၅ | ၂၀. ၄၀' |
| ၁၈။ | စလူရေလှောင်တမံ | ၉၀၀၀၀ | ၄၇၉၂၀ | ၁၂. ၂၀' |
| ၁၉။ | ဆည်တော်ကြီးဆည် | ၃၆၂၈၅၀ | ၃၂၉၈၅၀ | ၄. ၆၀' |
| ၂၀။ | ကင်းတားဆည် | ၈၇၃၅၈၀ | ၁၉၂၅၆၈ | ၈၉. ၂၂' |
| ၂၁။ | ဇော်ဂျီရေလှောင်တမံ | ၅၁၇၈၆၃ | ၈၀၃၉၈ | ၆၀. ၂၀' |
| ၂၂။ | နန်ကသူရေလှောင်တမံ | ၄၀၄၈၇ | ၄၀၃၃၉ | ၀. ၃၀' |

(သတင်းစဉ်)

## ဆိပ်သာ၊ ဟသ်ာတ၊ ဇလွန်၊ ငါးသိုင်းချောင်းနှင့် မဒေါက်မြို့များ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနေ

**နေပြည်တော် ဩဂုတ် ၇**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် နှစ်ပေခွဲခန့်၊ ဟသ်ာတမြို့နှင့် ဇလွန်မြို့တို့တွင် သုံးပေခွဲခန့်စီ၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် သုံးပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေသည်။ နောက်နှစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေသည်။ နောက်သုံးရက်အတွင်း တစ်ပေခန့် ကျဆင်းနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

(ကြေးမုံ)

## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုနှင့် မိုးစပါးစုဆောင်းပြန့်ပြူးခဲ့မှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၇**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | သီးနှံစုစုပေါင်း | | | | | မိုးစပါးစုဆောင်းပြီး | | မိုးစပါးပြန့်ပြူးပြီး | |
|---|---|---|---|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် | တင်း | ကီလို | တင်း | ကီလို |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - | - | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၀၀၀၈ | ၂၈၄၈၄ | ၁၂၄၉၂ | ၉၇၆၄ | ၃၅၄ | ၁၇၅၀ | ၁၅၅၂ | - | ၁၃၈၀ |
| ၃။ | ကယားပြည်နယ် | ၉၉ | ၉၈ | ၅၆ | - | - | - | - | - | - |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၁၆ | ၇၄ | - | ၅၀၀ | - | - | - |
| ၅။ | ချင်းပြည်နယ် | ၂၆၅၉ | ၂၄၀၂ | ၂၄၅၉ | ၉၆၀ | - | - | - | - | - |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၈၆၄၃၃ | ၁၄၄၄၁၄ | ၁၁၇၄၉၇ | ၅၈၈၁၆ | ၂၃၇၀ | ၄၀၈၅၀ | - | ၄၀၈၅၀ | - |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၅၀၄၆၄ | ၁၅၉၃၀၇ | ၂၉၀၈၀ | ၇၅၄၇ | - | ၂၂၉၇၅ | ၇၀၀၀၀ | - | - |
| ၈။ | မကွေးတိုင်းဒေသကြီး | ၈၉၉၅၃ | ၇၄၃၃၀ | ၈၇၇၅၉ | ၃၀၉၅၁ | - | ၇၅၀၀ | - | - | - |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၀၃ | ၃၃၇၇ | ၁၄၆ | ၉ | - | ၁၈၆၅၀ | - | ၁၈၆၅၀ | - |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | ၃၁၆ | - | - | ၁၆၃၂၀ | - | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၀၂၁၉ | ၂၉၀၂၁၉ | ၂၇၃၁၅၄ | ၂၁၄၂၅၉ | ၇၂၅ | ၁၄၅၅၀ | - | ၁၅၀၀ | - |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၇၁၈၆၅ | ၂၈၂၈၆ | ၁၃၄၄၆ | ၃၃၅ | - | ၅၅၀၀ | - | - | - |
| ၁၃။ | ရှမ်းပြည်နယ် | ၁၁၁၆၁ | ၉၄၃၇ | ၁၆၁၆ | ၅၀၀ | ၁၂၆ | ၁၄၁၈၂ | ၁၀၂၆၃ | - | - |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၁၉၅၈၈၇ | ၇၅၆၁၀ | ၆၂၁၂၈ | ၄၄၁၅၇ | - | ၃၀၁၀၀ | - | - | - |
| | စုစုပေါင်း | ၁၂၄၇၄၄၆ | ၈၃၁၁၅၉ | ၆၀၀၇၆၅ | ၃၆၇၇၇၂ | ၃၅၇၅ | ၁၇၂၈၇၇ | ၈၁၈၁၅ | ၆၁၀၀၀ | ၁၃၈၀ |

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့ လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ပြည်တွင်းရေးရာ

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးနိုင်ရန် နှစ်ဖက်ထိပ်သီးခေါင်းဆောင်များ နေပြည်တော်တွင် တွေ့ဆုံမည်

သတင်း
ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်
ဓာတ်ပုံ - ဖိုးထောင်

**ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC)နှင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (SD) တို့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာသဘောတူညီမှုစာချုပ်မူကြမ်း(NCA)အတွက် (၉)ကြိမ်မြောက်အစည်းအဝေးအဖြစ် ဩဂုတ်လ ၆ ရက်နေ့မှ ၇ ရက်နေ့အထိ ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန(MPC )တွင် ကျင်းပခဲ့သည်။**

UPWC နှင့် SD တို့၏ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)အတွက် (၉)ကြိမ်မြောက်ပြုလုပ်သောဆွေးနွေးပွဲအပြီးတွင် MPC မှ အထူးအကြံပေး ဦးလှမောင်ရွှေ၊ SD မှ ဒုတိယအဖွဲ့ခေါင်းဆောင်(၂)ဖြစ်သူ ပူးဇင်ကျုံးနှင့် အဖွဲ့ဝင်ဖြစ်သူ နိုင်ဟံသာတို့က နှစ်ရက်တာပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲရလဒ်များကို မီဒီယာများနှင့်တွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ပြီး ပြည်တွင်း၊ ပြည်ပမီဒီယာများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြသည်။

NCA စာချုပ်ကို ပါဝင်လက်မှတ်ရေးထိုးမည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ကိစ္စရပ်များနှင့်ပတ်သက်၍ နိုင်ငံတော်အဆင့် ခေါင်းဆောင်များနှင့် တိုင်းရင်းသားအဖွဲ့အစည်းများ၏ ထိပ်သီးခေါင်းဆောင်များ၏ တွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ကို ဩဂုတ်လတွင် ကျင်းပရန် အစီအစဉ်ရှိကြောင်း သိရသည်။

သတင်းစာရှင်းလင်းပွဲ၌ မြန်မာ့သတင်းစဉ်အပါအဝင် မီဒီယာများ၏ မေးမြန်းမှုအချို့ကို နှစ်ဖက်ကိုယ်စားလှယ်များ၏ ဖြေကြားမှုများကို ဖော်ပြအပ်ပါသည်။

**ဦးလှမောင်ရွှေ(အထူးအကြံပေး)**
**မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန-MPC**

NCA စာချုပ်က အခန်း (၇)ခန်းနဲ့ အပိုဒ်(၃၃)ပိုဒ်ပါပါတယ်။ ၃၃ ပိုဒ်လုံးကို တိုင်းရင်းသားများဘက်က ပါဝင်လက်မှတ်ရေးထိုးမယ့်ကိစ္စကလွဲလို့ ကျန်တဲ့အချက်တွေကို သဘောတူညီနိုင်ခဲ့ပါတယ်။ အစိုးရဘက်ကတော့ ဒီစာချုပ်ပြီးသွားတဲ့အခါမှာအားလုံးအဆင်သင့်ဖြစ်တဲ့အတွက် ၁၅ ဖွဲ့ကိုလက်မှတ်ရေးထိုးဖို့ အဆင်သင့်ဖြစ်ပြီ။ အဆင်သင့်ဖြစ်တဲ့အကြောင်းကိုလည်း ဝန်ကြီး ဦးအောင်မင်းတို့ဘက်က လက်မှတ်ထိုးဖို့ ဖိတ်ခေါ်ဖို့ ရှိပါတယ်။ မီဒီယာတွေကတစ်ဆင့် နှစ်ဖက်အဖွဲ့အစည်းဆွေးနွေးထားတဲ့ NCA မူကြမ်းတစ်ခုလုံးကို ထုတ်ပြန်ကြေညာဖို့ အစီအစဉ်ရှိပါတယ်။

UPCC နဲ့ UPWC ရဲ့ မူဝါဒကတော့ ၁၅ ဖွဲ့နဲ့လက်မှတ်ရေးထိုးဖို့ပါ။ အစိုးရဘက်က ဒီ ၁၅ ဖွဲ့နဲ့ပဲလက်မှတ်စထိုးနိုင်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကိုပေးတယ်။ ဒါပေမယ့် တိုင်းရင်းသားခေါင်းဆောင်တွေဘက်က ထိပ်သီးအဖွဲ့ငါးဖွဲ့နဲ့ SD ခေါင်းဆောင်တွေက နိုင်ငံတော်အမြင့်ဆုံးတာဝန်ရှိသူတွေကို လာရောက်တွေ့ဆုံပြီး ဆွေးနွေးဖို့ဆိုတဲ့အဆိုပြုချက်ကို UPWC က လက်ခံပြီးယူသွားပါတယ်။ အသေးစိတ်ကိုတော့ မကြာမီရက်အတွင်းမှာညှိနှိုင်းကြပါလိမ့်မယ်။ UPCC ကပေးထားတဲ့မူဝါဒ ထပ်ပြီးတော့ ပြောင်းမပြောင်းဆိုတာက တိုင်းရင်းသားထိပ်သီးခေါင်းဆောင်တွေနဲ့ နိုင်ငံတော်အဆင့်တွေတွေ့ဆုံတဲ့အခါကျရင် သိနိုင်ပါလိမ့်မယ်။ အခုအဆိုပြုချက်အသစ်ဖြစ်လို့ ဝန်ကြီး ဦးအောင်မင်းက အတတ်နိုင်ဆုံး ကြိုးစားပါမယ်ဆိုပြီး ယူသွားပါတယ်။

ကမ္ဘာပေါ်မှာ ငြိမ်းချမ်းရေးဖြစ်စဉ်တွေ အများကြီးရှိခဲ့ပါတယ်။ အားလုံးပါဝင်ရေးဆိုတဲ့ကိစ္စကို ကျွန်တော်တို့ MPC မှာလည်းရှိပါတယ်။ အောင်မြင်သွားတဲ့ all inclusive တွေ အားလုံးကို ကြည့်လိုက်ရင် ဒီအယူအဆကို နှစ်ဖက်ကလက်ခံဖို့ လိုပါတယ်။ တိုင်းရင်းသားတွေဘက်က လက်ခံသလို ကျွန်တော်တို့အစိုးရဘက်ကလည်း ဒါကို လက်မခံတာမဟုတ်ပါဘူး။ ဒါပေမယ့် all inclusive ဆိုတာ တစ်ကြိမ်တည်းကိုတစ်ခါတည်းနဲ့ လက်မှတ်ထိုးတာ မဟုတ်ပါဘူး။


ဦးလှမောင်ရွှေ။


ပူးဇင်ကျုံး။


ဦးနိုင်ဟံသာ။

အစိုးရအဖွဲ့အနေနဲ့ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့မှာ ဖိတ်ခေါ်လာခဲ့တာကတစ်ဖွဲ့ချင်းဆွေးနွေးတယ်။ အစုအဖွဲ့ဆွေးနွေးတာကိုလည်း ကျွန်တော်တို့ သဘောတူခဲ့တယ်။ NCCT၊ SD နဲ့ အားလုံးကိုစုဖွဲ့ ဆွေးနွေးတာကိုလည်း သဘောတူခဲ့တယ်။ မူကြမ်းကို အရင်ဆုံးလက်မှတ်ထိုးဖို့ နံပါတ်တစ် ဦးစားပေးပြီး အစိုးရဘက်က ချဉ်းကပ်ခဲ့တယ်။ နံပါတ်(၂)လက်မှတ်ရေးထိုးတဲ့ အဖွဲ့အစည်းဆိုတာ NCA လက်မှတ် ရေးထိုးတာထက် အရေးကြီးတယ်ဆိုပေမယ့် NCA လက်မှတ်ရေးထိုးပြီးရင် ဆက်သွားမယ့်နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲတွေမှာဆွေးနွေးပြီးအဖြေထွက် အကောင်ထည်ဖော်နိုင်မှ ဒီပဋိပက္ခတွေက ချုပ်ငြိမ်းမှာပါ။ ဒါကြောင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲမှာဘယ်သူ့ကိုမှမပါဖို့ UPWC ဘက်ကပိတ်ထားတာမရှိသေးပါဘူး။ ပထမဆင့်မှာ တိုင်းရင်းသားလက်နက်ကိုင် ၂၁ ဖွဲ့လောက်ရှိနေတဲ့ အထဲက ၁၅ ဖွဲ့ကို လက်မှတ်ရေးထိုးဖို့ အဆိုပြုခဲ့တာ ဖြစ်ပါတယ်။

ပဋိပက္ခဖြစ်မနေဘူး။ ထိန်းချုပ်ဧရိယာအတိအကျ သတ်မှတ်ထားတာမရှိတဲ့အဖွဲ့တွေကို နိုင်ငံရေးဆွေးနွေးပွဲတွေမှာ ပါဝင်နိုင်ဖို့ ကမ်းလှမ်းထားတာရှိပါတယ်။ all inclusive ကို တွေးရာမှာ အစိုးရဘက်က နှစ်ပိုင်းခွဲပြီး စဉ်းစားတယ်။ NCA နဲ့ နိုင်ငံရေးဆွေးနွေးပွဲဆိုပြီး။ NCA မှာက လက်မှတ်ရေးထိုးပြီးတာနဲ့ ၂၄ နာရီအတွင်း၊ တစ်ပတ်အတွင်းမှာဆောင်ရွက်ရမယ့် အချိန်တွေကို NCA မူကြမ်းထဲမှာကိုထည့်ရေးဆွဲထားတယ်။

ကျန်တာကတော့ နေပြည်တော်မှာ နှစ်ဖက်ထိပ်သီးခေါင်းဆောင်တွေ တွေ့ဖြစ်တဲ့အခါကျရင် နောက်ဆုံးဆွေးနွေးမယ့်သဘောရှိပါတယ်။ စာချုပ်ကိုညှိနှိုင်းတဲ့အဆင့်ကတော့ ပြီးမြောက်သွားပါပြီ။ နောက်ဆက်လုပ်မယ့်နိုင်ငံရေးမူဘောင်နဲ့ ရှေ့ဆက်သွားမယ့်လမ်းစဉ်တွေမှာ လူထု လူတန်းစားတွေရဲ့ သဘောထားတွေကပါလာမှာပါ။

**ပူးဇင်ကျုံး(ဒုတိယအဖွဲ့ခေါင်းဆောင်-၂)**
**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏**
**တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ**
**အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့(SD)**

အင်မတန်မှ အောင်မြင်ခဲ့တဲ့ ဆွေးနွေးပွဲဖြစ်တယ်လို့ ကျွန်တော်တို့ ရှုမြင်ပါတယ်။ အားလုံးပါဝင်ရေး မူကလွဲလို့ ကျန်တဲ့ ဆွေးနွေးစရာ (၅)ချက်ကိုအပြီးသတ်ဆွေးနွေးနိုင်ခဲ့ပါတယ်။ ဒီ(၅)ချက်ဟာ(၈)ကြိမ်မြောက် ဆွေးနွေးပွဲမှာ အခက်အခဲတွေ့နေခဲ့တဲ့အချက်တွေ ဖြစ်ပါတယ်။ NCCT သက်တမ်းကာလတစ်လျှောက်လုံးမှာ ဆွေးနွေးဖို့ ကျန်ခဲ့တဲ့အချက်တွေလည်း ဖြစ်ပါတယ်။ ဒါတွေကို အပြီးသတ်ဆွေးနွေးနိုင်ခဲ့လို့လည်းအောင်မြင်တဲ့ဆွေးနွေးပွဲဖြစ်တယ်လို့ ကျွန်တော်ပြောနိုင်တာပါ။

အားလုံးပါဝင်ရေးကိစ္စကိုတော့ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းဘက်ကတော့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၂၁ ဖွဲ့ရှိတဲ့အခါမှာအခုအဆင့်မြင့် SD အဖွဲ့မှာပါဝင်နေတဲ့ ၁၇ ဖွဲ့လုံးက NCA စာချုပ်ကို ပါဝင်လက်မှတ်ရေးထိုးဖို့ သဘောထားဆန္ဒရှိပါတယ်ဆိုတာကိုတင်ပြကြတယ်။ SD အဖွဲ့ရဲ့ ပြင်ပမှာရှိနေတဲ့ လေးဖွဲ့ကလည်းသဘောဆန္ဒရှိရင် ပါဝင်ရေးထိုးလို့ရတယ်။ ဒါမှမဟုတ်ရင်လည်း နိုင်ငံရေးဆွေးနွေးပွဲမှာမှ ပါဝင်မယ်ဆိုရင်လည်း သူတို့ရဲ့သဘောထားဖြစ်ပါတယ်။

အစိုးရဘက်ကတော့ ၂၁ ဖွဲ့ထဲက ၁၅ ဖွဲ့ပဲလက်မှတ်ရေးထိုးမယ်ဆိုတဲ့ အခြေခံမူမှာရပ်နေတာကြောင့် နှစ်ဖက်ညှိနှိုင်းလို့မရတဲ့အနေအထား ဖြစ်နေတယ်။ SD အဖွဲ့အနေနဲ့ အဖွဲ့ဝင် ၁၇ ဖွဲ့လုံး NCA မှာ ပါဝင်လက်မှတ်ရေးထိုးဖို့ကိစ္စအတွက် ကျွန်တော်တို့လာတာဖြစ်တယ်။ ဒါကို အလျှော့အတင်း ပြုလုပ်နိုင်တဲ့အနေအထားမျိုး ကျွန်တော်တို့မှာမရှိပါဘူး။ လော်ခီးလာနဲ့ လိုင်ဇာမှာလုပ်ခဲ့တဲ့ ညီလာခံ(၄)ကြိမ်စလုံးမှာ အားလုံးပါဝင်ရေးမူကိုသာ ဆုံးဖြတ်ချက်ချခဲ့ကြတယ်။ ဒါကိုလက်ကိုင်ပြီး နိုင်ငံရေးဆွေးနွေးပွဲကိုသွားဖို့အတွက် ဆုံးဖြတ်ထားတဲ့အတွက်ကြောင့် ဒါကိုကျော်ပြီး ကျွန်တော်တို့လုပ်ဆောင်လို့မရပါဘူး။

ဇူလိုင်လ ၂၆ နဲ့ ၂၉ ရက်လုပ်ခဲ့တဲ့ ထိပ်သီးအစည်းအဝေးတွေမှာ အားလုံးပါဝင်တဲ့ မူကိုပဲ UPWC နဲ့ တွေ့ ဆုံရာမှာဆွေးနွေးဖို့ ဆုံးဖြတ်ချက်ချပေးတယ်။ နှစ်ဖက်ညှိနှိုင်းလို့မရတဲ့ အနေအထားမျိုးမှာ ဒီတစ်ခုကျန်တာ ဖြစ်ပါတယ်။

အခန်း (၇) ခန်း၊ အပိုဒ်(၃၃)မှာ ခေါင်းစဉ်ခွဲအနေနဲ့ ကျန်တဲ့ အချက်တစ်ချက်ပဲကျန်ပါတော့တယ်။ ကျန်တာအားလုံးကိုတော့ ညှိနှိုင်းသဘောတူမှုရခဲ့ပြီလို့ ပြောလို့ရတယ်။ အားလုံးပါဝင်ရေးနဲ့ ပတ်သက်တဲ့ကိစ္စကို နိုင်ငံတော်က သမ္မတအစ ထိပ်ပိုင်းတာဝန်ရှိတဲ့ ခေါင်းဆောင်တွေနဲ့ မကြာခင်မှာတွေ့ပြီး အဖြေရှာကြမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အဖြေရှာနိုင်မယ်လို့ ယူဆတယ်။

နှစ်ဖက်စလုံးက ငြိမ်းချမ်းရေးမတည်ဆောက်လို့မရဘူး။ ငြိမ်းချမ်းရေးတည်ဆောက်မှ နိုင်ငံတော်ကို တည်ဆောက်မယ်ဆိုတဲ့ အခြေခံစဉ်းစားချက် နှစ်ဖက်စလုံးမှာရှိနေတာကြောင့် မကြာခင်မှာအောင်မြင်လိမ့်မယ်လို့ ကျွန်တော်ယူဆတယ်။

ကျွန်တော်တို့အနေနဲ့စဉ်းစားတာက NCA မူကြမ်းထဲမှာ နိုင်ငံရေး၊ စစ်ရေးအရ အာမခံချက်တွေပါတယ်။ ဒီအာမခံချက်တွေဟာ NCA ကို လက်မှတ်ထိုးတဲ့အဖွဲ့အစည်းတွေနဲ့သာအကျုံးဝင်မှာပါ။ NCA လက်မှတ်မထိုးထားတဲ့ အဖွဲ့အစည်းတွေက အကျုံးဝင်မှာ မဟုတ်ပါဘူး။ တကယ်လို့ အဲဒီလို အကျုံးမဝင်တဲ့အဖွဲ့တွေက ပစ်ခတ်တိုက်ခိုက်တာတွေ ပြန်ဖြစ်မလားဆိုတဲ့ စိုးရိမ်တာရှိတယ်။ ပိုပြီးပြင်းထန်တဲ့တိုက်ပွဲတွေ ဖြစ်လာမှာစိုးရိမ်တယ်။ အားလုံးကိုခြုံပြီးတော့မှ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးလုပ်လိုက်ရင် ခြုံပြီးတော့ ပြီးသွားတယ်။ နိုင်ငံရေး ၊ စစ်ရေးအရအာမခံချက်တွေ တစ်ခါတည်းရသွားတယ်ဆိုတဲ့ အနေထားမျိုးဖြစ်မှရမှာမို့ ကျွန်တော်တို့ မရမကညှိနှိုင်းနေတာဖြစ်ပါတယ်။

**ဦးနိုင်ဟံသာ(အဖွဲ့ဝင်)**
**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏**
**တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ**
**အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့(SD)**

ဒီနေ့ ဆွေးနွေးပွဲမှာ UPWC ကော၊ SD ကောက ကိုယ်စားလှယ်တွေကဆုံးဖြတ်ချက်မပေးနိုင်ဘူး။ ဒါကြောင့် သက်ဆိုင်ရာထိပ်သီးခေါင်းဆောင် အချင်းချင်းတွေ့ဆုံပြီး နည်းလမ်းရှာပါမယ်။ ကျွန်တော်တို့ ရည်မှန်းတာကအဖွဲ့တချို့ရဲ့ ထိပ်သီးခေါင်းဆောင်တွေ၊ SD ကခေါင်းဆောင်သုံးဦးပါဝင်ပြီး သမ္မတအစရှိတဲ့ အစိုးရဘက်ကထိပ်သီးခေါင်းဆောင်တွေနဲ့တွေ့မယ်။ အစိုးရဘက်က ၁၅ ဖွဲ့၊ တိုင်းရင်းသားဘက်က ၁၇ ဖွဲ့ အဆိုပြုချက်ကအရေးအတွက်အရတော့ မကွာပါဘူး။ SD ၁၇ ဖွဲ့ထဲမှာအစိုးရဘက်က လက်မခံတာက ခြောက်ဖွဲ့ပါတယ်။ အစိုးရဘက်က ၁၅ ဖွဲ့ထဲမှာ ပြင်ပလေးဖွဲ့ပါတယ်။ အဲဒီလိုဖြစ်နေပါတယ်။

ကျွန်တော်တို့ဘက်က အားလုံးပါဝင်ဖို့ တောင်းဆိုတယ်။ အားလုံးပါဝင်မှလည်း တစ်ခါတည်းပြီးသွားမှာပါ။ တစ်နိုင်ငံလုံးအေးချမ်းသွားမယ်။ နိုင်ငံရေးဆွေးနွေးတော့ အားလုံးပါဝင်ခြင်းအားဖြင့် တစ်ခါတည်း ပြီးသွားမယ်။ NCCT ၁၆ ဖွဲ့ကနေ အခု SD ၁၇ ဖွဲ့ဖြစ်လာတဲ့အထိ တစ်လျှောက်လုံးအတူတူဆွေးနွေးလာကြတယ်။ ကျွန်တော်တို့ရဲ့ အဖော်တွေကိုချန်ထားပြီးလက်မှတ်ထိုးဖို့ မဖြစ်နိုင်ဘူး။ ကျန်နေတဲ့အဖွဲ့တွေ မတိုက်ပါဘူးဆိုတဲ့ အာမခံချက် ဒီနေ့အထိမရှိသေးဘူး။ သဘောထားကြီးဖို့လိုတယ်။ တိုက်ပွဲကာလမှာ သူ့ဘက်ကိုယ့်ဘက်နာကျင်ခဲ့ကြတာရှိမယ်။ ဒါတွေကိုမေ့ပစ်ပြီး အားလုံးပါဝင်ရေးကို လုပ်ဆောင်နိုင်မှသာ ကျွန်တော်တို့နိုင်ငံကစစ်မှန်တဲ့ ငြိမ်းချမ်းရေးကိုရနိုင်မှာပါ။

## နားမကြားမသန်စွမ်းသူများအတွက် ရွေးကောက်ပွဲအသိပညာပေးဟောပြောချက်များ ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၇**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲသည် လွတ်လပ်၍တရားမျှတပြီး ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲဖြစ်ကြောင်း၊ ပြည်သူအားလုံးမဲပေးရန်လိုအပ်ကြောင်း ထင်ရှားစွာဖော်ပြနိုင်ရန် သတင်းနှင့်အစီအစဉ်များ ထုတ်လွှင့်လျက်ရှိပါသည်။

မဲဆန္ဒရှင်ပြည်သူများ ရွေးကောက်ပွဲဆိုင်ရာ ဗဟုသုတများရရှိကာ မဲဆန္ဒရှင်တစ်ဦး၏ အခွင့်အရေးနှင့် တာဝန်များ၊ မဲစာရင်းတွင် မိမိအမည်ပါရှိရေးနှင့် မိမိဆန္ဒမဲကို ခိုင်လုံမဲဖြစ်ရေး သိရှိနိုင်ရန်နှင့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အထောက်အကူဖြစ်စေရန်အတွက် ရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်များ၊ သတင်းထုတ်ပြန်ချက်များ၊ မဲစာရင်းပြုစုမှုသတင်းများ၊ မဲရုံမှူးသင်တန်းပေးမှုသတင်းများ၊ မသန်စွမ်းများအား မဲဆန္ဒပေးရေးပညာပေးသင်တန်းများနှင့် အခြားရွေးကောက်ပွဲဆိုင်ရာ ဆက်စပ်သတင်းများကို နာရီစဉ်အလိုက် သတင်းများတွင် ထည့်သွင်းထုတ်လွှင့်လျက်ရှိပါသည်။

ထို့အပြင် မသန်စွမ်းသူများ မဲပေးခွင့်အခွင့်အရေးမဆုံးရှုံးစေရန်အတွက် လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသင်တန်းကျောင်းမှ ကျွမ်းကျင်သူဝန်ထမ်းနှစ်ဦးနှင့် မြန်မာ့ရုပ်မြင်သံကြားမှ လက်သင်္ကေတပြ သင်တန်းတစ်နှစ်ခွဲကြာ တက်ရောက်ခဲ့သည့် သင်တန်းသူသုံးဦး ပေါင်းငါးဦးတို့က ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်(မောင်စာဂ) နှင့် ရွေးကောက်ပွဲဆိုင်ရာ သိကောင်းစရာ တွေ့ဆုံဆွေးနွေးခန်းအစီအစဉ်၊ အားလုံးတူညီ ဆန္ဒမဲပေးကြမည် အစီအစဉ်၊ ရွေးကောက်ပွဲဆိုင်ရာ သိမှတ်ဖွယ်ရာများ(TV Spot)ရွေးကောက်ပွဲဆိုင်ရာ ဟောပြောချက်များကို မသန်စွမ်းသူများ သိရှိနိုင်စေရန် ရည်ရွယ်၍ လက်သင်္ကေတပြဘာသာဖြင့် ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်း မြန်မာ့ရုပ်မြင်သံကြား၏ News Channel တွင် ထုတ်လွှင့်သွားမည်ဖြစ်ပါကြောင်း ကြိုတင်အသိပေးအပ်ပါသည်။ **မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**

## လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိ

**နေပြည်တော် ဩဂုတ် ၇**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိရာ ဩဂုတ် ၇ ရက်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၅၄ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၉၂ ဦး၊ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၁၃ ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်း ကိုးဦးတို့ တင်သွင်းခဲ့ပါသည်။ ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၇ ရက်အထိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၉၂၅ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၅၀၅ ဦး၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၈၈၈ ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်း ၁၀၄ ဦး၊ စုစုပေါင်း ၃၄၂၂ ဦးရှိပြီဖြစ်ပြီး နိုင်ငံရေးပါတီ ၆၈ပါတီနှင့် တစ်သီးပုဂ္ဂလ ၁၁၅ ဦးတို့မှ အမည်စာရင်းတင်သွင်းခဲ့ကြကြောင်းသိရှိရသည်။ အမည်စာရင်းတင်သွင်းမှုအသေးစိတ်အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Website www.uecmyanmar.org တွင် ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကျွန်တော်တို့ တပ်မတော်သားတွေ ပင်ပန်းပေမယ့်လည်း ပင်ပန်းတယ်လို့ သဘောမထားပါဘူး. . .

**တပ်ကြပ်ကြီးနိုင်လင်းစိုး**

Y-8အမျိုးအစား တပ်မတော်လေယာဉ်၏ စက်သံများက ရန်ကုန် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်၏ ဩဂုတ် ၇ ရက်နံနက်ခင်းကို ဖုံးလွှမ်းသွားခဲ့သည်။

ခရီးစဉ်၏ဦးတည်ရာက စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၊ ရည်မှန်းချက်က ကလေးမြို့ ရေဘေးသင့်ပြည်သူများအတွက် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် အလှူရှင်များ၏ ပေးပို့သော ထောက်ပံ့ရေးပစ္စည်းများကို သွားရောက်ပို့ဆောင်ပေးရန်ဖြစ်သည်။

ဩဂုတ် ၁ ရက်မှ စတင်၍ လာရောက်လှူဒါန်းသည့် ပစ္စည်းများကို စာရင်းဇယားသွင်း၊ အလေးချိန် ခြင်တွယ်ပြီး စနစ်တကျ သိမ်းဆည်းလက်ခံကာ ရခိုင်၊ ကလေး၊ချင်းဒေသ အလိုက် တပ်မတော်(လေ)က Y-8 လေယာဉ်၊ တပ်မတော်(ရေ)က စစ်သင်္ဘောများ၊ တပ်မတော်(ကြည်း)က ယာဉ်တန်းများဖြင့် ဒေသအလိုက်ပို့ဆောင်ပေးနေကြောင်း၊ ရေဘေးကယ်ဆယ်ရေး လှူဒါန်းပစ္စည်းများ လက်ခံထိန်းသိမ်းပို့ဆောင်ရေးဦးစီးအဖွဲ့(တပ်မတော်) ဒုတိယတာဝန်ခံ ရန်ကုန်တိုင်းစစ်ဌာနချုပ်ဦးစီးအရာရှိ ပထမတန်း(စစ်ထောက်) ဒုတိယဗိုလ်မှူးကြီးအေးလင်းက ပြောသည်။

"တပ်မတော်(လေ)က ရခိုင်ကိုဦးစားပေးပြီး စစ်တွေမြို့ကို အနည်းဆုံး သုံးခေါက်ပို့ဆောင်ပေးပါတယ်။ ဩဂုတ် ၇ ရက်မှာတော့ ကလေးကို တပ်မတော်(လေ)က Y-8 လေယာဉ်နဲ့ စတင်ပို့နေပါပြီ။ ပြန်လာရင် ရခိုင်ကိုဆက်ပို့ဖို့စီစဉ်နေပါတယ်။ ဩဂုတ် ၆ ရက်နေ့ကလည်း တပ်မတော်(ရေ)က စစ်သင်္ဘောတစ်စင်း စစ်တွေကို ထွက်သွားပြီး မုံရွာ၊ ကလေးနဲ့ ချင်းအတွက်လည်း တပ်မတော်က ကားခုနစ်စီးထွက်သွားပါပြီ။ လက်ရှိမှာ ထောက်ပံ့ရေးပစ္စည်း စုစုပေါင်း ၃၄၈ တန်ကျော်လက်ခံရရှိပြီး လေယာဉ်၊ သင်္ဘောနဲ့ ၂၄၈ တန်ကျော်ပို့ပြီးပါပြီ။ ဆက်လက်ပို့ဆောင်နေပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဩဂုတ် ၁ ရက်မှ ၆ ရက်အထိ ရေဘေးသင့်ပြည်သူများအတွက် အလှူရှင်များလှူဒါန်းသည့် ဆန်၊ ရေသန့်၊ ဆေးဝါး၊ အဝတ်အထည်၊ အစားအစာ၊ သက်န်း၊ သပိတ်နှင့် အထွေထွေပစ္စည်း ၃၄၈၃၄၄ ကီလို လက်ခံရရှိပြီး ၂၃၈၄၀၃ ကီလိုကို တပ်မတော်လေယာဉ် ၊ ရဟတ်ယာဉ်၊ သင်္ဘောနှင့် မော်တော်ယာဉ်များဖြင့် သက်ဆိုင်ရာရေဘေးသင့်ဒေသများသို့ ပို့ဆောင်ပေးခဲ့ပြီး လက်ကျန် ၁၀၉၉၄၁ ကီလိုကို ဆက်လက်ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

လူ/ကယ်/ပြန်၊ နယ်စပ်ရေးရာ၊ မွေးမြူရေးနှင့် ကျေးလက်၊ကျန်းမာရေး၊ဆက်သွယ်ရေး စသည့် ဌာနဆိုင်ရာများက တိုက်ရိုက်လှူဒါန်းကြသကဲ့သို့ လူမှုအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ တစ်ဦးချင်း လှူဒါန်းမှုများကိုလည်း မနက် ၇ နာရီမှ ညနေ ၅ နာရီအထိ လက်ခံပေးလျက်ရှိကြောင်းသိရသည်။

"တစ်နေ့တာလာရောက်လှူဒါန်းသမျှကို စာရင်းချုပ်ရတာကြောင့် ည ၉ နာရီအထိ မပြီးဘူး။ ဒါ့အပြင် အထက်ဌာနအဆင့်ဆင့်ကိုလည်း တင်ပြရပြီး အဲဒီကနေ လေယာဉ်နဲ့စီစဉ်ရမလား၊ သင်္ဘော ဒါမှမဟုတ် ကားနဲ့စီစဉ်ရမလားဆိုတာမျိုးကြောင့် ညနေ ၅ နာရီအထိလက်ခံပြီး စာရင်းချုပ်ရတာဖြစ်ပါတယ်။ တချို့ကလည်း လာရောက်လှူဒါန်းမှုကို ညအထိ လက်မခံဘူးဆိုတာမျိုး ပြောလာမှာစိုးလို့ လာရင်လည်း လက်ခံပေးပါတယ်။ သတ်မှတ်ချိန်အတွင်းဆိုတော့ ပိုပြီး အဆင်ပြေတာပေါ့ဗျာ"ဟု ဒုတိယဗိုလ်မှူးကြီးအေးလင်းက ဆိုသည်။




ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများ ခွဲဝေဖြန့်ဖြူးခြင်းကိုအချိန်နှင့်တစ်ပြေးညီ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းကော်မတီနှင့်ဆပ်ကော်မတီ ၄ ခုဖြင့် ဖွဲ့စည်းဆောင်ရွက်နေကြောင်းသိရသည်။

တာဝန်ခံဖြစ်သူ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဒုတိယဌာနချုပ်မှူး ဗိုလ်မှူးကြီးအောင်ကျော်ထွန်းက "လေယာဉ်နဲ့တစ်ခေါက်ကို ခြောက်တန်သာ ပို့ပေးနိုင်ပါတယ်။ စစ်တွေကိုတော့ ဩဂုတ် ၁ ရက်နေ့ကတည်းက ပို့နေတာ ဩဂုတ် ၆ ရက်ဆို ၁၆ ခေါက်ရှိပြီး ပစ္စည်းတန်ချိန် ၉၂ တန် ကျော်သွားပါပြီ။ ကလေးကိုတော့ ဩဂုတ် ၇ ရက်မှာ စတင်ပို့နေပါပြီ။ လေယာဉ်ကွင်းမရှိတဲ့ ဟားခါးနဲ့ ချင်းတောင်ကို တပ်မတော်ရဟတ်ယာဉ်တွေနဲ့ ပို့ပေးနေပါတယ်။ ကလေးက လေယာဉ်ပျံကွင်းရေမမြုပ်တာက တစ်ခု ကံကောင်းသွားတာပဲ။ လေယာဉ်ကွင်းသာမြုပ်ရင် ပိုဆိုးသွားမယ်"ဟုပြောသည်။

"ပြည်သူတွေရေဘေးဒုက္ခခံစားနေရတာကို ကျွန်တော်တို့လည်း ထပ်တူခံစားရတယ်။ ကိုယ်ချင်းစာပါတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သက်ဆိုင်ရာနဲ့ ပူးပေါင်းပြီး စေတနာနဲ့ မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးနေပါတယ်။ အားမငယ်ကြပါနဲ့။ လိုအပ်တဲ့ပစ္စည်းတွေ အမြန်ဆုံး ရောက်အောင်ပို့ပေးနေပါတယ်။ ပြည်သူတွေကို ပြည်သူ့တပ်မတော်က ကူညီနေမှာပါ။ ကျွန်တော်တို့ကတော့ ကျွန်တော်တို့လုပ်နေတဲ့ အလုပ်ကိုထိရောက်အောင်မြင်အောင် လုပ်ဆောင်နေမှာပါပဲ"ဟု မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဒုတိယဌာနချုပ်မှူး ဗိုလ်မှူးကြီး အောင်ကျော်ထွန်းက ဆိုသည်။

အမှတ်(၇)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဒုတိယရဲအုပ်ဇင်ပိုင်စိုးက"ရေဘေးသင့် ပြည်သူတွေကို ကိုယ်တိုင်မလှူနိုင်ပေမယ့်လည်း ယခုလို လုပ်အားနဲ့ လှူဒါန်းရလို့ ဝမ်းမြောက်ဂုဏ်ယူပါတယ်"ဟု ပြောသည်။

"ကျွန်တော်တို့ဒီမှာ တာဝန်ထမ်းဆောင်နေတာ နှစ်ရက်ရှိပါပြီ။ ကျွန်တော်တို့ တပ်မတော်သားတွေ ပင်ပန်းပေမယ့်လည်း ပင်ပန်းတယ်လို့သဘောမထားပါဘူး။ ရေဘေးသင့်ပြည်သူတွေကို တစ်တပ်တစ်အားဝင်ရောက်ကူညီရတဲ့အတွက် ကျေနပ်ပါတယ်"ဟု ဆိုလာသည့် အမှတ်(၁) ယာဉ်သိုလှောင်ရေးတပ်ရင်းမှ တပ်ကြပ်ကြီးနိုင်လင်းစိုး၏ ရင်တွင်းစကားသံကလည်း တပ်မတော်သားတစ်ဦး၏ ပြည်သူအပေါ်ထားရှိသည့် စေတနာကို ထင်ဟပ်စေပါတော့သည်။ ။

**သတင်းဆောင်းပါး - ခင်မောင်ထွေး**

**ဓာတ်ပုံ - ဇော်မင်းလတ်**

**ဆိုင်ကလုန်းမုန်တိုင်း "ကိုမန်" (Komen)၏အရှိန်ကြောင့် ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့မှ ၃၁ ရက်နေ့အထိ မိုးရွာသွန်းမှုနှင့် ၂၀၁၅ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှ ၇ ရက်နေ့အထိ မိုးရွာသွန်းမှုအား စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးမကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိုင်းထွာရရှိခဲ့သော စုစုပေါင်းမိုးရေချိန်(လက်မ)နှိုင်းယှဉ်ပြဇယား**

| တိုင်းဒေသကြီးနှင့် ပြည်နယ်များ | မြို့များ | ဇူလိုင်လ (၂၅)ရက်နေ့မှ(၃၁)ရက်နေ့အထိ စုစုပေါင်းမိုးရေချိန်(လက်မ) | ဩဂုတ်လ (၁)ရက်နေ့မှ (၇)ရက်နေ့အထိ စုစုပေါင်းမိုးရေချိန်(လက်မ) |
|---|---|---|---|
| စစ်ကိုင်းတိုင်းဒေသကြီး | မော်လိုက်မြို့ | ၁၁. ၃၀ | ၀. ၉၅ |
| | ကလေးဝမြို့ | ၁၁. ၁၄ | ၀. ၇၂ |
| | ရွှေဘိုမြို့ | ၇. ၀၅ | ၂. ၁၂ |
| | မုံရွာမြို့ | ၄. ၆၉ | ၀. ၆၃ |
| | ကလေးမြို့ | ၁၂. ၃၆ | ၀. ၄၃ |
| | ကန့်ဘလူမြို့ | ၄. ၆၉ | ၃. ၂၃ |
| မကွေးတိုင်းဒေသကြီး | ချောက်မြို့ | ၃. ၈၂ | ၀. ၄၇ |
| | မင်းဘူးမြို့ | ၆. ၁၈ | ၃. ၁၂ |
| | မကွေးမြို့ | ၆. ၉၃ | ၂. ၇၂ |
| | ဂန့်ဂေါမြို့ | ၈. ၄၆ | ၁. ၂၂ |
| | ဆင်ဖြူကျွန်းမြို့ | ၇. ၅၆ | ၀. ၉၈ |
| ချင်းပြည်နယ် | မင်းတပ်မြို့ | ၁၅. ၅၁ | ၁. ၄၂ |
| | ဟားခါးမြို့ | ၃၁. ၄၂ | ၁. ၁၅ |
| | ပလက်ဝမြို့ | ၄၂. ၅၂ | ၅. ၉၈ |
| | ဖလမ်းမြို့ | ၁၇. ၈၃ | ၀. ၂၈ |
| ရခိုင်ပြည်နယ် | ကျောက်တော်မြို့ | ၅၀. ၅၅ | ၉. ၃၃ |
| | စစ်တွေမြို့ | ၃၆. ၀၆ | ၄. ၈၄ |
| | ကျောက်ဖြူမြို့ | ၃၅. ၂၀ | ၇. ၆၈ |
| | သံတွဲမြို့ | ၂၄. ၈၀ | ၁၄. ၁၇ |
| | ဂွမြို့ | ၂၁. ၃၄ | ၉. ၅၇ |
| | မြောက်ဦးမြို့ | ၂၉. ၈၄ | ၃. ၀၃ |
| | မောင်တောမြို့ | ၄၈. ၆၉ | ၅. ၈၇ |
| ဧရာဝတီတိုင်းဒေသကြီး | ဟသ်ာတမြို့ | ၁၁. ၈၉ | ၃. ၁၁ |
| | မအူပင်မြို့ | ၁၀. ၃၄ | ၂. ၃၂ |
| | ဖျာပုံမြို့ | ၇. ၈၄ | ၅. ၃၉ |
| | ပုသိမ်မြို့ | ၁၃. ၃၀ | ၆. ၄၂ |
| | မြောင်းမြမြို့ | ၁၅. ၃၁ | ၄. ၉၆ |
| | ငါးသိုင်းချောင်းမြို့ | ၁၄. ၅၈ | ၁. ၉၇ |
| | ဇလွန်မြို့ | ၁၀. ၇၅ | ၁. ၄၂ |

**၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့မှ ၃၁ရက်နေ့အထိ ဆိုင်ကလုန်းမုန်တိုင်း "ကိုမန်" (Komen)၏ အရှိန်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိုင်းထွာရရှိခဲ့သော စုစုပေါင်းမိုးရေချိန်**

| တိုင်းဒေသကြီးနှင့်ပြည်နယ်များ | မြို့များ | စုစုပေါင်းမိုးရေချိန် |
|---|---|---|
| စစ်ကိုင်းတိုင်းဒေသကြီး | မော်လိုက်မြို့ | ၁၁. ၃၀ |
| | ကလေးဝမြို့ | ၁၁. ၁၄ |
| | ကလေးမြို့ | ၁၂. ၃၆ |
| | ရွှေဘိုမြို့ | ၇. ၀၅ |
| | မုံရွာမြို့ | ၄. ၆၉ |
| မကွေးတိုင်းဒေသကြီး | ချောက်မြို့ | ၃. ၈၂ |
| | မင်းဘူးမြို့ | ၆. ၁၈ |
| | မကွေးမြို့ | ၆. ၉၃ |
| | အောင်လံမြို့ | ၆. ၈၅ |
| | ဂန့်ဂေါမြို့ | ၈. ၄၆ |
| | ဆင်ဖြူကျွန်းမြို့ | ၇. ၅၆ |
| ချင်းပြည်နယ် | မင်းတပ်မြို့ | ၁၅. ၅၁ |
| | ဟားခါးမြို့ | ၃၁. ၄၂ |
| | ပလက်ဝမြို့ | ၄၂. ၅၂ |
| | ဖလမ်းမြို့ | ၁၇. ၈၃ |
| ရခိုင်ပြည်နယ် | ကျောက်တော်မြို့ | ၅၀. ၅၅ |
| | စစ်တွေမြို့ | ၃၆. ၀၆ |
| | ကျောက်ဖြူမြို့ | ၃၅. ၂၀ |
| | သံတွဲမြို့ | ၂၄. ၈၀ |
| | ဂွမြို့ | ၂၁. ၃၄ |
| | မြောက်ဦး | ၂၉. ၈၄ |

**သင့်စီးပွားရေးအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထို့သို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသ ပေါ်လွင်အောင်ရေးသား ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးလိုက်ပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနှင်း၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)




ငယ်ဘဝကို မှတ်မိသလောက်တော့ ကျွန်တော့်ကို အမေက ကျောင်းပို့ကျောင်းကြိုလုပ်ပေးတာ ကျောင်းစ နေတဲ့ သူငယ်တန်းလေးအရွယ်မှာပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့က သာသနာပြုကျောင်းပညာရေးကို အဖျားအနားလေးမီလိုက်ပါသေးတယ်။ အဲဒီတုန်းက သူငယ်တန်းက သုံးတန်းရှိတယ်။ သူငယ်တန်းလေး(က)၊ သူငယ်တန်းလတ်(ခ)၊ သူငယ်တန်းကြီး (ဂ) ဆိုပြီးတော့ပါ။

ကျွန်တော်က သူငယ်တန်းလတ်ကို မနေလိုက်ရဘူး။ သူငယ်တန်းလေးကနေ သူငယ်တန်းကြီး တန်းဖြစ်သွားတယ်။ သူငယ်တန်းကြီးကျတော့ လောပိတကို ရောက်နေပြီ။ အဲဒါတော့ ကောင်းကောင်းမှတ်မိတယ်။ လှိုင်ကော်က စိန့်ဂျိုးဇက်ကျောင်းမှာ တက်ရတာပါ။ အဲဒီတော့ အရင်အခေါ် လျှပ်စစ်ဓာတ်အားပေးရေး ဘုတ်အဖွဲ့ရဲ့ ရုံးပိုင်ဟီးနိုးကုန်တင်ကားကြီးတွေနဲ့ လောပိတကနေ လှိုင်ကော် ၁၂ မိုင်ခရီးကို ကြိုပို့ပေးတယ်။ ဝန်ထမ်းမိသားစု သားသမီးတွေ ကျောင်းတက်နိုင်အောင်ပါ။

တစ်ခါမှာ အဲဒီ ဟီးနိုးကားပေါ်ကအဆင်း မှောက်လျက်လဲလို့ ကျွန်တော့် အောက်နှုတ်ခမ်းမှာ ယနေ့ထက်တိုင် သေရာပါ အမာရွတ်ဖုကလေးနဲ့ ဖြစ်နေပါတော့တယ်။

အဲဒီလို ကျောင်းတတ်ရတော့ ကျောင်းကားနဲ့ဖြစ်သွားပါပြီ။ဒါကြောင့် ကျွန်တော့်အမေက ကျောင်းလိုက်မပို့တော့ပါဘူး။

တစ်တန်းကျတော့ သာသနာပြုကျောင်းတွေကို ပြည်သူပိုင် သိမ်းလိုက်ပါပြီ။ သမိုင်းအစပါ။ အဲဒီပထမတန်းမှာကျတော့ လောပိတမှာ အသစ်ဖွင့်လိုက်တဲ့ အစိုးရအလယ်တန်းကျောင်းလေးမှာ တက်ရပါတယ်။ အိမ်နဲ့ ကျောင်းနဲ့က ခြေကျင်သွားရင် ရောက်တယ်။ အဲဒီတော့လည်း အမေက လိုက်ပို့ပေးမနေတော့ပါဘူး။ ကျွန်တော့်ဘာသာကျွန်တော် သွားခဲ့ရတာပါ။

အဲဒီမှာ သုံးတန်းအထိ နေရတယ်။ လေးတန်းကျတော့ ကျွန်တော့်ကို တောင်ကြီးက အထက်တန်းကျောင်းမှာ ကျောင်းအိပ်ကျောင်းစား ထားပြန်တယ်။ ကျောင်းဝေးစွ တောင်ကြီးမြို့ကိုတောင် မိဘတွေက လိုက်မပို့နိုင်ခဲ့ပါဘူး။ လေယာဉ်စရိတ် ချွေတာရလို့ပဲ ဖြစ်ပါလိမ့်မယ်။ ကျွန်တော့်ကို လှိုင်ကော်လေဆိပ်ကနေ လေယာဉ်ပေါ် တင်ပေးလိုက်ပါတယ်။ အသက်ကလေးမှ ဘာရှိဦးမှာလဲ။ ကိုးနှစ်သားပဲ ရှိသေးတာပါ။ လေယာဉ်ကို လူကြီးမိဘမပါဘဲ တစ်ယောက်တည်း စီးနင်းပြီး ဟဲဟိုးကိုရောက်သွားပါတယ်။

ဟဲဟိုးကိုရောက်တော့ ကျွန်တော့်အုပ်ထိန်းသူအဖြစ် တာဝန်ယူပေးမယ့် တောင်ကြီးမြို့မှာ တာဝန်ကျနေ သူအဖေနဲ့ တစ်ဌာနတည်း အဖေ့ထက် ရာထူးအဆင့် များစွာကြီးမားတဲ့အင်ဂျင်နီယာကြီးက လာကြိုပါတယ်။ သူ့အိမ်မှာ နှစ်ရက်လောက်နေပြီးတော့ ကျောင်းကို လိုက်ပို့ခဲ့ပါတယ်။ ကျောင်းက ကျောင်းအိပ်ကျောင်းစားဆိုတော့ ကိစ္စပြတ်ရောပေ့ါ။ သီတင်းကျွတ် ကျောင်းပိတ်ရက်မှာ လေယာဉ်ကို တစ်ယောက်တည်းစီးပြီး လောပိတက အမေတို့ရှိရာကို ပြန်ရတယ်။ ပြီးတော့ လေယာဉ်စီးပြီးကျောင်းကို ပြန်တက်။ အဲဒီလိုပါ။

ငါးတန်းရောက်တော့ မန္တလေး အမှတ်(၉) အထကကိုရွှေ့ရပြန်တယ်။ အဲဒီမှာလည်း ကျောင်းအိပ်ကျောင်းစားပဲ။ သို့သော် သိပ်ကြာကြာမခံဘူး။ ဆေးလိပ်ခိုးသောက်တဲ့အမှု၊ ညဘက် ကျောင်းအုတ်တံတိုင်းကျော်ထွက် ပြီး ညဈေးတန်းသွားမှုများနဲ့ စာသင်နှစ်တစ်ဝက်မှာ ကျောင်းအိပ်ကျောင်းစားအဖြစ်က ထုတ်ပယ်ခံလိုက်ရပါတယ်။ အသက်ကလေးမှ ဘာရှိဦးမှာလဲ။ ၁၁ နှစ်တောင်မပြည့်သေးဘူး။ ကျွန်တော်တို့များ အဲသလိုမကောင်းခဲ့တာဗျာ။

ကျောင်းအိပ်ကျောင်းစားဘဝက စုတေသွားတော့ နေ့ကျောင်းသားဖြစ်သွားတယ်။ ၈၁ လမ်းပေါ်၊ ၁၉ လမ်းနဲ့ သိပ်မလှမ်းလှတဲ့နေရာမှာက အဘွားအိမ်ရှိတယ်။ ကျွန်တော့်ဦးကြီးတို့ ဇနီးမောင်နှံ နေထိုင်ကြတယ်။ အဲဒီကနေ ၂၅ လမ်းနဲ့ ၂၆ လမ်းကြား၊ ရွှေတချောင်းအနောက်ဘက်မှာရှိတဲ့ အမှတ်(၉) ကျောင်းကို ခြေလျင် ကြိတ်ရတာပေ့ါဗျာ။ တစ်နေ့တစ်နေ့ ကျောင်းသွားကျောင်းပြန် စုစုပေါင်းမန္တလေးအခေါ် ၉ ပြကျော်ကို လျှောက်ခဲ့ရတာဗျ။ နည်းနည်းနောနောမဟုတ်ဘူး။

(တစ်ပြဟာ ၅၂၅ ပေ၊ ကိုက်နဲ့ပြောရင် ၁၇၅ ကိုက်၊ မီတာနဲ့ပြောရင် မီတာ ၁၆၀ ရှိတာမို့ ကျွန်တော်သွားရတဲ့ ကိုးပြဟာ မီတာ ၁၄၄၀၊ တစ်မိုင်နီးပါး (၀. ၈၉၅ မိုင်)ရှိပါတယ်။)

အဲဒါလည်း ဘယ်သူမှ ကျွန်တော့်ကို တခုတ်တရလိုက်ပို့မနေပေါင်ဗျာ။ မနက်တိုင်း ကိုယ့်ဘာသာ လွယ်အိတ်လေးလွယ်၊ ထမင်းချိုင့်လေးဆွဲပြီး ငိုက်စိုက်ငိုက်စိုက်နဲ့ တစ်ယောက်တည်း ဟိုမော့သည်မော့လျှောက်ရတာပေ့ါ။ အပြန်လည်း တစ်ယောက်တည်းပြန်ပေ့ါ။ ဘယ်သူမှ လာမကြိုဘူး။

အဲဒီခရီးကို သွားရာ၊ ပြန်ရာမှာ ကျွန်တော်က တစ်နေ့တစ်မျိုး မရိုးအောင် သွားတယ်။ ဖြတ်ချင်တဲ့လမ်းက ဖြတ်သွားတယ်။ မော့ချင်တာ မော့သွားတယ်။ တစ်ခါတလေ ဓားတန်းဝင်းမှာ မြို့မ သီချင်းတိုက်နေသံတွေ ကြားရင် ရပ်နားထောင်ချင် ထောင်လိုက်သေးတယ်။ အဲသလို။ ထားပါတော့ဗျာ။

ခြောက်တန်းကျတော့ ရန်ကုန်ရောက်ပြီ။ အထက(၆) ဗိုလ်တထောင်ကို ရောက်လာတယ်။ မိသားစုလိုက် ပြောင်းလာကြတာပါ။ ရန်ကုန်ကို ရောက်ရောက်ချင်းက ရေကျော် ဝတ်ကျောင်းလမ်းမှာ အခန်းငှားပြီးနေကြတာ။ ဝတ်ကျောင်းလမ်းနဲ့ မြောင်းကြီးလမ်းထောင့် အိမ်နံပါတ် ၁၃ ရဲ့ အပေါ်ထပ် ခေါင်းရင်းခန်းလေးကို ငှားတော့ တစ်လကို ၄၅ ကျပ်ပေးရတယ်။ စပေါ်က ငါးထောင်။

အဲဒီကနေ သိမ်ဖြူလမ်းနဲ့ ဗိုလ်အောင်ကျော်လမ်းကြား၊ ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာလမ်းကြားမှာ တည်ရှိတဲ့ အထက(၆)ကို ကျောင်းတက်ရတာ။ ပထမ တစ်ရက်ပဲ အဖေက လမ်းပြပေးတယ်။ နောက်ရက်တွေ ကိုယ့်ဘာသာ တက်ပေရော့ပဲ။

ရေကျော်မှာ သိပ်မကြာလိုက်ဘူး။ ခုနစ်တန်းနှစ်မှာ လမ်း ၄၀ ကို ပြောင်းတယ်။ အိမ်နံပါတ် ၂၃၉၊ ပထမထပ် ညာဘက်ခန်း။ ရွှေတစ်ကျပ်သားကို သုံးရာကျော်ကျော်လောက်ပဲ ပေးရတဲ့ခေတ်မှာ ကျပ်ခုနစ်ထောင်နဲ့ ဝယ်လိုက်တဲ့တိုက်ခန်းလေးပေ့ါ။ အဲဒီကနေ အထက(၆) ဗိုလ်တထောင်ဆိုတာ လှမ်းအော်ရင်တောင် ကြားနိုင်တဲ့အကွာအဝေး။ အိမ်ကထွက် သုံးမိနစ်လောက ဆို ကျောင်းဝင်းထဲရောက်သွားပြီ။ ဘယ်သူက လိုက်ပို့နေမှာတုန်း၊ ကြိုပေးမှာတုန်း။

ကျွန်တော့်အဖေ အမေက တစ်ဦးတည်းသော သားလေးမွေးထားတာမို့ အင်မတန် သည်းသည်းလှုပ်ပါတယ်။ သူတို့သည်းသည်းလှုပ်တာက ကျွန်တော့်ကို ပညာရေးမှာ ထူးချွန်စေချင်တာပါ။ ကျန်တာကတော့ လွတ်လွတ်လပ်လပ်ပါပဲ။

အဲဒီတော့ ရှစ်တန်းကျောင်းသားလောက်မှာ ကျွန်တော်ဟာ ရန်ကုန်မြို့လယ် ကြမ်းပိုးဖြစ်နေပါပြီ။ သွားတတ်လာတတ်နေပါပြီ။ ဘတ်(စ်)ကားလည်း ကောင်းကောင်းစီးတတ်နေပြီ။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုကလည်း အတော်ကြီးမားနေပါပြီ။

ကျွန်တော့် သမီးနဲ့သား လက်ထက်ကျတော့လည်း မူကြိုနဲ့သူငယ်တန်းအရွယ်ပဲ ကျွန်တော်တို့ ကြိုပို့ပေးပါတယ်။ တစ်တန်းရောက်ကြတဲ့အခါမှာ ကျောင်းကားစီးစေပါတယ်။ သူတို့ အလယ်တန်းရောက်တော့ ကျောင်းနဲ့အိမ်နဲ့က ဆယ်မိနစ်လောက်ပဲ လျှောက်ရတဲ့အကွာအဝေး။ အဲဒီတော့ ခြေကျင်ကျိတ်ပေ့ါ။ ကျွန်တော်အားတဲ့အခါ တစ်ခါတလေ သွားကြိုပေးတာမျိုးတော့ရှိပါတယ်။ ဒါလည်း မေ့လောက်မှတစ်ခါပါ။

သမီးက ကိုးတန်းရောက်တော့ ပန်းမြို့တော် ပြင်ဦးလွင်မှာ ကျောင်းအိပ်ကျောင်းစားသွားနေတယ်။ လိုက်ပို့ပေးလိုက်တယ်။ သီတင်းကျွတ်ကျောင်းပိတ်ရက်မှာ သွားကြိုတယ်။ အိမ်ခဏပြန်ခေါ်လာတယ်။ ကျောင်းဖွင့်တော့ ပြန်ပို့တယ်။ အဲဒါသူကိုးတန်း၊ ဆယ်တန်းနှစ်နှစ်လုံး။ သူဆယ်တန်းဖြေတော့လည်း ကျွန်တော်တို့လိုက်မသွားပါဘူး။

သမီးအကြောင်း သိသိကြီးနဲ့ ကျွန်တော်တို့သူ့ကို စမိခဲ့သေးတယ်။

"ဆယ်တန်းစဖြေတဲ့ အချိန်ကတည်းက လာနေပေးရမလား"လို့ မေးမိတယ်။

"ဟင်. . . ဘာလုပ်ဖို့လဲ"

သူ့အမေ ရယ်ပြီး သူ့သမီးကို ဆက်စပါတယ်။

"ဩော်. . သမီးလေးက စာမေးပွဲဖြေ၊ မေမေက အစွမ်းကုန်ပြင်ဆင်ခြယ်သလာပြီး ကျောင်းပေါက်နားမှာ စားစရာ သောက်စရာအပြည့်နဲ့ ထိုင်စောင့်ရင်း ကျန်တဲ့အမေတွေနဲ့ အတင်းပြောရအောင်လေ"

သမီးက မျက်မှောင်လေးတွန့်ပြီး "မေမေနော်. . . ပေါက်ပေါက်ရှာရှာ။ နောက်ဆုံးဘာသာဖြေပြီးမှပဲ လာကြိုကြပါနော်"တဲ့။

တကယ်လည်း သူနောက်ဆုံးဘာသာဖြေဆိုပြီးတဲ့ နေ့ကျတော့မှာပဲ သွားကြိုပြီး ရန်ကုန်ပြန်ခေါ်လာခဲ့တယ်။

သားကျတော့လည်း ဆယ်တန်းမှာ အဲဒီလိုပဲ။ သမီးနေခဲ့တဲ့ ကျောင်းအိပ်ကျောင်းစား ကျောင်းမှာပဲနေတယ်။ သမီးလိုပဲ တစ်နှစ်လုံး ထားထားလိုက်တယ်။

အကျိုးဆက်ကတော့ အခု ၂၀ ကျော် အစိတ်ပိုင်းရောက်နေကြလေပြီဖြစ်တဲ့ သမီးရော သားပါ ဘယ်သူ့ ကိုမှ၊ ဘာကိုမှ မကြောက်တတ်တော့ဘူး။ သူတို့ခြေထောက်ပေါ် သူတို့ယုံယုံရဲရဲ ရပ်နေကြပြီ။

ဒါကို ရေးရတာက အဖြစ်တစ်ခုနဲ့ မနေ့က ကြုံလိုက်လို့ပါ။

မနေ့က နေ့လယ်နေပူကျဲတောက်အောက်မှာ မိတ်ဆွေအမျိုးသမီးတစ်ယောက် သူ့ကလေးတွေကျောင်းကြိုလာတာ တွေ့လိုက်တယ်။ ကလေးတွေက ခုနစ်တန်း၊ ရှစ်တန်းအရွယ်၊ မတိမ်းမယိမ်း၊ နှစ်ယောက်၊ သည်အရွယ်ကြီးတွေတောင် ရောက်နေပြီ၊ ကြိုနေပို့နေရတုန်းပဲလားဗျာလို့ မနေနိုင်တဲ့ ကျွန်တော်ပါးစပ်က ထွက်သွားတယ်။ ကားတွေရှုပ်လို့ကြိုပို့နေတာရှင့်တဲ့။ သားသည်မအေက ပြန်ဖြေတယ်။

ကျွန်တော့် စိတ်ထဲ အတော်ဘဝင်မကျဖြစ်သွားတယ်။

သည်မအေဟာ သားသမီးကို ချစ်တာတော့ မှန်တယ်။ သို့သော် ချစ်နည်းမမှန်ဘူးလို့လည်း တွေးလိုက်မိရတယ်။

သည်လိုမအေမိဘတွေကြောင့် ရန်ကုန်မြို့ကြီးက ကျောင်းချိန်တွေမှာ မလိုအပ်ဘဲ ယာဉ်ကြောတွေပိတ်ဆို့ကုန်ရတာပဲလို့လည်း ဆက်ပြီးတွေးဖြစ်အောင်တွေးမိသွားရပါသေးတယ်။

တစ်ဆက်တည်းမှာပဲ ကျွန်တော့်အဖေနဲ့ အမေကို ရိုသေစွာလက်စုံမိုးပြီး ရှိခိုးပူဇော်လိုက်မိရပါတော့တယ်။

တကယ်တော့ မိဘတွေ ချစ်ပုံမှန်မှ သားသမီးတွေကို နှစ်ရာမရောက်ဘူးဆိုတာ မိဘတိုင်းသတိထားသင့်တဲ့အကြောင်းပြောလည်း သိပ်ပြောချင်နေတယ်၊ ပြောလည်းမပြောရဲဘူးခင်ဗျ။ ဒါပေမယ့် ပြောချင်စိတ်က အနိုင်ရသွားတဲ့အတွက် မရဲတရဲနှင့် ပြောလိုက်မိသွားရပါပြီ။ အားလုံးအတွက် တွေးဆဆင်ခြင်စရာ တစ်ခုခုတော့ ရသွားတန်ကောင်းရဲ့လို့ မျှော်လင့်မိပါတယ်ခင်ဗျား။

> တကယ်တော့ မိဘတွေ ချစ်ပုံမှန်မှ သားသမီးတွေကို နှစ်ရာမရောက်ဘူးဆိုတာ မိဘတိုင်းသတိထားသင့်တဲ့အကြောင်းပြောလည်း သိပ်ပြောချင်နေတယ်၊ ပြောလည်းမပြောရဲဘူးခင်ဗျ။ ဒါပေမယ့် ပြောချင်စိတ်က အနိုင်ရသွားတဲ့အတွက် မရဲတရဲနှင့် ပြောလိုက်မိသွားရပါပြီ။ အားလုံးအတွက် တွေးဆဆင်ခြင်စရာ တစ်ခုခုတော့ရသွားတန်ကောင်းရဲ့လို့ မျှော်လင့်မိပါတယ်ခင်ဗျား . . .



၂၀၁၅ ခုနှစ် ဩဂုတ် ၅ ရက်က ရေစကြိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ရေဘေးကယ်ဆယ်ရေးစခန်းများတွင် မိုးလေဝသ အခြေအနေများ၊ ရေဘေးအသိပညာပေး နှီးဆော်မှုများနှင့် နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ- မြို့နယ်(ပြန်/ဆက်)

# အင်္ဂပူမြို့ရှိ ရေနစ်မြုပ်ဒေသများ၌ ကယ်ဆယ်ရေးစခန်းများဖွင့်

**အင်္ဂပူ ဩဂုတ် ၇**

အင်္ဂပူမြို့နယ်တွင် ဩဂုတ် ၃ ရက် နံနက် ၆ နာရီက ဧရာဝတီမြစ်ရေသည် အန္တရာယ်ရေအမှတ် ၅၂ ဒသမ ၂၀ ပေ သို့ ရောက်ရှိနေသဖြင့် ဒေသအချို့တွင် ရေဝင်နစ်မြုပ်လျက်ရှိသည်။

အဆိုပါ ရေဝင်နစ်မြုပ်ဒေသများရှိ အိမ်ထောင်စုများအား ကယ်ဆယ်ရေးခန်းများ ဖွင့်လှစ်ထားရှိပြီး ပြောင်းရွှေ့အိမ်ထောင်စုများ၏ ကျန်းမာရေးနှင့် စားသောက်ရေးတို့အတွက် ဆေးပေးခန်းများ ဖွင့်လှစ်ထားသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး၏ စီမံမှု၊ စေတနာရှင်များက စုပေါင်းလှူဒါန်းမှုတို့ဖြင့် ထမင်းထုပ်များ၊ သောက်ရေသန့်များ ဝေငှပေးလျက်ရှိကြောင်းနှင့် အင်္ဂပူမြို့နယ်တွင် ရေဝင်နစ်မြုပ်ဒေသ ၁၀ ခုရှိ အိမ်ထောင်စု ၄၀၉ စု၊လူဦးရေ ၂၀၀၈ ဦးအတွက် ကယ်ဆယ်ရေးစခန်း ၁၅ ခု ဖွင့်လှစ်ဆောင်ရွက်ထားကြောင်း သိရသည်။

**မန်းကျော် (ပြန်/ဆက်)**

# ဂန့်ဂေါမြို့နယ်တွင် အရန်သားဖွား ၁/၂၀၁၅ သင်တန်းဆင်း

**ဂန့်ဂေါ ဩဂုတ် ၇**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ဖွင့်လှစ်ခဲ့သည့် အရန်သားဖွားသင်တန်း (၁/၂၀၁၅) ဆင်းပွဲကို ဩဂုတ် ၅ ရက်နံနက်က ဂန့်ဂေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

သင်တန်းဆင်းပွဲတွင် ဂန့်ဂေါခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဇင်နှင့် ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်မြင့်ဦးတို့က အမှာစကားပြောကြားခဲ့ပြီး မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်က သင်တန်းသူများအား အရန်သားဖွားဆရာမသုံး KIT ပုံးများ ပေးအပ်ခဲ့သည်။

ထိုသင်တန်းဆင်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မိုးမိုးလှိုင်နှင့် အသင်းဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သင်တန်းကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ထောင်စုနှစ်ရည်မှန်းချက် အကောင်အထည်ဖော်ရေးရန်ပုံငွေအဖွဲ့၏ ထောက်ပံ့မှုဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကာ သင်တန်းသို့ ဆောမြို့နယ်မှ ၁၀ ဦး၊ ဂန့်ဂေါမြို့နယ်မှ ခုနစ် ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ စာတွေ့ သုံးလနှင့် လက်တွေ့သုံးလကြာမြင့်ခဲ့ကြောင်း သိရသည်။

(၄၆၅)

# ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ရှိ ငဝန်မြစ်ရေ စိုးရိမ်ရမှုမရှိသေး

**ငါးသိုင်းချောင်း ဩဂုတ် ၇**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ဇောဓိကုန်းကျေးရွာအနီး တာမိုင် (၄၅/၂) ရေကင်းအမှတ်(၂) တွင် မြို့အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ စည်ပင်သာယာရေးကော်မတီ၊ ဖွံ့ဖြိုးရေးနှင့် အထောက်အကူပြုကော်မတီများ၊ နယ်မြေရဲတပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့နှင့် ဒေသခံပြည်သူလူထုအင်အား ၆၀ ခန့်နှင့် ဆည်မြောင်းတာဝန်ခံများမှ သဲအိတ်များ ထပ်ပိုးလွှာတင်ခြင်း၊ လိုအပ်သောကြိုတင်ကာကွယ်မှုများ ဆောင်ရွက်လျက်ရှိသည်။

ငဝန်မြစ်ရေသည် ဩဂုတ် ၅ ရက် နံနက် ၆ နာရီတိုင်းထွာချက်အရ စိုးရိမ်ရေအမှတ်အထက် လေးပေခန့် ရောက်ရှိနေသော်လည်း စိုးရိမ်ရသောအခြေအနေမရှိသေးကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအား ပစ္စည်းများထောက်ပံ့

**နေပြည်တော် ဩဂုတ် ၇**

မကွေးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအား ဆန်၊ဆီ၊ဆား၊ ရေသန့်၊ အဝတ်အထည်၊ ခေါက်ဆွဲခြောက်နှင့် အခြားလှူဒါန်းပစ္စည်းများကို နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ရပ်ကွက်၊ စေတနာ နာရေးကူညီမှုအသင်းမှ ဩဂုတ် ၇ ရက်ကလှူဒါန်းခဲ့သည်။



ရေဘေးသင့် ပြည်သူများအတွက် ရပ်ကွက်အတွင်း ယာယီအလှူခံဌာနကို ဖွင့်လှစ်ပြီး စေတနာရှင် ရဟန်းနှင့် ပြည်သူများက နေ့စဉ်လာရောက် လှူဒါန်းလျက်ရှိကာ ယခုအခါ အများပြည်သူ လှူဒါန်းငွေနှင့် ပစ္စည်းတန်ဖိုး စုစုပေါင်းငွေကျပ် သိန်း ၁၀၀ အလှူခံရရှိပြီဖြစ်ကြောင်း သိရသည်။

**ရွှေရဲရင့်**

# ကော့သောင်းမြို့နယ်ရှိ သံဃာတော်များ ရေဘေးသင့်ဒေသသို့ အကူအညီပေး

**ကော့သောင်း ဩဂုတ် ၇**

ကော့သောင်းမြို့ရှိ သံဃာတော်များဦးဆောင်၍ ရေဘေးသင့်ပြည်သူများနှင့် ရဟန်းသံဃာတော်များအား အကူအညီပေးနိုင်ရေးအတွက် ဩဂုတ်လဆန်းပိုင်းမှ စတင်၍ မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စေတနာရှင်ပြည်သူများထံ အလှူခံကြွရောက် စည်းရုံးဆောင်ရွက်ခဲ့ကြရာ ဩဂုတ် ၅ ရက် နံနက်ပိုင်းက အလှူခံရရှိသည့် အလှူငွေနှင့် ပစ္စည်းများအား လွှဲပြောင်းပေးအပ်ခြင်းကို ကော့သောင်းမြို့ နိဗ္ဗာန်အေးပရိယတ္တိစာသင်တိုက်၌ ကျင်းပခဲ့သည်။

ရေဘေးသင့်ပြည်သူများအား အကူအညီပေးရေး အကျိုးတော်ဆောင် ဆရာတော်၊ သံဃာတော်များမှ မြို့နယ်အတွင်း အလှူခံရရှိငွေစုစုပေါင်း ကျပ်သိန်း ၇၀ ကျော်၊ သံဃာတော်များနှင့် ရေဘေးသင့်ပြည်သူများအတွက် သင်္ကန်းများ၊ အဝတ်အစားများ၊ ဆေးဝါးပစ္စည်းများအား ကော့သောင်းမြို့ ဘိုးဘွားရိပ်သာကော်မတီမှ တာဝန်ရှိသူများထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း ပြန်/ဆက်)**

## အကြိမ်(၂၀)မြောက်၊ တိပိဋကရမ္မာဝတီဆရာတော်၏ မျက်စိအလင်းအလှူပွဲကို ၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၇-၈-၉ရက်များတွင် အထူးကုဆရာဝန်ကြီးများနှင့် ကုသပေးပါမည်

- (၁၁)ပါးမြောက်တိပိဋကဆရာတော်ဘဒ္ဒန္တကုန္ဒပါလ ၏ မွေးနေ့ပူဇာဒါနကုသိုလ်မင်္ဂလာပွဲကို ရန်ကုန်တိုင်းဒေသကြီး၊ ပုလဲမြို့သစ်ရှိ ပုလဲရောင်ရှိန် စာသင်တိုက်တွင် ၉-၈-၂၀၁၅ရက်၌ကျင်းပပါမည်။
- ဆရာတော်၏မွေးနေ့အလှူအဖြစ် အနယ်နယ်အရပ်ရပ်က မျက်စိဝေဒနာရှင်များကို ၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၇/၈/၉ရက်များတွင် အခမဲ့ကုသိုလ်ဖြစ် စမ်းသပ်ကုသပေးပါမည်။
- အထက်ပါအလှူပွဲကို၊ အလှူရှင်များအဖြစ် ဒေါ်ရှုကြည် (ဂမုန်းပွင့်ကုမ္ပဏီမိသားစု)နှင့် ဦးကျော်မြင့်(Golden Flower Company)မိသားစုတို့က တာဝန်ယူလှူဒါန်းမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ မျက်စိဝေဒနာရှင်များ ဖော်ပြပါရက်များတွင် လာရောက်ကုသနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**စက္ခုပါလမျက်စိအလင်းအဖွဲ့**

တရုတ် ENGLISH Conversation Practice
စကားပြောရုံပဲဆိုရင် (တရုတ်)စာမတတ်လည်းပြောလို့ရတယ်။ Sayar.Yang
ပြောလိုပြီးပြောမတတ်သူ ပြောတတ်ပြီးပြောမထွက်သူအတွက် စကားပြောလေ့ကျင့်သင်တန်း
Great Wall စကားပြော ၊ စကားပြန်
TAMWE - 540714, 09 5183636
09 49 285182

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ပုဂံယဉ်ကျေးမှုအမွေအနှစ် ဒေသဇုန်နယ်နိမိတ်ကျောက်တိုင်များ စိုက်ထူခြင်းလုပ်ငန်း

(ခ) အမျိုးသားပြတိုက် (ရန်ကုန်) ပြင်ဆင်ခင်းကျင်းပြသခြင်းလုပ်ငန်း
- သဘာဝသမိုင်းပြခန်းပြန်လည်ခင်းကျင်းခြင်းနှင့် လေအေးပေးစက်များ တပ်ဆင်ခြင်းလုပ်ငန်းပေ(၁၂၀×၁၀၀)
- ဗုဒ္ဓအနုပညာပြခန်းပြန်လည်ခင်းကျင်းခြင်းနှင့် မျက်နှာကြက်များ ပြုပြင်ခြင်း၊ နံရံဆေးသုတ်ခြင်းလုပ်ငန်းပေ(၁၂၀×၁၀၀)
- အာဆီယံသုတ ပြခန်းပြန်လည်ခင်းကျင်းခြင်းနှင့် နှင့် လေအေးပေးစက်များ တပ်ဆင်ခြင်းပေ(၇၀×၂၀)
- C ဆောင်အမိုးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း (၄၄၇၀ စတုရန်းပေ)

၂။ ဖော်ပြပါ လုပ်ငန်းများနှင့်ပတ်သက်၍ အိတ်ဖွင့်တင်ဒါပုံစံများအား ၁၀-၈-၂၀၁၅ ရက်မှ ၃၁-၈-၂၀၁၅ရက်ထိ ဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၃၅) တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၇-၉-၂၀၁၅ရက်၊ နံနက် ၁၀း၀၀နာရီတွင် အမျိုးသားပြတိုက်(နေပြည်တော်) အစည်းအဝေးခန်းမ၌ အိတ်ဖွင့်တင်ဒါဖွင့်လှစ်ကြေညာမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အခြားသိရှိလိုသည်များအတွက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော် (ဖုန်းနံပါတ် ၀၆၇-၄၀၈၀၂၇)၊ အမျိုးသားပြတိုက်(ရန်ကုန်) (ဖုန်းနံပါတ် ၀၁-၃၇၈၆၅၂) နှင့် ပုဂံဌာနခွဲ(ဖုန်းနံပါတ် ၀၆၁-၆၀၂၆၉)တို့ထံ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**
**ယဉ်ကျေးမှုဝန်ကြီးဌာန**

## မြေကွက်ရောင်းရန်ရှိသည်

မင်းနန္ဒာအိမ်ရာ၊ မင်းနန္ဒာလမ်း၊
ဒေါပုံမြို့နယ်
အကျယ်အဝန်း ပေ(၁၀၀×၁၅၀)
1sqft = တစ်သိန်း
Ph: 09-5042122

## စာအုပ်စာပေလူ့မိတ်ဆွေ

## ခွေးရောင်းမည်

Poodle
Alsation -
Chihuahua
Shihtzu
Pekingese
အခင်းခွေး သားပေါက်များ ရောင်းရန်ရှိသည်
Ph- 09977678487
- 09253389956

## ဗသက(၉၃)သူရတပ်ခွဲ ကျောင်းဆင်းအရာရှိများသို့ဖိတ်ကြားလွှာ

ဗသက(၉၃)သူရတပ်ခွဲကျောင်းဆင်းအရာရှိများ၏ နှစ်စဉ်ငွေပဒေသာပင် စိုက်ထူလှူဒါန်း၍ သေဆုံးကျဆုံးသူများအတွက် ကောင်းမှုကုသိုလ်ပြုခြင်း၊ မိသားစုများသို့ ထောက်ပံ့ပေးမှုများပြုလုပ်ပြီး မိတ်ဆုံစားပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းဆင်းသူငယ်ချင်းအပေါင်း တက်ရောက်နိုင်ရန်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ပဒေသာပင်လှူဒါန်းပွဲ
နေရာ - နှင်းဆီကုန်းဘိုးဘွားရိပ်သာ
နေ့ရက် - ၂၃-၈-၂၀၁၅ရက် (၁၆း၀၀နာရီ)
မိတ်ဆုံစားပွဲ
နေရာ - ရွှေကောင်းဟော့ပေါ့(ရွှေဂုံတိုင်)
နေ့ရက် - ၂၃-၈-၂၀၁၅(၁၇း၀၀နာရီ)
ဆက်သွယ်ရန်-
ဝင်းမြင့်-၀၉-၄၂၀၁၄၃၇၉၊ အောင်ဇော်မိုး-၀၉-၅၁၈၅၃၇၂၊ စန်းချို-၀၉-၄၂၀၁၅၀၄၅၇၊ စောလွင်-၀၉-၃၂၂၃၂၃၆၊ စိုးဝင်းလွင်-၀၉-၇၉၅၅၈၆၃၈၀၊ ရန်အေး-၀၉-၄၂၅၃၃၁၀၅၊ ယဉ်စိုး-၀၉-၄၂၀၇၅၄၅၁၊ သိန်းဦး-၀၉-၂၅၅၈၀၁၅၂၂
ဝင်းကြိုင်-၀၉-၄၂၅၂၈၄၇၂၉၊ မျိုးသိန်း-၀၉-၅၀၆၆၈၂၇

**အမည်ပြောင်း** အဖ ဦးညီညီလွင်[၁၂/မတန(နိုင်)၁၃၇၈၄၇]၏ သမီးဖြစ်သူ အထက (သုံးဆယ်) ဆဋ္ဌမတန်း(A)တွင် ပညာသင်ကြားနေသော မစနိုးဝိုက်အားစနိုးတာတာမောင်ဟု ပြောင်းလဲခေါ် ဆိုပါရန်။ **စနိုးတာတာမောင်**

## ဝန်ထမ်းအလိုရှိသည်

၁။ ယာဉ်မောင်း (Driver) ကျား ( ၂ ) ဦး
အသက် ၂၅ မှ ၄၅ အတွင်း။ ယာဉ်မောင်းအတွေ့အကြုံ (၃) နှစ် ရှိရမည်။ ယာဉ်မောင်းလိုင်စင်ရှိရမည်။ ရန်ကုန်မြို့တွင်းလမ်းများကို ကျွမ်းကျင်စွာသွားလာနိုင်ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာနိုင်သူဖြစ်ရမည်။

၂။ အရောင်းမြှင့်တင်ရေးဝန်ထမ်း (Promoter) မ ( ၂ ) ဦး
တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးဖြစ်ရမည်။ အင်္ဂလိပ်စာ အသင့်တင့် ရေး ဖတ် ပြောဆိုနိုင်ရမည်။ အပြင်သို့ သွားလာနိုင်ရမည်။ ခရီးထွက်နိုင်သူဖြစ်ရမည်။ အရောင်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။
လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ ဓာတ်ပုံ (၂)ပုံ၊ ရပ်ကွက်ထောက်ခံစာ၊ မှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းဆိုင်ရာမိတ္တူများနှင့်အတူ လာရောက်လျှောက်ထားနိုင်ပါသည်။
ဆက်သွယ်ရန်- Logistics Media Services Co., Ltd အမှတ် ၂၊ ၉ လွှာ၊ အခန်း D-E၊ စကားဝါကွန်ဒို၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၅၄၇၇၆

# အခွင့်အလမ်းများနှင့် အာဆီယံအသိုက်အဝန်း

**ခ ပိုးစုန်းကြူး**

၁၉၆၇ ခုနှစ်တွင် မွေးဖွားခဲ့သည့် အာဆီယံအဖွဲ့အစည်းကြီးသည် ရေခံမြေခံကောင်းစွာဖြင့် ရှင်သန်လာခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများအကြားသမိုင်းပေးတာဝန်အရပ်ရပ်ကို တစ်ဦးနှင့်တစ်ဦး ညီရင်းအစ်ကိုပမာ ချစ်ကြည်ရိုင်းပင်း၍ စည်းလုံးညီညွတ်စွာဖြင့် ကျော်လွှားခဲ့ကြပါသည်။ စည်းမျဉ်းစည်းကမ်းကိုအခြေခံသည့် အာဆီယံအဖွဲ့အစည်းကြီးသည် အာဆီယံပဋိညာဉ်ကိုလက်ကိုင်ပြု၍အဖွဲ့ဝင်နိုင်ငံများကြား ပွင့်လင်းမြင်သာမှုဖြင့် လျှောက်လှမ်းလာခဲ့သည်မှာ ၄၈ နှစ်တိုင်ခဲ့ပြီးဖြစ်ပါသည်။

မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့ဖြင့် စတင်ဖွဲ့စည်းခဲ့သည့် အာဆီယံသည် ယခုအချိန်အခါတွင် ကျန်အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ ဗီယက်နမ်၊ မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ဖြင့် အရှေ့တောင်အာရှတွင် မယိမ်းမယိုင် ခိုင်မာစွာဖြင့် အရှိန်အဟုန်ကောင်းစွာ ဒေသတွင်း ပေါင်းစည်းရေးကြိုးပမ်းနေသည့် ဒေသတွင်းအဖွဲ့အစည်းများအနက် အောင်မြင်မှုအရှိဆုံး အဖွဲ့အစည်းတစ်ရပ်အဖြစ် ကမ္ဘာ့နိုင်ငံများအကြား စံနမူနာထားလက်ခံသည့် အဖွဲ့အစည်းကြီးအဖြစ် ရပ်တည်နိုင်ခဲ့ပါသည်။

အာဆီယံ၏ဆွေးနွေးဖက်နိုင်ငံများဖြစ်ကြသည့် တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အမေရိကန်၊ ရုရှား၊ ဩစတြေးလျ၊ အိန္ဒိယစသည့် ကမ္ဘာ့အင်အားကြီးနိုင်ငံများက အာဆီယံနှင့် ကဏ္ဍစုံတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်များ ကမ်းလှမ်းအဆိုပြုခြင်း၊ လုပ်ငန်းများပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နေခြင်းကြောင့် အာဆီယံသည် "ပျိုတိုင်းကြိုက်သည့်နှင်းဆီခိုင်" ဖြစ်နေပါသည်။

**အာဆီယံမျှော်မှန်းချက်** (Vison)

အာဆီယံသည် နိုင်ငံရေးအရ စည်းလုံးညီညွတ်မှု (politially cohensive) စီးပွားရေးအရ ပေါင်းစည်းနိုင်မှု (economically integrated) လူမှုရေးအရ တာဝန်ယူတတ်မှု (socially responsible) တို့ကိုအခြေခံ၍ ပြည်သူကိုဗဟိုပြုသည့် အသိုက်အဝန်းကြီး ဖြစ်လာစေရန်နှင့် ဒေသတွင်းပေါင်းစည်းရေးအတွက် တစ်ပြေးညီဖွံ့ ဖြိုးတိုးတက်မှုနှင့် သာတူညီမျှအခွင့်အလမ်းများဖန်တီးပေးနိုင်ရန် ရည်မှန်းချက်ထားရှိပါသည်။

**အာဆီယံအသိုက်အဝန်း**

အာဆီယံ၏မှတ်တိုင်ဖြစ်သည့် အာဆီယံအသိုက်အဝန်းပေါ်ထွန်းလာရေးအတွက် ၂၀၁၃ ခုနှစ်တွင် အာဆီယံအသိုက်အဝန်း လမ်းပြမြေပုံကို ဒေသတွင်းတည်ငြိမ်ရေးကို မြှင့်တင်ရန်၊ စီးပွားရေးပေါင်းစည်းမှုကို အရှိန်မြှင့်ရန်နှင့် လူမှုယဉ်ကျေးမှုများ သဟဇာတဖြစ်စေရန် ရည်ရွယ်၍ မဏ္ဍိုင် ၃ ရက်ဖြစ်သည့်-

(၁) နိုင်ငံရေးနှင့်လုံခြုံရေးမဏ္ဍိုင်

(၂) စီးပွားရေးမဏ္ဍိုင်

(၃) လူမှုရေးနှင့်စီးပွားရေးမဏ္ဍိုင် တို့ကိုအသေးစိတ်ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး အကောင်အထည်ဖော်ကြိုးပမ်းလာခဲ့သည်မှာ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အာဆီယံအသိုက်အဝန်းကြီးပေါ်ထွန်းလာတော့မည်ဖြစ်ပါသည်။

**အာဆီယံအသိုက်ဝန်း ထူထောင်ခြင်း နောက်ခံသမိုင်း**

၁၉၉၇ ခုနှစ ဒီဇင်ဘာတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံခေါင်းဆောင်များက ၂၀၂၀ ခုနှစ်တွင် အာဆီယံသည် အရှေ့တောင်အာရှအား အမြင်ကျယ်ပြီး တည်ငြိမ်အေးချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်မှုမြင့်မားသည့် တစ်ဦးနှင့်တစ်ဦးစောင့်ရှောက်မှုရှိသော အသိုက်အဝန်းတစ်ခုတွင် ပေါင်းစည်းနေထိုင်ရန် ကနဦးမျှော်မှန်းခဲ့ကြပါသည်။

အာဆီယံအသိုက်အဝန်းထူထောင်ရေးလုပ်ငန်းသည် ၂၀၀၃ ခုနှစ်တွင် ကျင်းပခဲ့သည့် (၉) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် ၂၀၂၀ ပြည့်နှစ်တွင် အာဆီယံအသိုက်ဝန်းတစ်ရပ်ထူထောင်ရန် သဘောတူညီသည့် ဘာလီကွန်းကော့ ၂ ကို ထုတ်ပြန်ကြေညာခဲ့ရာမှ စတင်နိုင်ခဲ့ပါသည်။ ၂၀၂၇ ခုနှစ်၊ ဖိလစ်ပိုင်နိုင်ငံ၊ စီဘူမြို့တွင် ကျင်းပခဲ့သော (၁၂) ကြိမ်မြောက်၊ အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံခေါင်းဆောင်များက အာဆီယံအသိုက်အဝန်းအား ၂၀၁၅ ခုနှစ် အကုန်တွင် ထူထောင်နိုင်ရန် အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားရန် စီဘူးကြေညာချက်ကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။

အာဆီယံအသိုက်အဝန်း ၃ ရပ်သည် အာဆီယံအသိုက်ဝန်းထူထောင်နိုင်ရန် ၎င်းတို့အသိုက်အဝန်းအလိုက် အခြေပြမြေပုံများ ချမှတ်ထားပါသည်။

**အာဆီယံနိုင်ငံရေးနှင့်လုံခြုံရေးအသိုက်အဝန်း**

အာဆီယံနိုင်ငံရေးလုံခြုံရေးအသိုက်အဝန်း၏ အဓိကမျှော်မှန်းချက်မှာ တူညီသော တန်ဖိုး၊ စံနှုန်းသတ်မှတ်ချက်နှင့် စည်းမျဉ်းစည်းကမ်းများအပေါ် အခြေခံသောအသိုက်ဝန်းတစ်ရပ်အဖြစ်လည်းကောင်း၊ အလုံးစုံလုံခြုံရေးအတွက်မျှဝေတာဝန်ယူခြင်းဖြင့် စည်းလုံးညီညွတ်၊ ငြိမ်းချမ်း၍ကြံ့ခိုင်သည့် ဒေသတစ်ရပ်အဖြစ်လည်းကောင်း၊ ပိုမိုပေါင်းစည်းပြီးအပြန်အလှန်အမှီ ပြုလျက်ရှိသော ကမ္ဘာကြီးတွင် တက်ကြွ၍ အမြင်ကျယ်သော ဒေသတစ်ရပ်အဖြစ်လည်းကောင်းပေါ်ထွန်းရန်ဖြစ်ပါသည်။

**အာဆီယံစီးပွားရေးအသိုက်အဝန်း**

အာဆီယံစီးပွားရေးအသိုက်အဝန်းသည် ၂၀၁၅ ခုနှစ်တွင် အာဆီယံအား ကုန်စည်များ၊ ဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများ၊ ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာ စီးဆင်းမှုရှိစေရန်ဖြစ်ပါသည်။ အာဆီယံစီးပွားရေးအသိုက်အဝန်းအနေဖြင့် အဓိကမျှော်မှန်းထားသော လက္ခဏာရပ်များမှာ အာဆီယံအား တစ်ခုတည်းသော ထုတ်လုပ်မှုအခြေခံနှင့် တစ်ခုတည်းသော ဈေးကွက်အဖြစ်လည်းကောင်း၊ ပြိုင်ဆိုင်ထုတ်လုပ်ရောင်းချနိုင်မှု မြင့်မားသည့် စီးပွားရေးဒေသအဖြစ်လည်းကောင်း၊ ကမ္ဘာ့စီးပွားရေးစနစ်အတွင်း အပြည့်အဝပေါင်းစည်းထားသည့် ဒေသအဖြစ်လည်းကောင်း ဖော်ဆောင်ရန်ဖြစ်ပါသည်။

**အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်း**

အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်းသည် အာဆီယံအား ပြည်သူဗဟိုပြုသည့် လူမှုရေးအရ တာဝန်ယူမှုရှိသော အာဆီယံအသိုက်အဝန်းဖော်ဆောင်ရာတွင် ပြည်သူများအသက်မွေးမှု၊ လူနေမှုဘဝများကို မြှင့်တင်နိုင်သော ပြည်သူအားလုံးပါဝင်သည့် သဟဇာတဖြစ်သော အသိုက်အဝန်းတစ်ရပ်အဖြစ် ဖော်ဆောင်ရန်ဖြစ်ပါသည်။ အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်းအနေဖြင့် အဓိကဖော်ဆောင်မည့်လက္ခဏာရပ်များမှာ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဘဝဖူလုံရေးနှင့် ကာကွယ်ရေး၊ ပတ်ဝန်းကျင်ရေရှည်အကျိုးပြုမှုကို သေချာစေရေးတို့ဖြစ်ပါသည်။

**ဒေသတွင်းဗိသုကာတည်ဆောက်နေသည့်အာဆီယံ**

ဘာလီကြေညာချက် ၃ နှင့်အညီ အာဆီယံသည် ၎င်း၏မိတ်ဖက်နိုင်ငံများနှင့် ဆက်ဆံရေးတိုးမြှင့်လုပ်ဆောင်နေပြီး ရရှိထားသည့်မိတ်ဖက်ဆက်ဆံရေးကို မဟာဗျူဟာကျကျဆောင်ရွက်လျက်ရှိပါသည်။ လက်ရှိအချိန်တွင် အာဆီယံအဖွဲ့သို့ တီမောလက်စ်တေးနိုင်ငံမှ အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ရရှိရန် လျှောက်ထားခြင်း၊ နော်ဝေးနိုင်ငံသည် အာဆီယံ၏တရားဝင်မိတ်ဖက်ဖြစ်ခွင့်လျှောက်ထားခြင်းနှင့်အတူ အမေရိကန်ဒေါ်လာ ခုနစ်သန်းဖြင့် အာဆီယံဒေသရန်ပုံငွေကို ထူထောင်ခဲ့ခြင်း၊ အီကွေဒေါနှင့် ဆွဒ်ဇာလန်နိုင်ငံသည် အာဆီယံ၏ဖွံ့ဖြိုးမှု မိတ်ဖက်ဖြစ်ခွင့်ရရန် အတွက်လျှောက်ထားခြင်း၊ မွန်ဂိုလီးယားနှင့် မြောက်ကိုရီးယားနိုင်ငံမှ ဆွေးနွေးဖက်မိတ်ဖက်သို့ ပါဝင်ခွင့်ရရန် လျှောက်ထားလာခြင်း၊ အီရန်နိုင်ငံသည် အာဆီယံ၏ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတွင် ပါဝင်ခွင့်ရရှိရန် လျှောက်ထားခြင်းတို့ ရှိနေသဖြင့် ဒေသတွင်းဗိသုကာကို တည်ဆောက်မှုသည်ခိုင်မာလာသည့်အပြင် အာဆီယံ၏အချက်အချာကျမှုကိုလည်း ထင်ရှားစွာမြင်တွေ့နိုင်ပါသည်။ အာဆီယံသည် ကမ္ဘာ့နိုင်ငံများနှင့် ပိုမိုနီးကပ်စွာ ထိတွေ့ဆောင်ရွက်ခွင့်ရရှိသဖြင့် အာဆီယံ၏စီးပွားရေး ပေါင်းစည်းမှုအဟုန်ကို မြှင့်တင်နိုင်သကဲ့သို့ဒေသတွင်းတည်ငြိမ်အေးချမ်းရေးကိုလည်း ထိန်းသိမ်းနိုင်ခဲ့ပါသည်။

**အာဆီယံအသိုက်အဝန်းမှ အာဆီယံပြည်သူများ ရရှိခံစားနိုင်မည့်အကျိုးကျေးဇူးများ**

ယဉ်ကျေးမှု၊ ဘာသာစကားနှင့် ဓလေ့ထုံးတမ်းများ ရောယှက်နေသည့် တစ်ခုတည်းသောအာဆီယံ အသိုက်အဝန်းကြီး ပေါ်ထွန်းလာချိန်တွင် အာဆီယံပြည်သူများ တစ်သားတည်း ဖြစ်လာကြမည်ဖြစ်ပြီး လွယ်ကူချောမွေ့စွာ ခရီးသွားလာနိုင်ခြင်းနှင့် ကူးသန်းရောင်းဝယ်မှုပြုလုပ်နိုင်ခြင်း၊ အာဆီယံပြည်သူများအကြား ပညာရေး၊ ကျွမ်းကျင်မှု၊ ကုန်ပစ္စည်း၊ ဝန်ဆောင်မှုသည့် လုပ်ငန်းနယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုစသည့် အကျိုးကျေးဇူးများကို ရရှိခံစားနိုင်မည်ဖြစ်ပါသည်။

အာဆီယံအသိုက်အဝန်းကြီးသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေရန်လိုအပ်သဖြင့် ပြည်သူကိုဗဟိုပြု၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံများကို ဆွဲဆောင်နိုင်မည့် တစ်ခုတည်းသော အာဆီယံဈေးကွက်ဖြစ်ပေါ်လာချိန်တွင် ပြင်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်နိုင်မည်ဖြစ်သဖြင့် အာဆီယံပြည်သူများအကြား စီပွားရေးအခွင့်အလမ်းကောင်းများ ပေါ်ထွန်း၍ လူနေမှုအဆင့်အတန်းများလည်း မြင့်မားလာမည်ဖြစ်ပေသည်။

**အာဆီယံနှင့်စိန်ခေါ်မှုများ**

ဂလိုဘယ်လိုက်ဇေးရှင်းဟုခေါ်သော ကမ္ဘာ့ဖြစ်စဉ်ရေစီးကြောင်းတွင် အာဆီယံသည်လည်း လိုက်ပါစီးဆင်းရသဖြင့် ကမ္ဘာ့အရေးအခင်းများ တစ်နည်းအားဖြင့် စိန်ခေါ်မှုများကို တစ်စိတ်တစ်ပိုင်းခံစားရပါသည်။ ကမ္ဘာ့စီးပွားရေးမတည်ငြိမ်မှု၊ ကမ္ဘာကြီးပူနွေးလာမှု၊ ဆင်းရဲမွဲတေမှု၊ အလုပ်လက်မဲ့ပြဿနာ၊ လူမှောင်ခိုကုန်ကူးမှု၊ ရေအရင်းအမြစ်နှင့် စားနပ်ရိက္ခာလျော့ပါးလာမှု၊ နည်းပညာကို အခြေခံ၍ သတင်းအချက်များဖောက်ထွင်းမှု၊ အီဘိုလာကဲ့သို့သော ကူးစက်ရောဂါများ၊ ဘာသာရေးအစွန်းရောက်မှု၊ အကြမ်းဖက်ဝါဒတို့သည် ကမ္ဘာကြီးတွင် ယနေ့ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများ ဖြစ်ကြပါသည်။

**အာဆီယံပြည်သူများ၏ တာဝန်နှင့်ဝတ္တရားများ**

အာဆီယံအသိုက်အဝန်းကြီး ပေါ်ထွန်းလာချိန်တွင် အာဆီယံပြည်သူများသည် ရရှိထားသည့် မတူကွဲပြားမှုများကို အခြေခံ၍ စည်းလုံးညီညွတ်မှုတို့ဖြင့် အသိုက်အဝန်းကြီး၏ အသီးအပွင့်များကို မျှဝေခံစားကြနိုင်မည်ဖြစ်သကဲ့သို့ သဘောဝဘေးအန္တရာယ်အသွယ်သွယ်နှင့် ဒေသတွင်း ပဋိပက္ခများလည်း အတူတကွ ရင်ဆိုင်ဖြေရှင်းဖြတ်သန်းကြရမည်ဖြစ်ပါသည်။

**အာဆီယံပေါင်းစည်းဆက်သွယ်ရေးမဟာစီမံချက်**

အာဆီယံအသိုက်အဝန်းထူထောင်ရန် ကြိုးပမ်းအားထုတ်မှုများကို အာဆီယံပြည်သူများ သိရှိနားလည်စေရန် ရည်ရွယ်၍ အာဆီယံပေါင်းစည်းဆက်သွယ်ရေးမဟာစီမံချက်ကို မြန်မာနိုင်ငံမှ အာဆီယံဥက္ကဋ္ဌအဖြစ်တာဝန်ယူ ဆောင်ရွက်ခဲ့သည့် ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ (၂၅) ကြိမ်မြောက်၊ အာဆီယံ ထိပ်သီးအစည်းအဝေး ကာလအတွင်းစတင်မိတ်ဆက်နိုင်ခဲ့ပါသည်။

"အခွင့်အလမ်းရှိသည့် အာဆီယံ" (ASEAN ' A Communiy of Opportunity) ဆောင်ပုဒ်ကို လက်ကိုင်ထား၍ အာဆီယံပေါင်းစည်းဆက်သွယ်ရေးမဟာစီမံချက်တွင် အဓိကဆောင်ရွက်မည့် လုပ်ငန်းနယ်ပယ် ၁၅ ခုရှိပြီး ယင်းစီမံချက်သည် အာဆီယံအသိုက်အဝန်းကြီး အရှိန်အဟုန်ဖြင့် ပိုမိုအားကောင်းလာနိုင်စေရန်အတွက် မဏ္ဍိုင် ၃ ရပ်တွင် ပါဝင်သည့် အစိုးရဝန်ကြီးဌာနများမှ တာဝန်ယူအကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး အာဆီယံနှင့်ပတ်သက်၍ ပြည်သူများအကြား ထဲထဲဝင်ဝင်သိရှိနိုင်ရေးအတွက် ယင်းစီမံချက်ကို အကောင်အထည်ဖော်နေခြင်းဖြစ်ပါသည်။

**မြန်မာနှင့်အာဆီယံ**

၁၉၉၇ ခုနှစ်တွင် အာဆီယံအဖွဲ့ဝင်ဖြစ်လာခဲ့သည့် မြန်မာနိုင်ငံသည် နှစ်ပေါင်း ၁၇ နှစ်ကြာပြီးနောက် သမိုင်းပေးတာဝန်တစ်ရပ်ဖြစ်သည့် အာဆီယံဥက္ကဋ္ဌရာထူးတာဝန်ကို ၂၀၁၄ ခုနှစ်တွင် အောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံမှအာဆီယံဥက္ကဋ္ဌအဖြစ်တာဝန်ယူဆောင်ရွက်ခဲ့စဉ်တွင်အာဆီယံထိပ်သီးအစည်းအဝေးကြီး နှစ်ခု အပါအဝင်၊ နိုင်ငံတော်အကြီးအကဲအဆင့်အစည်းအဝေးပေါင်း ၁၂ ခု၊ ဝန်ကြီးအဆင့် အစည်းအဝေးပေါင်း ၃၄ ခု၊ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် လုပ်ငန်းအဖွဲ့အစည်းအဝေးပေါင်း ၈၉ ခု၊ စုစုပေါင်း အစည်းအဝေး ၁၃၅ ခုအား အိမ်ရှင်အဖြစ်လက်ခံကျင်းပနိုင်ခဲ့ခြင်း၊ အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ရေးဆွဲရေးဆိုင်ရာ နေပြည်တော်ကြေညာချက်အပါအဝင် ကြေညာချက် ၃၄ တို့ကို ထုတ်ပြန်နိုင်ခဲ့ခြင်း၊ (၉) ကြိမ်မြောက်၊ အရှေ့တောင်အာရှထိပ်သီးအစည်းအဝေးသို့ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယား၊ နယူးဇီလန်၊ ရုရှားနှင့်အမေရိကန်ပြည်ထောင်စုတို့မှ နိုင်ငံခေါင်းဆောင်ကြီးများနှင့် ဒေသတွင်းမဟာဗျူဟာကျသည့် အရေးကိစ္စများပေါ် ပွင့်လင်းစွာဆွေးနွေးနိုင်ခဲ့ခြင်း၊ ဆွေးနွေးဘက်ဆက်ဆံရေးနှစ် ၄၀ ပြည့် အာဆီယံ-ဩစတြေးလျအထိမ်းအမှတ်အခမ်းအနားကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းစသည်တို့ကို လုပ်ဆောင်နိုင်ခဲ့ပါသည်။

**နိဂုံး**

အာဆီယံသည် အနာဂတ်ကိုအလေးထားသည့်အဖွဲ့အစည်းဖြစ်သဖြင့် အာဆီယံအသိုက်အဝန်း၏ ၂၀၁၅ ခုနှစ်အလွန်မျှော်မှန်းချက်များကို စတင်ရေးဆွဲနေပြီး ယင်းမှတစ်ဆင့် အာဆီယံမျှော်မှန်းချက် ၂၀၂၅ ခုနှစ်ကို ရေးဆွဲအကောင်အထည်ဖော်နေပြီး ဖြစ်ပါသည်။ အာဆီယံအဖွဲ့အစည်းကြီးသည် ပြည်သူကိုဗဟိုပြုသည့် အာဆီယံ၊ ဒေသတွင်း ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းနိုင်သည့်အာဆီယံ၊ ပဋိပက္ခနှင့်ဘေးအန္တရာယ်များကို ခံနိုင်ရည်ရှိသည့် အာဆီယံအဖြစ် ရှေ့သို့တူညီစွာတက်လှမ်းနေပြီး ငြိမ်းချမ်းဝေးစည်သည် အသိုက်အဝန်းကြီးသည် မကြာမီပေါ်ထွန်းလာတော့မည်ဖြစ်ပြီးအာဆီယံပြည်သူများအနေနှင့်လည်း အပြန်အလှန်လေးစားလိုက်နာမှုတိုးမြှင့်ရေး၊ တစ်ဦးယဉ်ကျေးမှုတစ်ဦးကလက်ခံလာနိုင်ရေးနှင့် သဟဇာတမျှသော လူမှုရေးစံချိန်စံညွှန်းများဖြင့် နေထိုင်သွားနိုင်ရေးတို့ကို လုပ်ဆောင်သွားရန်လိုအပ်ပါသည်။ ။

> **ကမ္ဘာ့နိုင်ငံများကို ဆွဲဆောင်နိုင်မည့် တစ်ခုတည်းသော အာဆီယံဈေးကွက်ဖြစ်ပေါ်လာချိန်တွင် ပြင်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်နိုင်မည်ဖြစ်သဖြင့် အာဆီယံပြည်သူများအကြား စီပွားရေးအခွင့်အလမ်းကောင်းများ ပေါ်ထွန်း၍ လူနေမှုအဆင့်အတန်းများလည်း မြင့်မားလာမည်ဖြစ်**

## လယ်ယာသုံးလက်တွန်းထွန်စက်နှင့် စပ်မျိုးစပါးနှင့် မြေဩဇာများထောက်ပံ့

**ဖာပွန် ဩဂုတ် ၇**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့တွင် ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်စပါးများဖြင့် စိုက်ပျိုးပြီး မိုးစပါး တစ်ဧကအထွက်နှုန်းတိုးစေရန်အတွက် ရည်ရွယ်၍ ကရင်ပြည်နယ်မှ ထောက်ပံ့သော လယ်ယာသုံးလက်တွန်းထွန်စက်၊ မျိုးစပါးများနှင့် ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ပွဲကို ဇူလိုင်လနောက်ဆုံးပတ်က ဖာပွန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးတွင် ကျင်းပသည်။

ရှေ့ဦးစွာဖာပွန်ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆန်းဦးက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစောလှကြည်နှင့် စိုက်ပျိုးရေးဝန်ထမ်းများက ခေတ်မီလယ်ယာသုံးစက်ကိရိယာများ ကိုင်တွယ်ထိန်းသိမ်းနည်း၊ သိပ္ပံနည်းကျဘောင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးပြီး မိုးစပါးတစ်ဧကအထွက်နှုန်းတိုးရေးအတွက် မျိုးကောင်းမျိုးသန့်စပါးများ စိုက်ပျိုးရေးနှင့် မြေဩဇာများကို စနစ်တကျအသုံးပြုရေးကို အသိပညာပေး ပြောကြားသည်။

ဆက်လက်၍ ကရင်ပြည်နယ်မှ ထောက်ပံ့ပေးအပ်သာ လက်တွန်းထွန်စက်အား ခရိုင်အုပ်ချုပ်ရေးမှူးက ပေးအပ်ရာ မထောကျေးရွာအုပ်စု၊ ငါးအိပ်စုကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တောင်သူများကလည်းကောင်း၊ ပုလဲသွယ်မျိုးသန့်စပ်မျိုးစပါးများကိုလည်းကောင်း၊ တစ်ဧကလျှင်တစ်အိတ်ခွဲနှုန်းဖြင့် အသုံးပြုရန် ယူရီးယားနှင့် ပုလဲဓါတ်မြေဩဇာအိတ် ၁၀၀ ကိုလည်းကောင်း တာဝန်ရှိသူများက ပေးအပ်ရာ တက်ရောက်လာကြသော တောင်သူများက လက်ခံရယူကြကြောင်းသိရသည်။

**နေမျိုးလွင်(ပြန် /ဆက်)**

အခန်းဆက်ဝတ္ထုရှည်



# ကမ္ဘာကုန်ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

*ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ။ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြားဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ်လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင်မည်ဟု ယုံကြည်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

လူငယ်လေးသည် တောင်းကလေးတစ်ခု၏နှုတ်ခမ်းကို လက်နှစ်ဖက်နှင့် လက်ပြန် ဆုပ်ကိုင်ကာ ပခုံးထက် ထမ်းရင်းဆိုင်ဆီသို့ ရှေးရှုလာနေ၏။ သူသည် ခေါင်းကိုမြေဆီငိုက်ရင်းသီချင်းတစ်ပုဒ်ကို စိတ်ပါလက်ပါ သီဆိုလျက် လျှောက်လာနေ၏။ သူ့သီချင်းလေးမှာ ထိုစဉ်က နာမည်တက်စ ရွှေမန်းတင်မောင်၏ သီချင်းဖြစ်သည်။

"ဘုံခုနှစ်ဆင့်က ... တံခါးဖွင့်လို့. . ကြည့်ပြန်သနော်. . ထိုမိန်းမကို. . ဤမိန်းမကို. . ဘုရင်မြင်ပြန်သော်. . သူ့လက်ကိုခေါ်. . ကုမုဒြာကြာကိုရှာစေ အမိန့်တော်. . ရွှေမန်းတင်မောင်. . . ကြည်ရှောင်ပါရဲ့နော်. . . နော် . . နော်. . နော်. . ဒု-သ-န-သော. . ဗယာကြော်"

သီချင်းမူရင်း၌ ဒု-သ-န-သော. . တကြော်ကြော် ဟူ၍သာပါရှိသည်။ သူငယ်ကလေးကမူ ဗယာကြော်ဟု ပြောင်းလဲ ဖြည့်စွက်ဆိုလိုက်ပြီး ဝမ်းသာအားရ ဆက်အော်သည်။

"မေမေရေ. . . ဗယာကြော်တွေကုန်ခဲ့တယ်၊ ပဲလုံးကြော်လည်းကုန်တယ်၊ အကုန်လုံးကုန်တယ်၊ လက်ဖက်ရည်ဆိုင်တွေက ယူလိုက်တယ်၊ မနက် မုန့်ဟင်းခါးချက်ဖို့ ငှက်ပျောပင်လည်းရခဲ့တယ်။

ကို. . . ဤမိန်းမကို. . "

သူငယ်လေး၏သီချင်းသံသည် ရပ်သွား၏။ အကြောင်းမှာ အကြော်ဆိုင်ထဲတွင်းမှ ထွက်လာဆီးကြိုသော နွယ်ကို မြင်လိုက်ရသောကြောင့်တည်း။ မနွယ်ကလည်း စူးရှသော အသံကလေးနှင့် ဝမ်းသာအားရအော်သည်။

"မောင်လေးရေ. . . သက်ခိုင်ရေ. . "

သူငယ်ကလေး သက်ခိုင်သည် နေရာ၌ တုံ့ခနဲရပ်သွား၏။ သူ့မျက်နှာလေးကမူ ပြုံးရွှင်သွားပြီး ပြန်နှုတ်ဆက်၏။

"ဟာ. . . မမနွယ်၊ နင် ဘယ်တုန်းက ရောက်သလဲဟ"

ခေါ်တော့မမနွယ်. . ပြောတော့ နင်. . . သို့ရာတွင် မလေးနွယ်က ဂရုမစိုက်ဘဲ သူ့ထံ ပြေးလာသည်။

"ပေးစမ်း . . . သက်ခိုင်၊ ဒီတောင်းကို နင်တစ်ယောက်တည်း မနိုင်ပါဘူး၊ မောင့်ဘာသာ မောင်သယ်ခဲ့မယ်"

မလေးနွယ်က သူ့မောင်နှင့်ဆက်မငြင်းတော့ဘဲ နောက်မှ လိုက်ပါလာခဲ့၏။

သက်ခိုင်က သူ့အမေအနီးတွင်တောင်းကို ချလိုက်၏။ တောင်းတွင်း၌ နှစ်ပိုင်းဖြတ်ထားသော ငှက်ပျောပင် တစ်ပင်၊ တစ်ပြည်ခန့်မျှရှိသော ဆန်များ၊ ဆန်ပေါ်၌ကြက်သွန်နီ ဆယ်လုံးခန့်၊ အာလူးလည်း ဆယ်လုံးခန့်ပင်။ ဆန်တွင်း တစ်ဝက် မြုပ်ဝင်နေသော နံပြာရည် တစ်ပုလင်း၊ ငါးရံ့ခြောက် တစ်ပြား၊ သတင်းစာစက္ကူဟောင်းနှင့် ထုပ်ထားသော မန်ကျည်းသီး တစ်ဆယ်သားခန့်၊ ဆေးပေါ့လိပ် ငါးလိပ်၊ ငရုတ်သီးခြောက် တစ်ထုပ်၊ ပဲမှုန့်တစ်ထုပ်၊ ရောင်တင် ငရုတ်မှုန့် တစ်ထုပ်၊ နနွင်းမှုန့် တစ်ထုပ်၊ ဂျင်းသုံးတက်၊ နံနံပင် တစ်စည်း . . . စသည်ဖြင့် တော်တော်လေး စုံလင်အောင်ပါနေသည်။

ဤပစ္စည်းများကို သက်ခိုင်က သူ့အမေအား ပါးစပ်မှ အသံထွက်ရေရွတ်ရင်း အပ်နေသည်ကို မလေးနွယ်က တအံ့တသြ စိုက်ကြည့်နေသည်။ နောက်ဆုံး၌မူ သက်ခိုင်က သူ့အကျႌအိတ်တွင်းမှ အထုပ်ကလေးတစ်ထုပ်ကို ထုတ်ပေး ယူပြသည်။

"မေမေ. . . ကျွန်တော် ပူရှိန်သကြားလုံးနှစ်ပြားဖိုးဝယ်ခဲ့တယ်"

သူ့လက်ဝါးပေါ်တွင် ပူရှိန်းသကြားလုံးလေး လေးလုံးရှိ၏။ အရင်းပြား၍ ထိပ်ချွန်နေကြသည်။ အဖျားခံတွင် အနက်စင်းကျားထား၏။

"အေးပါသားရယ်. . . သား စားပါ"

သက်ခိုင်သည် ပူရှိန်းသကြားလုံးနှစ်လုံးကို ပါးစပ်တွင်း ပစ်သွင်းလိုက်၏။ ကျန်နှစ်လုံးကို မလေးနွယ်အားပေးသည်။

မလေးနွယ်က လှမ်းမယူသေးဘဲ တွန့်ဆုတ်နေသော အခါ သူက မျက်မှောင်ကြုတ်ပြီး မလေးနွယ်အား ကြည့်သည်။

မလေးနွယ်သည် ပြုံးလိုက်၍ ပူရှိန်းသကြားလုံးနှစ်လုံးကို ယူလိုက်ကာ သူ့နည်းအတူ ပါးစပ်တွင်း ပစ်သွင်းလိုက်၏။

သက်ခိုင်က သူ့အမေဘက်သို့ လှည့်ပြီးပြောသည်။

"မေမေရေ. . . တန်းလျားလက်ဖက်ရည်ဆိုင်မှာ သခင်စံတင်နဲ့ သခင်မဒေါ်အောင်တို့ကို ကျွန်တော်တွေ့ခဲ့တယ်၊ သူတို့က ပြောတယ်၊ ဖေဖေ. . . ချောက်ကိုသွားပြီးတဲ့၊ မနက်ဖြန်သန်ဘက်ဆိုရင် သပိတ်မှောက်တပ်ကြီး ချီလာတော့မတဲ့၊ အဲဒီတပ်ကြီးက ရန်ကုန်အရောက်ချီပြီး ဘုရင်ခံကို သွားဝိုင်းမလို့တဲ့"

"သား တကယ်ပြောတာလား"

"တကယ်ပေါ့ မေမေရော၊ သခင်မဒေါ်အောင်ကတောင်မှာလိုက်သေးတယ်၊ မင်းအမေ သက်သက်ကိုပြောလိုက်တဲ့၊ သပိတ်တပ်ကြီးချီလာရင်ကျွေးဖို့မွေးဖို့ ပြင်ထားတဲ့၊ သူလည်းလာဦးမယ်တဲ့"

သက်ခိုင်သည် သူ့မိခင်ကို သူပြောစရာရှိသည်များကို ပြောပြီးနောက် မလေးနွယ်ဘက် လှည့်ပြုံးပြသည်။ ထိုအခါကျမှ မလေးနွယ်ကလည်း ခေါ်သည်။

"လာဟေ့. . . မောင်လေး. . . တို့ပင်းချောင်းသွား ဒန်းစီးရအောင်"

"ဟာ. . ဒီအချိန်ကြီးကျမှ အပြန် မိုးချုပ်နေမှာပေါ့"

"မချုပ်ပါဘူး၊ ဟိုမှာ ကားပါလာခဲ့တယ်၊ ကားနဲ့ဆို ခဏလေးပါ၊ လာပါ. . . သွားကြရအောင်"

သက်ခိုင်သည် ကားကို လှမ်းကြည့်ပြီးလျှင် မျက်မှောင်ကြုတ်၍ မလေးနွယ်ဘက်လှည့်လိုက်သည်။ သက်ခိုင် မျက်မှောင်ကြုတ်လျှင် အဓိပ္ပာယ်ကို မလေးနွယ်သိသည်။ သူ တစ်ခုခုမကျေနပ်လျှင် စကားမပြောမီ မျက်မှောင်ကြုတ်ပြတတ်၏။

"မောင်ကားမစီးချင်ပါဘူး. . . မောင်ကားမစီးချင်ပါဘူးလို့ မမနွယ်ကို ဘယ်နှခါပြောရမလဲ"

"အေးပါဟယ်. . . သိပါတယ်၊ ဒါပေမဲ့ အခါတိုင်းလိုပဲ ဘတ်(စ်)ကားလို့ သဘောထားစီးပေါ့၊ ဦးကိုချစ်တိုးကို ကားခ တစ်မတ်ပေးလိုက်လေ"

မလေးနွယ်က လာတိုင်းသူ့ကိုပင်းချောင်းသို့ခေါ်တတ်သည်။ သူကလည်း ပင်းချောင်းဆီသွားရသည်ကို နှစ်ခြိုက်၏။ သို့ရာတွင်ဘာကြောင့်မသိ။ မလေးနွယ်တို့၏ ကားကို မစီးချင်ဟု ငြင်းတတ်သည်။ မလေးနွယ်၏ ဖြေရှင်းနည်းကား သူ့ထံမှ ကားခ တစ်မတ်ယူခြင်းပင်ဖြစ်သတည်း။

သက်ခိုင်က သူ့အမေကို လှမ်းကြည့်သည်။ သူ့အမေကလည်း အလိုက်သိစွာ ပိုက်ဆံအကြွေများထည့်ထားသော သံဖြူပုံးကို ငုံ့၍ဖွင့်နေ၏။ သက်ခိုင်ကလည်း သူ့အမေကိုကြည့်နေ၏။ ထိုစက္ကန့်ပိုင်းအချိန်လေးအတွင်း မလေးနွယ်က သူလုပ်စရာရှိသည်ကို လျင်မြန်စွာလုပ်လိုက်၏။

သူတို့နှစ်ယောက်သည် ပြုံးရွှင်သွက်လက်စွာ ကားဆီသို့ ပြေးကြ၏။ မလေးနွယ်၏ ပခုံး၌လွယ်အိတ်ကလေး လွယ်လျက်ကားပေါ်တက်ပြီးပြီးချင်းသက်ခိုင်က ကိုချစ်တိုးကို ပိုက်ဆံတစ်မတ်လှမ်းပေး၏။

"ရော့. . . ဦးလေးကိုချစ်တိုး ကျွန်တော့်ကားခ၊ အလကားစီးတာမဟုတ်ဘူးနော်"

"ကောင်းပါပြီခင်ဗျာ. . ကောင်းပါပြီ၊ ငါတော့ ချမ်းသာတော့မှာပဲ"

ကားလေးက ထွက်ခွာသွားသည်။ အကြော်ဖိုမှနေ၍ဒေါ်လေးသက်သက်သည် ထွက်သွားသောကားလေးကို မျက်ရည်ဝဲလျက်ငေးကြည့် ကျန်ရစ်၏။ မကြာပါ။ မလေးနွယ် ဘာလုပ်သွားသည်ကို ဒေါ်လေးသက်သက်သိရသည်။

ဒေါ်လေးသက်သက်က ဒယ်အိုးကို ခေတ္တချချင်သော်ကြောင့် ထင်းစည်းပေါ် တင်ထားသော လက်နှီးကို လှမ်းကို လှမ်းယူလိုက်သည်။

လက်နှီးအောက်ငွေစက္ကူထုပ်မျက်နှာမှ ဆဋ္ဌမမြောက် ဂျော့ဘုရင်သည် ရာဇဏ္ဍေအပြည့်နှင့်ဒေါ်လေးသက်သက်အား လှမ်းကြည့်နေလေသည်တကား။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**

ရွှေပါရမီ
ကျန်းမာရေးဆောင်ဒေးရှင်း မှ ဆေးဝါးများလှူဒါန်းပါမည်
ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းမှ မြန်မာနိုင်ငံအတွင်း ဖရဘောသင့်ဒေသအသီးသီးတွင် ပါဝင်ကယ်ဆယ် ကူညီနေကြသော ကျန်းမာရေးစောင့်ရှောက်မှု ပရဟိတအဖွဲ့အစည်းများအတွက် လိုအပ်သည့် ဆေးဝါးများကိုတိုက်ရိုက် ပါဝင်လှူဒါန်းလိုပါသဖြင့် အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်ပါရန် ဖိတ်ခေါ်အပ်ပါသည်။
ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းသို့ ဆေးဝါး၊ ဖရဘေးတွင် လိုအပ်သည့် ပစ္စည်း နှင့် ငွေကြေးများ လှူဒါန်းလိုသောအလှူရှင်များကိုလည်း ဖိတ်ခေါ်အပ်ပါသည်။
● ရုံးဖုန်း – ၀၁–၂၄၉၅၇၃၊ ဖက်စ် – ၀၁–၃၈၅၀၄၄
● ဦးသိန်းထိုက်ဦး – ၀၉–၅၀၀၀၄၃၉ (Ph / Viber)
● ဦးစန်မင်း – ၀၉–၇၃၁၀၃၆၃၂ (Ph / Viber)
● ဦးငွေးမြင့် – ၀၉–၅၀၁၀၄၂၇ (Ph / Viber)
● ဦးငွေးအောင် – ၀၉–၅၁၅၃၃၄၈ (Ph / Viber)
ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

ရွှေပုပ္ပါး
တောင်ပြုံးမင်းနှစ်ပါး ချိုးတော်ရေသုံးပွဲ
မန္တလေးသီးသန့် Aug 24
တည်းခရိုတ်ငြိမ်း ၄၅၀၀၀
Ph : 09 73028597 , 09 250449829
09 4204201083

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

လဝန်းအိမ်
ပို့စ်စမော်ဒန် သတို့သမီး
လုံးချင်းဝတ္ထုသစ်ထွက်ပါပြီ
(မြန်မာဝတ္ထုတိုတစ်ပုဒ်နှင့်
English ဝတ္ထုတိုတစ်ပုဒ်
(Bonus)ပါရှိသည်။)
ဖြန့်ချိရေး – စာပေလောက (၆)

ကိုသန့်ဇင် CAR RENTAL
ကားမျိုးစုံကို ခရီးစဉ်လချုပ် အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
ဖုန်း-၀၉-၄၃၁၁၇၆၈၀၊ ၀၉-၅၀၅၉၈၂၁

ဟိုက်ဘရစ်/လေပီအား
Fully Auto အဝတ်ရိုက်စက်
ခေတ်မီမြေအုတ်ရိုက်စက် ရပြီ
09 420035 882, 09 73199 410
09 420035 884, 09 73199 257

Topsyne®
မူလလက်ဟောင်းအရည်အသွေးအတိုင်း ထုတ်လုပ်ထားသော "သနပ်ခါးမိတ်ကပ်"
အသစ်ထပ်မံထုတ်လုပ်ထားသော "ခေတ်သစ်မိန်းမများရဲ့ ပန်ဆင်းရှင်အစစ်"




Herbal Cream (ငွေရောင်ဘူး)
Herbal Cream (ပန်းပွင့်ပုံဘူး)
(ကျား/မ မရွေးသုံးနိုင်သည်)
Apple Production Co., Ltd.
အမှတ် (A/၂၉)၊ ဦးဝိစာရလမ်း၊ (၃၄)တိုးချဲ့ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - (၀၁) ၅၈၁၃၉၁၊ ၅၈၁၀၈၆၊ ၅၈၁၀၄၄၊ ၀၉၄၉၃၁၆၄၀၊ ၀၉ ၈၆၁၀၀၁၊ ၀၉ ၅၀၂၀၄၈၉

# ပရီမီယာလိဂ်ရင်ခုန်သံ-၁

**à (ရှိုင်းမင်းမင်း)**

**၂၀၁၅-၂၀၁၆ ဘောလုံးရာသီ အင်္ဂလန်ပရီမီယာလိဂ်ပြိုင်ပွဲရဲ့ ပွဲစဉ်(၁)ကို ဩဂုတ် ၈၊ ၉၊ ၁၀ ရက်တွေမှာ စတင်ကျင်းပသွားမှာဖြစ်ပါတယ်။ ဒါကြောင့်ပရိသတ်လေ့လာနိုင်ဖို့အတွက် အဆိုပါ ပွဲစဉ်တွေကိုသုံးသပ်တင်ပြပေးလိုက်ပါတယ်။ ပြန်လည်ကျင်းပတော့မယ့် အဆိုပါ ပရီမီယာလိဂ်ပွဲ ပွဲစဉ်(၁)မှာ မန်ယူနဲ့ စပါးဆုံမှာမို့ ပိုမိုအကြိတ်အနယ်ရှိမှာပါ။**

**မန်ယူ-စပါး ည ၆း၁၅ (၈-၈-၁၅)**

တိုက်စစ်နဲ့ ခံစစ်ပိုင်းကို ထိထိရောက်ရောက်အားဖြည့်နိုင်ခြင်းမရှိပေမယ့် စတိုင်ဂါ၊ ရှနိုက်ဒါလင်တို့ရောက် လာတဲ့ မန်ယူကွင်းလယ်ကတော့ ကစားပုံပိုကောင်းလာပြီး ရှန်းနိကလည်း ခြေစစ်ပွဲတွေမှာ ခြေစွမ်းပြသနေနိုင်ပါတယ်။ အိမ်ကွင်းလည်းဖြစ်တဲ့အတွက် မန်ယူတို့ စပါးကိုထိန်းချုပ်နိုင်မှာပါ။ မန်ယူတို့ အိမ်ကွင်းနိုင်ပွဲတောင် ရရှိသွားနိုင်ပါတယ်။

**ဘုန်းမောက်-ဗီလာ ည ၈း၃၀ (၈-၈-၁၅)**

တန်းတက်အသင်းဖြစ်တဲ့ ဘုန်းမောက်ဟာ ထိရောက်တဲ့အားဖြည့်မှုမရှိဘူးဆိုပေမယ့် အဖွင့်အိမ်ကွင်းပွဲမှာ အမှတ်ရဖို့အားကုန်ထုတ်ကစားလာမှာပါ။ ဘန်တီကီ၊ ဖာဘီသန်ဒဲလ်တို့ကို ဆုံးရှုံးထားရတဲ့ ဗီလာကအသင်းကို အားဖြည့်မှုအချို့ပြုလုပ်ထားပေမယ့်တည်ငြိမ်မှုမရနိုင်သေးဘူး။ ဘုန်းမောက်အမှတ်ခွဲယူသွားနိုင်ဖို့ရှိတယ်။

**နော့ဝှစ်ချ်-ပဲလေ့စ် ည ၈း၃၀ (၈-၈-၁၅)**

တန်းတက်တစ်သင်းဖြစ်နေတဲ့ နော့ဝှစ်ဟာလည်း အားဖြည့်မှုနည်းပါးတယ်ဆိုပေမယ့် အသင်းမှာ ပရီမီယာလိဂ်အတွေ့အကြုံရှိတဲ့ ကစားသမားတွေရှိနေသလို အိမ်ကွင်းလည်းဖြစ်တယ်။ ဒါပေမယ့် ပဲလေ့စ်ကလည်း အသင်းလိုက်တည်ငြိမ်မှုရှိပြီး ခံစစ်ပိုင်းလည်းကျစ်လျစ်မှုရှိတာကြောင့် နော့ဝှစ်တို့ရှုန်းကန်ရနိုင်ပြီး ပဲလေ့စ်ကပ်နိုင်ခြေရှိတယ်။

**လက်စတာ-ဆန်းဒါးလန်း ည ၈း၃၀ (၈-၈-၁၅)**

နှစ်သင်းစလုံးရာသီသစ်အတွက် အထိုက်အလျောက်အားဖြည့်မှုတွေ ပြုလုပ်ထားကြပေမယ့် ခြေစမ်းပွဲတွေမှာတော့ လက်စတာရဲ့ခြေစွမ်းက ပိုပြီးတည်ငြိမ်ပါတယ်။ တိုရွှန်တို၊ ပါချူလာ၊ ဒွန်ကက်စတာတို့ကိုတောင် ခက်ခက်ခဲခဲကစားခဲ့ရတဲ့ ဆန်းဒါးလန်းဟာ အဝေးကွင်းခြေစွမ်းပိုင်းလည်း မတည်ငြိမ်တတ်တာကြောင့် လက်စတာကိုပဲကြိုက်တယ်။

**အဲဗာတန်-ဝက်ဖို့ဒ် ည ၈း၃၀ (၈-၈-၁၅)**

ကလီဗာလေရောက်ရှိလာခဲ့တဲ့ အဲဗာတန်ဟာ ကွင်းလယ်ပိုင်းပိုမိုအားကောင်းမှုရှိလာပြီး မနှစ်က ဥရောပဝင်ခွင့်မရခဲ့မှုကြောင့် ဒီနှစ်ရာသီအစမှာတင် အားစိုက်ကစားလာမှာပါ။ အိမ်ကွင်းလည်းဖြစ်တဲ့အတွက် အဲဗာတန်တို့ အမှားခံမှာမဟုတ်ဘူး။ တန်းတက်ဝက်ဖို့ဒ်ကတော့ အစစအရာရာအားနည်းတဲ့အသင်းပါ။

**ချယ်လ်ဆီး-ဆွမ်ဆီး ည ၁၁း၀၀ (၈-၈-၁၅)**

ဆွမ်ဆီးဟာ အသင်းကောင်းတစ်သင်းဖြစ်တယ်ဆိုပေမယ့် စတမ်းဖို့ဒ်ဘရစ်ချ်မှာတော့ ချယ်လ်ဆီးကိုအသာရဖို့မလွယ်ဘူး။ ချယ်လ်ဆီးဟာ အသင်းကိုအားဖြည့်မှုနည်းပါးတယ်ဆိုပေမယ့်ကစားသမားအင်အားပိုင်းပိုမိုတောင့်တင်းမှုရှိကာတည်ငြိမ်မှုလည်းပိုရှိပါတယ်။ အိမ်ကွင်းလည်းဖြစ်တဲ့အတွက်ချယ်လ်ဆီးပဲနိုင်ပွဲရမှာပါ။

**နယူးကာဆယ်-ဆောက်သမ်တန် ည၇း၀၀ (၉-၈-၁၅)**

ဆောက်သမ်တန်ဟာဂလိုင်း၊ ရှနိုက်ဒါလင်တို့ကို ဆုံးရှုံးသွားရပေမယ့် ပြန်လည်အားဖြည့်မှုတွေလည်း ပြုလုပ်ထားလို့ အင်အားလျော့သွားခြင်းမရှိပါဘူး။ ဒါပေမယ့် နယူးကာဆယ်ကလည်း မက္ကလာရင်ကို မန်နေဂျာခန့်ပြီး အသင်းကို ပြန်လည်တည်ဆောက်ထားသလို အိမ်ကွင်းလည်းဖြစ်နေပါတယ်။သရေကျသွားဖို့များပါတယ်။

**အာဆင်နယ်-ဝက်စ်ဟမ်း ည ၇း၀၀ (၉-၈-၁၅)**

မန်နေဂျာသစ် ဘီလစ်လက်ထက်မှာ ဝက်စ်ဟမ်းရဲ့အသင်းလိုက်ကစားပုံက အကောင်းဆုံးပုံစံရှိနေတာကြောင့် အာဆင်နယ်ကိုတုံ့ပြန်ကစားသွားနိုင်မှာပါ။ ဒါပေမယ့် အာဆင်နယ်ကလည်းအပြောင်းအလဲနည်းပါးလို့ အသင်းလိုက်ကစားပုံ တည်ငြိမ်နေပြီး ဝဲလ်ကော့၊ ဆန်းချက်တို့လို ထိုးဖောက်အားကောင်းမွန်သူတွေရှိနေပါတယ်။

**စတုတ် - လီဗာပူး ည ၉း၃၀(၉-၈-၁၅)**

ဘန်တီကီ၊ ဖာမီနိုအစရှိတဲ့ ကစားသမားအများအပြားခေါ်ယူထားခဲ့တဲ့ လီဗာပူးဟာ အပြောင်းအလဲများပြားမှုကြောင့် ရာသီအစမှာလည်း ခြိမ်းခြောက်ဖို့ခက်ပါတယ်။ ဒ့ါအပြင် စတုတ်ကလည်း အိမ်ကွင်းဖြစ်ပြီးကစားပုံမာကျောတာကြောင့် လီဗာပူးတို့ မထင်မှတ်ဘဲ အခက်တွေ့နိုင်ပါတယ်။

**ဝက်စ်ဘရွန်း-မန်စီးတီး နံနက် ၁း၃၀(၁၁-၈-၁၅)**

ဝက်စ်ဘရွန်းဟာ တုံ့ပြန်ကစားအားကောင်းမွန်မှုရှိပြီး အိမ်ကွင်းဖြစ်တာကြောင့်အမှတ်ရရှိရေးအားစိုက်လာမှာဖြစ်လို့ မန်စီးတီးအခက်တွေ့နိုင်ပါတယ်။ ဒါပေမယ့် မန်စီးတီးဟာဖာဘီသန်ဒဲလ်၊စတာလင်တို့ကိုခေါ်ယူထားတာကြောင့် ကွင်းလယ်အနေနဲ့ ဖောက်ကစားပုံပိုမိုအားကောင်းလာနိုင်ပါတယ်။

# အပြောင်းအရွှေ့ဈေးကွက်မပိတ်မီ ကစားသမားသုံးဦးအထိ ခေါ်ယူရန် အဲဗာတန်လိုအပ်နေ



ယခုနွေရာသီအပြောင်းအရွှေ့ဈေးကွက်သည် စက်တင်ဘာ ၁ ရက်တွင် ပိတ်သိမ်းမည်ဖြစ်ရာ အဲဗာတန်အသင်းသည် ယင်းနေ့မတိုင်မီ ကစားသမားသုံးဦးအထိ ထပ်မံခေါ်ယူရန် လိုအပ်နေကြောင်း အဲဗာတန်အသင်းနည်းပြ ရောဘတ်တိုမာတီနက်ဇ်က ပြောကြားခဲ့သည်။

အဲဗာတန်အသင်းသည် ၂၀၁၅-၂၀၁၆ ဘောလုံးရာသီအဖွင့်ပွဲစဉ်အဖြစ် ပရီမီယာလိဂ်သို့ ယခုနှစ်တွင် တန်းတက်လာခဲ့သည့် ဝက်ဖို့ဒ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး လက်ရှိအပြောင်းအရွှေ့ဈေးကွက်အတွင်း ကစားသမားသုံးဦးခေါ်ယူထားခဲ့ပြီးလည်းဖြစ်သည်။ အဲဗာတန်အသင်းနှင့် အဖွင့်ပွဲကစားရမည့် ဝက်ဖို့ဒ်အသင်းမှာမူ ယခု နွေရာသီအပြောင်းအရွှေ့ကာလတွင် ကစားသမားသစ် ၁၀ ဦးအထိ ခေါ်ယူထားခဲ့သည့်အသင်းဖြစ်သည်။

ဝက်ဖို့ဒ်အသင်းအား အလွန်အန္တရာယ်ရှိသည့်အသင်းအဖြစ် အဲဗာတန်အသင်းနည်းပြမာတီနက်ဇ်က ယူဆထားပြီး အဲဗာတန်အသင်းအနေဖြင့် ရာသီအဖွင့် ပထမဆုံးကစားရမည့် ပွဲစဉ် ၁၀ ခုတွင် ချယ်လ်ဆီးအသင်း၊ မန်ယူအသင်း၊ မန်စီးတီးအသင်း၊ လီဗာပူးအသင်း စသည့်အသင်းများနှင့်လည်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အဲဗာတန် အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီကမူ အဆင့်(၁၁)နေရာဖြင့်ပင် ကျေနပ်ခဲ့ရသည့်အသင်းဖြစ်သည်။

အဲဗာတန်အသင်း ခေါ်ယူခဲ့သည့် ကစားသမားသုံးဦးမှာ ဘာစီလိုနာတိုက်စစ်မှူး ဂျာရတ်ဒူလိုဖူး၊ မန်ယူကွင်းလယ်ကစားသမား တွန်ကလီဗာလေနှင့် အိုလံပီယာကော့စ်တိုက်စစ်မှူး ဒေးဗစ်ဟီနန်တို့ဖြစ်သည်။ အဆိုပါ ကစားသမားသုံးဦးကို ခေါ်ယူနိုင်ခဲ့သည့်အပြင် ပရီမီယာလိဂ်၏ ထိပ်တန်းအသင်းများ ဖြစ်ကြသည့် ချယ်လ်ဆီးအသင်းနှင့် မန်ယူအသင်းတို့က ခေါ်ယူရန်ပစ်မှတ်ထားနေသည့် အင်္ဂလန်လူငယ်ကစားသမား ဂျွန်စတုန်းကိုလည်း အသင်းတွင် ဆက်ထိန်းထားနိုင်ခဲ့သည်။

(ငွေကြယ်)






## ရွှေရတုတိပိဋက
## လေးထပ်စာသင်ကျောင်းဆောင်အသစ်
## ဆောက်လုပ်ရန်အတွက် လှူဒါန်းနိုင်ပါသည်

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ မင်းကွန်းတောင်ရိုး၊ မိုးမိတ်ကုန်းမြေ၊ တိပိဋကနိကာယကျောင်းတိုက်ကြီးအတွင်း၌ ရွှေရတု တိပိဋကလေးထပ်စာသင်ကျောင်းဆောင်အသစ် ဆောက်လုပ်လှူဒါန်းမည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါ နှုန်းထားများအတိုင်း ကုသိုလ်ပါဝင် လှူဒါန်းနိုင်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

| | | | |
|---|---|---|---|
| ၁။ | ၁ ထပ်အတွက် | ကျပ်သိန်း | (၁၅၀၀) |
| ၂။ | ခေါင်လေ့ကား | ကျပ်သိန်း | (၃၅၀) |
| ၃။ | ပေ(၁၆×၁၅)ပတ်လည်တစ်ခန်းလှူ | ကျပ်သိန်း | (၁၀၀) |
| ၄။ | ၁၅ပေအတွက် | | (၁၅) သိန်း |
| ၅။ | ၁ပေအတွက် | | (၁) သိန်း |
| ၆။ | ဘိလပ်မြေတစ်အိတ် | | (၅၀၀၀) ကျပ် |
| ၇။ | ကျောက်သေးတစ်ကျင်း | | (၃၅၀၀၀) ကျပ် |
| ၈။ | ကျောက်ကြီးတစ်ကျင်း | | (၁၅၀၀၀) ကျပ် |
| ၉။ | သဲတစ်ကျင်း | | (၁၀၀၀၀) ကျပ် |

ဆက်သွယ်လှူဒါန်းရန်ဌာန

၁။ မင်းကွန်းတိပိဋကနိကာယကျောင်းတိုက်၊ အမှတ်(၁၂)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၂၂၂၇၇/၇၈/၇၉၊ ၀၉-၇၃၁၉၇၉၉၅၊ ၀၉-၄၂၀၀၄၀၄၉၂

၂။ မင်းကွန်းတိပိဋကနိကာယသာသနာပြုဥပဋ္ဌာကအဖွဲ့ခွဲရုံး၊ ၂၆(B)လမ်း၊ ပိုက်ကျုံး၊ မန္တလေး၊ ဖုန်း-၀၂-၃၀၁၉၀၊ ၀၉-၂၁၃၁၀၄၃

၃။ မင်းကွန်းတိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းတောင်ရိုး၊ စစ်ကိုင်းမြို့နယ်၊ ဖုန်း-၀၉-၆၄၆၃၇၃၇၊ ၀၉-၂၅၆၆၂၀၆၈၆၊ ၀၉-၂၅၆၀၅၈၁၂၉

မင်းကွန်းတိပိဋကနိကာယ၊ သာသနာပြုဥပဋ္ဌာကအဖွဲ့

## တိုက်ခန်းကျယ်ရောင်းမည်

သယ်န်းကျွန်း၊ ရတနာသုခလမ်း၊ မြေညီ၊ တိုက်သစ်(**20'_70'**)၊ ထပ်ခိုးအပြည့်ပါ၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ တိုက်သားအလွန်ကောင်း၊ ရေမီးစုံ။ (သိန်း ၁၆၅၀)
**Ph: 09-5071649, 09-260454548**

## တိုက်နှင့်ခြံရောင်းမည်

ကလောမြို့ထဲအနီး၊ ရှုခင်းကောင်း၊ 95'_55'၊ ထောင့်ကွက်၊ RC နှစ်ထပ်တိုက်သစ်၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ ရေမီးစုံ။ (သိန်း ၃၅၀၀)
**Ph: 09-5071649, 09-260454548**

## Access Cherry Travels & Tours

| | | |
|---|---|---|
| ● နေပြည်တော် | (နေ့ချင်းပြန်) | 35,000 |
| ● ဗဂွန် | (နေ့ချင်းပြန်) | 20,000 |
| ● ပြည်(အကောက်တောင်) | (နေ့ချင်းပြန်) | 30,000 |
| ● ဘားအံ - ကျိုက်ထီးလာ - ကော့ဂွန်းဂူ (နေ့ချင်းပြန်) | | 33,000 |
| ● မော်လမြိုင် - ... (နေ့ချင်းပြန်) | | 33,000 |
| ● ပုဂံ - ပုပ္ပါး - ... (၃ ည /၄ ရက်) | | 90,000 |

Ph : 09-31134601, 25981383, 09-43053066, 01-400547

## SILVER HILLS TRAVELS & TOURS

No(459/C),4th Floor,Room 7,New University Avenue,Bahan,Yangon.
Ph:01-540647,401345, 09-793726968 ,09-260015267

| | |
|---|---|
| Singapore(3 Nights/4 Days) | (USD 505) |
| Vietnam (3 Nights/4 Days ) Hanoi-Halong Bay | (USD 270) |
| Vietnam(3 Nights/4 Days )Hochiminh+Mytho | (USD 255) |
| (7 Nights/8 Days ) | (USD 800) |
| (8 Days ) Hotel | (USD 975) |
| (12 Days) Hotel | (USD 1025) |

Restaurant






| မိုးပန်းမွှန် (ရာမဉာဏ) | ဘင်ယုဂျေး | ဟန်သုဇော် | ဟိန်းဆက်သွင် | အာကာခေတ်ပိုင် |
|---|---|---|---|---|
| တောက်ပစွာ လောင်ကျွမ်းသောနှင့် ရသဝတ္ထုတိုများ | နေလို လလို ရသကြွယ်သော ဝတ္ထုတိုများ | စိတ်ကမ္ဘာထဲက လူ (ဝတ္ထုတို စုစည်းမှု) | အလွမ်းမြို့ဟောင်း၏ နောက်ကြောင်းရာဇဝင် (လုံးချင်းဝတ္ထုသစ်) | နှင်းဆွတ် လေပြည် (လုံးချင်းဝတ္ထုသစ်) |




ကြော်ငြာ


CAFETERIA & B-2-B Meeting

Enjoy Drinks, Food & Wifi COFFEE

FREE High Speed WIFI by REDLINK

# MiTA MYANMAR
## MEDICAL AND HEALTHCARE EXHIBITION & CONFERENCE 2015

7th-9th Aug 2015 Friday ~ Sunday 9 am - 5 pm Tatmadaw Hall, Yangon

3 Exhibitions in 1 International Event
- Medical & Healthcare
- Pharmaceutical
- Sports, Fitness & Cosmetics

Entry Free

Myanmar Healthcare Inv. Conference
- Famous Foreign & Myanmar Speakers

AGENDA: http://bit.ly/1dMGD8Q

Amazing Event ... Opportunity to meet:
- More than 55 International & Local Companies
- Prominent Medical Professors & Doctors

MiTA MYANMAR MYANMAR MARKET PARTNER www.mitaservices.com www.mitamyanmar.com www.myanmarinvestmentbusiness.com



## ENGLISH (U.M.N)

အင်္ဂလိပ်စကားပြော (၃) လအတတ် (မွှန်ပြီ)

ITALLIAN / GERMAN သင်တန်းများရှိသည်။

| | |
|---|---|
| Mon - Thur | 9:30 - 11:00 AM (3-Months) (regular class) |
| Mon - Thur | 1:00 - 2:30 PM (one to one section) |
| Mon - Tue - Wed | 5:30 - 7:00 PM (3-Months) |
| Sat/Sun | 9:00 - 12:00 AM (Special class) |

Home တစ်ဦးချင်း သီးသန့်

၁၅၄၊ ပထပ်၊ ဆိပ်ကမ်းသာလမ်း (အောက်) လမ်း၊ ရန်ကုန်။

Ph : 01-389173 , 09-5006680



ပြည်ထဲရေးမှတ်ပုံတင်အမှတ် (၂၀၂၆/၁၂)

ခေတ်မီ နက္ခတ်ဗေဒင်ပညာရှင်များ အဖွဲ့

ပညာဒါနသင်တန်း (တနင်္ဂနွေနေ့တိုင်း)

၉-၈-၂၀၁၅ မွန်းလွဲ ၁း၀၀နာရီ စတင်သင်ကြားပါမည်။

သင်တန်းတည်ရာ-ကျိုက်ကလော့စေတီတော်၊ မင်္ဂလာဒုံမြို့နယ်။

ဖုန်း-၀၉၅၁၅၀၃၆၇၊ ၀၉၇၃၂၃၄၆၅၇



တက္ကသိုလ်ဝင်တန်းမြန်မာစာဘာသာရပ်အမှတ်များစွာယူ၍ ဘာသာရပ်အမှတ်ပေါင်းကိုမြှင့်တင်ပါ။

မြန်မာစာဂုဏ်ထူးရှင်များစွာတို့၏

# သုတကျော်

သင်ရိုးစာစီစာကုံး (မှုလေယ်ထောက်)တန်းခွဲများ

ရန်ကုန် တက္ကသိုလ်

တက္ကသိုလ်ဝင်တန်းအထူးတစ်ဦးချင်း အပ်နှံခြင်းဖြင့် ဂုဏ်ထူးရယူပါ။

အမှတ်(၁၆)၊ ဘဝါယထပ်၊ သုဓမ္မာလမ်း၊ စမ်းချောင်း။

ဖုန်း 01-506203, 09 5078302, 09 450061608



# Bachelor of Business Administration (Top-up)

စီးပွားရေးစီမံခန့်ခွဲမှုဘွဲ့နောက်ဆုံးနှစ်



STI MYANMAR UNIVERSITY

ယောင်ကောင်အစိုးရတက္ကသိုလ် (သို့မဟုတ်) ဗြိတိန်အစိုးရတက္ကသိုလ်၏ နောက်ဆုံးနှစ်ဘွဲ့ သင်တန်းဖြစ်ပါသည်။

BBA နောက်ဆုံးနှစ်သို့ တိုက်ရိုက်လျှောက်ထားနိုင်သူများ

- STI MU Advanced Diploma in Business Management (သို့) ABE Level (5) (သို့) BTEC HND in Business အောင်မြင်ပြီးသူများ (သို့) ဘွဲ့တစ်ခုခု ရရှိပြီးသူများ

www.stiedu.net

Block-10, MICT Park, လှိုင်တက္ကသိုလ်၊ ရန်ကုန်

Ph: 377988, 507048, 507151, 507152



ယခုအကြိမ်ရနိုးဆုံးမြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည်

# နေရာတိုင်းဆောင်ထား

- အရောက်ပို့
- တပ်ဆင်
- ရှင်းပြ

Rain Flower

3 Years

Customer များအတွက် နိုးရာသီ အမျိုးသမားစေးကောင်း၊ ဆီးလက်ဆောင် (Sept. လကုန်အထိ)



ကြည့်မြင်တိုင်
ဖုန်း -၀၉-၇၃၁၀၀၈၉၀
-၀၉-၇၃၁၀၀၈၉၁

မြောက်ဥက္ကလာပ
ဖုန်း -၀၉-၇၃၁၅၄၆၇၀

၉-မိုင်၊ ပြည်လမ်း
ဖုန်း -၀၉-၄၃၀၄၉၃၅၆

ပေါက်တောဝ၊ အင်းစိန်
ဖုန်း -၀၁-၆၄၃၇၅၈
-၀၉-၇၃၁၂၆၀၅၇
-၀၉-၃၀၄၇၁၆၅၄

နေပြည်တော်
ဖုန်း -၀၉-၄၉၂၀၈၈၀
-၀၉-၃၁၁၃၆၂၆၀

မန္တလေး
ဖုန်း -၀၉-၄၂၁၀၈၈၄၂၂
-၀၉-၆၅၀၀၄၁၃



CALL TAXI

# T.C.C (Taxi Call Center)

## Taxi ယာဉ်မောင်းများအတွက် အထူးအခွင့်အရေး

TCC မှ Taxi ယာဉ်မောင်း ( ၁၂၀၀ )ခန့် အလိုရှိသည်။

အကျိုးခံစားခွင့် - တစ်လ ၂၅၀,၀၀၀/- ( + ) ရရှိငွေပေါ်မူတည်ပြီး ကော်မရှင်ကြေး ထပ်မံရရှိမည်။

အလုပ်ချိန် - ( ၃ )ပတ်အတွင်း ( ၁ ) ပတ်နားစနစ်

တာဝန် - ခရီးသည် ရှာရန်မလို၊ TCC မှ ရှာပေးသော ခရီးသည်ကို ကြို/ပို့ ပေးရမည်။

လိုအပ်ချက် - ယာ-လိုင်စင် (အညို) ဖြစ်ရမည်။ ကျန်းမာရေးကောင်းမွန်ရမည်။ Taxi မောင်း အတွေ့အကြုံရှိရမည်။ ( ရန်ကုန်မြို့ အတွင်း လမ်းများကို သိရမည် )

စိတ်ဝင်စားပါက - လူကိုယ်တိုင် ယာဉ်မောင်းလိုင်စင်ယူလာ၍ TCC ရုံးချုပ်သို့ ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။ TCC မှ ယာယီ ယာဉ်မောင်းအဖြစ် သတ်မှတ် ပါက Deposit ၁၀,၀၀၀/- ပေးသွင်းခဲ့ရပါမည်။

## Taxi ယာဉ်ပိုင်ရှင်များအတွက် အထူးအခွင့်အရေး

TCC မှ Taxi ယာဉ် ( ၅၀၀ ) စီး ထပ်မံအလိုရှိသည်။

အကျိုးခံစားခွင့် - ၁ လ ၂၄၀,၀၀၀/- + ကားဝင်ငွေမှ (၃)ပုံ (၂)ပုံ၏ (၃) ရာခိုင်နှုန်း ထပ်မံရရှိပါမည်။ TCC နှင့် ပူးပေါင်းပါဝင်သည့် ကာလတစ်လျှောက် ကားပြင်ဆင် စရိတ်နှင့် ကားအတွက် လိုအပ်သော ပစ္စည်းများ၏ ကုန်ကျစရိတ်ကို TCC မှ တာဝန်ယူသွားပါမည်။

စိတ်ဝင်စားပါက - ယာဉ်ပိုင်ရှင်ကိုယ်တိုင် ကား၏ပိုင်ဆိုင်မှု အထောက်အထားများနှင့်အတူ TCC ရုံးချုပ်သို့ လာရောက် လျှောက်ထားနိုင်ပါသည်။

မှတ်ချက် - ကားယူလာရန်မလို၊ TCC ယာဉ်နှင့် ပတ်သက်၍ ပြင်ဆင်ထားရမည့် အချက်အလက်များကို ယာဉ်ပိုင်ရှင် အနေဖြင့် နားလည်သဘောပေါက် လက်ခံနိုင်ပါက TCC နှင့် ယာယီပူးပေါင်း ဆောင်ရွက်သည့်အနေဖြင့် Deposit ၃၀,၀၀၀/-ပေးသွင်းခဲ့ရပါမည်။ မှတ်ချက်- မည်သည့်ကား အမျိုးအစားမဆို အင်ဂျင်ပါဝါ ( 1.3, 1.5 CC ) ဖြစ်ရမည်။

## TCC မှ ဖုန်းဖြေဆိုသူ ကျား/မ (လူပျို/အပျို) (၃၀)ဦး

အမြန်အလိုရှိသည်။ (ဓာတ်စာရိုက်ကျွမ်းကျင်ရမည်) ၁ လ ( ၁၅၀,၀၀၀/- မှ ၂၀၀,၀၀၀/- ) ရရှိမည်။

## TCC မှ ဆက်သွယ်ရေးဝန်ထမ်း ကျား/မ (လူပျို/အပျို) (၁၅၀)ဦး

အမြန်အလိုရှိသည်။ (အခြေခံပညာအထက်တန်းအဆင့်ရှိရမည်။) ၁ လ ( ၁၂၀,၀၀၀/- မှ ၁၈၀,၀၀၀/- ) ရရှိမည်။

မှတ်ချက် (၁) ယာဉ်ပိုင်ရှင်များလျှင် အထက်ပါ ရာထူးများအတွက် တာဝန်ချိန်သည် (၃)ပတ်အတွင်း ၁ ပတ်နား စနစ်ဖြစ်သည်။ [illegible]

(၂) [illegible] Taxi ယာဉ်နှင့် [illegible] (၁၀) ရက်အတွင်း [illegible]

မှတ်ချက် - ပိတ်ရက်မရှိ ရုံးချိန်အတွင်း ရုံးခန်းလျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း 09 789 502 137, 09 672 160832, 09262000446, 09970006520

လမ်းညွှန်- [illegible] TCC


SONY
EXCLUSIVE PREMIUM GIFTS
MIDYEAR PROMOTION
30 July – 30 August | 2015
LATEST PRODUCTS
65X8500C / 75X8500C
43W800C
40W700C
40R550C / 40R552C
SHAKE 100D
XPERIA™ C4
XPERIA™ M4 Aqua
XPERIA™ E4
ILCE-7K
• 24.3-megapixel 35mm full-frame Exmor™ CMOS sensor
• BIONZ X™ image processing engine
• Meticulously crafted controls within a compact body
• Enhanced Fast Hybrid AF
• High-contrast, high-resolution XGA OLED Tru-Finder™
• Full HD movie recording with advanced audio functions
DSC-HX90
• 18.2MP Exmor R™ CMOS Sensor
• 30x Optical Zoom, 60x Clear Image Zoom
• Built-in Wi-Fi® / NFC
• Electronic Viewfinder & Multi-Interface Shoe
• 180° tiltable 3.0" LCD screen
DSC-H300V
• 20.1MP
• 35x Optical Zoom
• Sony Lens
• Super HAD CCD Sensor
• HD Movie (720P)
HDR-CX405
Full HD 1080
• 9.2MP Full HD
• 27x Optical Zoom, 54x Clear Image Zoom
• SteadyShot™ (Active Mode)
• Zeiss® Vario-Tessar 26.8mm wide angle lens
FREE GIFTS
Official Warranty by: TMW Enterprise Limited
Wai Yan Electronics Dealer Official Warranty
SONY SHOWROOM YANGON: ■ Yaw Min Gyi, Tel: 01-245311 ■ Kabar Aye, Tel: 01-546006, 401416 ■ Gamone Pwint, Tel: 09-73119900 ■ Bo Aung Kyaw, Tel : 01-398566, 256620, 246513
SONY SHOWROOM MANDALAY: ■ Chan Aye Thar Zan Township. Tel: 02-72580~4 ■ Yadanarpon Diamond Plaza. Tel: 09-91008417
SONY SHOWROOM NAY PYI TAW: ■ Thiri Yadanar Hyper Market. Tel: 067-420791, 420966 WHOLE SALES / DISTRIBUTION : Tel: 01- 554708
Buy Smart, Be Assured!
Insist on Official Warranty, It makes a difference!

## ရွှေတိဂုံစေတီတော်
### ရခိုင်တန်ဆောင်း ထိန်းသိမ်းစောင့်ရှောက်ရေးအသင်း
### ရန်ကုန်မြို့ (၅၆)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်
### အစည်းအဝေးပွဲကျင်းပမည်

(၁၉)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ၊ အထက်တန်းအောင် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ၊ ငွေပဒေသာပင်လှူဒါန်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲနှင့် သက်ကြီးပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများ မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၁၅-၈-၂၀၁၅ရက် (စနေနေ့)၊ (၁၃၇၇ခုနှစ် ဒုတိယဝါဆို လကွယ်နေ့)
ကျင်းပမည့်အချိန် - နံနက် ၉ နာရီ
ကျင်းပမည့်နေရာ - ရခိုင်ပြည်နယ်ခန်းမ၊ အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

အမှုဆောင်အဖွဲ့

## Basic Engineering Course
(လျှပ်စစ်၊ စက်တပ်ဆင်၊ ပိုက်ဆက်၊ ဂဟေဆက်၊ အဲယားကွန်း)
**အခြေခံ/ကျွမ်းကျင် သင်တန်း တက်လိုသူများ**
ပြည်တွင်း/ပြည်ပ - အလုပ်အကိုင်ရှာနေသူများ နှင့်
ဝန်ထမ်းကောင်းများရှာနေသည့် အလုပ်ရှင်များ
**သုခစုစံ ကုမ္ပဏီ သို့ ဆက်သွယ်ပါ။**
ပန်းဆိုးတန်းမှတ်တိုင်၊ ကုန်သည်လမ်းမကြီး(၃၉-လမ်းထောင့်)၊ တိုက်အမှတ်(၅၀၆)။
Ph : (01)377343, 377344, 385758, 386877, 392233

## " အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ "
### ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ။

အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေးအဖွဲ့သည် ယခုနှစ် ၂၀၁၅-၂၀၁၆ခုနှစ်၊ ဘုရားဖူးရာသီတွင် သံဝေဇနီယလေးဌာန(အိန္ဒိယ/နီပေါ) ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များအား ၂၀၁၅ခုနှစ်၊ စက်တင်ဘာလ နောက်ဆုံးပတ်မှ စတင်၍"အောင်ချမ်းသာမှသင့်ဆန္ဒပြည့်ဝစေရမည်" ဟူသောဆောင်ပုဒ်နှင့်အညီတစ်ပတ်ခြားတနင်္လာနေ့တိုင်းထွက်ခွာရန် စီစဉ်ထားရှိပါသည်။ရန်ကုန်မှဗုဒ္ဓဂယာသို့လေယာဉ်ဖြင့်တိုက်ရိုက်သွားပြီးဘုရားဖူးမြော်ကာဗုဒ္ဓဂယာမှရန်ကုန်သို့တိုက်ရိုက် ပြန်လာသည့်(၁၁)ညအိပ်(၁၂)ရက်ခရီးဖြစ်ပါသည်။

ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဒေါ်သဇင်မြင့်အောင် ကိုယ်တိုင်ဘုရားဖူးခရီးစဉ်တစ်လျှောက်လိုက်ပါ၍ နွေးထွေး သောဝန်ဆောင်မှုများပေးသဖြင့်ဘုရားဖူးများကျေနပ်အားရပီတိဖြစ်ကာစိတ်အေးချမ်းသာစွာသာသနာပြုနိုင်ခဲ့ကြောင်း တဖွဲ့ဖွဲ့ပေးပို့လာသည့်ကျေးဇူးတင်လွှာများနှင့်ပြန်လည်လိုက်ပါရန်အဆိုပြုထားသည့်ဘုရားဖူးများ၊ယခုနှစ်ခရီးစဉ်တွင် ကြိုတင်စာရင်းပေးသွင်းထားသောဓမ္မမိတ်ဆွေများအားအထူးကျေးဇူးတင်ရှိပါသည်။ထွက်ခွာမည့်ခရီးစဉ်များမှာ-

| | | | |
|---|---|---|---|
| (၁) ၂၈-၉-၂၀၁၅ | (၅) ၂၃-၁၁-၂၀၁၅ | (၉) ၁၈-၁-၂၀၁၆ | (၁၃) ၁၄-၃-၂၀၁၆ |
| (၂) ၁၂-၁၀-၂၀၁၅ | (၆) ၇-၁၂-၂၀၁၅ | (၁၀) ၁-၂-၂၀၁၆ | (၁၄) ၂၈-၃-၂၀၁၆ |
| (၃) ၂၆-၁၀-၂၀၁၅ | (၇) ၂၁-၁၂-၂၀၁၅ | (၁၁) ၁၅-၂-၂၀၁၆ | (၁၅) ၁၁-၄-၂၀၁၆ (သင်္ကြန်ပိတ်ရက်) |
| (၄) ၉-၁၁-၂၀၁၅ | (၈) ၄-၁-၂၀၁၆ | (၁၂) ၂၉-၂-၂၀၁၆ | |

အထက်ပါခရီးစဉ်များပြောင်းလဲခြင်းမရှိပါ။မိမိသွားလိုသောခရီးစဉ်များကိုရွေးချယ်၍ Power Palace Hotel အမှတ်-၁၆၊ပြည်သာယာလမ်း၊ဘောက်ထော်၊ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့။ဖုန်း-၀၁-၅၅၉၇၁၉၊ ၀၁-၅၄၄၂၈၇၊ ၀၁-၄၀၀၈၁၆၊ ၀၉-၇၃၁၅၂၈၆၀၊ ၀၉-၇၃၁၅၁၃၁၃၊ ၀၉-၅၁၂၈၆၂၁သို့ အမြန်ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

သဇင်မြင့်အောင်

Hotline : (+95) 09 260071710
Tel : (+95) 01 245561, (+95) 09 260071684
NOBLE MOON TRAVELS & TOURS
ဈေးနှုန်းလေးတစ်ချက်သာ ကောက်ဆက်လိုက်ပါ ...
**မန္တလေး - တောင်ပြုန်း (၂ ညအိပ် ၃ ရက်ခရီး)**
**စား၊ တည်း၊ ငြိမ်း ၅၅၅၀၀ ကျပ်**
(August 23 ထွက် August 27 ပြန်ရောက် )
တစ်နှစ်တစ်ခါ နွှဲပျော်ရာ ...
မင်းကြီး - မင်းကလေး၊ ချီးရေသုံးသပ်ပွဲတော်ကို
ဆင်နွှဲကြဖို့ NOBLE MOON ကို ဆက်သွယ်ပါ ...
မန္တလေးမှ တန်ခိုးကြီးမဟာမြတ်မုနိဘုရားလည်း ဖူးရမယ်နော် ...

### ဟိန္ဒူမြိတ်သားစုများ၏ (၂၁)-ကြိမ်မြောက်
### စုပေါင်းဝါဆိုသင်္ကန်း နှင့် ဆွမ်းအလှူဒါနပြုပွဲ ဖိတ်ကြားခြင်း

သန္တန္တနမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်မှ ကြီးမှူး၍ (၂၁)-ကြိမ်မြောက် ဟိန္ဒူမြိတ်သားစုများ၏ စုပေါင်းဝါဆို သင်္ကန်း နှင့် တစ်နေ့တာဆွမ်းအလှူဒါနပြုပွဲကို ၁၃၇၇-ခုနှစ်၊ ဝါခေါင်လဆန်း(၁)ရက်၊ (၁၆-၈-၂၀၁၅) တနင်္ဂနွေနေ့ နံနက်(၉:၀၀)နာရီတွင် ကမ္ဘာအေးကုန်းမြေရှိ သံဃမဟာနာယကကျောင်းဆောင်သစ်၌ သီတင်းသုံးတော် မူကြကုန်သော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ ဝိနည်းမိုရ် ဆရာတော်ကြီးများ၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)မှ စာချဆရာတော်ကြီးများနှင့် စာသင်သံဃာတော်များအား ကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစား ကျောင်းဆောင်တွင် ဆက်ကပ်လှူဒါန်းမည် ဖြစ်ပါ၍ မိသားစုနှင့်တကွ ကြွရောက်တရားတော်နာယူ ကုသိုလ်သဒ္ဓါပွားများနိုင်ကြရန်နှင့် လှူဒါန်းလိုသူများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

095179532, 0943334445, 095108541, 09450010762, 095000453, 0973150779

ဆီးချိုသွေးချိုရှိသူများအတွက် No.1 ဖြည့်စွက်အာဟာရမှုန့် Diabetasol မှ ဖုန်းငွေဖြည့်ကတ်များ လက်ဆောင်ရယူလိုက်ပါ....

Diabetasol®
Diabetes Nutrition Solution

ဆီးချိုသွေးချိုရှိသူများ၏ အာဟာရအတွက်
အသင့်တော်ဆုံးရွေးချယ်မှု ....

Diabetasol
ကာပူချီနို
ချောကလက်
ဗနီလာ

**လိုအပ်ချက်**
- အသုံးပြုပြီးသော Diabetasol ဘူးခွံ (၂) ခု
- ၄င်း ဘူးခွံ အပေါ်ဘက် အဖုံးနေရာတွင်...
အမည်၊ မိုဘိုင်းဖုန်းနံပါတ်၊ လိပ်စာ
အပြည့်အစုံတို့ကို မိမိကိုယ်တိုင် လက်ရေးဖြင့် ရေးသားပါ။

**ပေးပို့ရန်နည်းလမ်း**
အမည်၊ မိုဘိုင်းဖုန်းနံပါတ်၊ လိပ်စာအပြည့်အစုံ ရေးသားထားသော
ဒိုင်ယာဘီတစောဘူးခွံနှစ်ခုကို လက်ကိုင်ဖုန်းဖြင့် နမူနာပုံအတိုင်း
ဓာတ်ပုံရိုက်ပြီး ဖုန်းနံပါတ် - 09 960768858 သို့ Viber
ဖြင့် ပေးပို့နိုင်ပါသည်။

နမူနာဓါတ်ပုံ

5000 Ks
3000 Ks

ပထမဦးဆုံး ပေးပို့သူ အယောက် ၁၀၀၀ မှ ဖုန်းငွေဖြည့်ကတ် ၅၀၀၀ ကျပ် ရရှိမည့်အထူးအခွင့်အရေး
ဒုတိယ ပေးပို့သူ အယောက် ၁၀၀၀ မှ ဖုန်းငွေဖြည့်ကတ် ၃၀၀၀ ကျပ် ရရှိမည့်အထူးအခွင့်အရေး

(မှတ်ချက်။ ။ဓာတ်ပုံရိုက်ရာတွင် မိမိရေးသားထားသော အချက်အလက်များ ပေါ်လွင်ထင်ရှားရပါမည်။)

*Promotion* ကာလမှာ ....
ဩဂုတ်လ နှင့် စက်တင်ဘာလ (၂) လတည်းသာဖြစ်ပါသည်။

KALBE Customer Care 01-2399800
KALBE

**စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်**
**ဗိုလ်လောင်း ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲစစ်ဆေးခြင်း**

၁။ စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်း လျှောက်လွှာတင်သွင်းထားသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။
(၂) **ဇီဝဗေဒ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။
(၂) **သင်္ချာ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

(ဂ) **စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။
(၂) **သင်္ချာ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

၂။ စာမေးပွဲများကို အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုရမည်-

(က) **နေပြည်တော်** အမှတ်(၇)တည်းခိုရေးစခန်း၊ ရွာတော်။
(ခ) **မြစ်ကြီးနားမြို့** တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။
(ဂ) **လားရှိုးမြို့** တိုင်းစစ်ဌာနချုပ်ခန်းမ။
(ဃ) **တောင်ကြီးမြို့** တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ။
(င) **နမ့်စန်မြို့** နမ့်စန်လေတပ်စခန်းဌာနချုပ်ခန်းမ။
(စ) **ကျိုင်းတုံမြို့** တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။
(ဆ) **မော်လမြိုင်မြို့** အထက၊ ရွှေနတ်တောင်။
(ဇ) **မြိတ်မြို့** တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။
(ဈ) **ရန်ကုန်မြို့** အထက(၂)၊ မင်္ဂလာဒုံ။
(ည) **ပုသိမ်မြို့** တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ။
(ဋ) **အမ်းမြို့** တိုင်းစစ်ဌာနချုပ်၊ အမ်းတောင်ခန်းမ။
(ဌ) **မုံရွာမြို့** အထက(၂)၊ အလုံ။
(ဍ) **မန္တလေးမြို့** အထက(၁၈)၊ နန်းမြို့။
(ပ) **တောင်ငူမြို့** တိုင်းစစ်ဌာနချုပ်၊ အေးချမ်းဖြိုးခန်းမ။

၃။ မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၊စာစစ်ဌာနများတွင် ဖြေဆိုကြရမည်။ လျှောက်လွှာတင်သွင်းသူအားလုံး ဝင်ခွင့်စာမေးပွဲဖြေဆိုရန် အတည်ပြုရွေးချယ်သည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် **ဖြေဆိုရမည့်ခုံအမှတ်နှင့်ဖြေဆိုရမည့်နေရာများ**ကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ **နိုင်ငံသားစိစစ်ရေးကတ်**ကို တစ်ပါတည်းယူဆောင်လာရမည်။ **နိုင်ငံသားစိစစ်ရေးကတ်** တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက **သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊စာစစ်ဌာနများ**တွင် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**


SAMSUNG
A handful of joy.
အရှေ့ဘက် ကင်မရာ ဖလက်ချ်မီး ပါဝင်လို့
Selfie ပုံ အလန်းလေးတွေ ဖန်တီးနိုင်ပြီ..
LAUNCHING
မြောက်လာတင်ဆောင်
16GB Micro SD card
• HD sAMOLED Display
• ကျောဘက် ကင်မရာ 13 MP (f1.9)
telenor Jumbo Promotion Package
အခမဲ့ 500 MB x 6 လ
5.0"
5.5"
SAMSUNG Galaxy J5
SAMSUNG Galaxy J7
အမြို့မြို့အနယ်နယ်ရှိSamsung Brand Shops ၊ Telenor Brand Stores များနှင့် ကိုယ်စားလှယ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။
www.facebook.com/samsungmobilemyanmar
Samsung Customer Contact Center - 01 2399 888 Mon-Sun : 8AM to 6PM


Gold Roast COFFEE MIX
DRINK & WIN LUCKY DRAW
BELTA ကား (၂) စီးအပါအဝင်
ငွေကျပ် ၅၀၀ မှစတင်၍ ငွေကျပ် ၁၀ သိန်းအထိ
ဆုမဲပေါင်းများစွာက သင့်ကိုစောင့်ကြိုနေပါတယ်။
www.facebook.com/GoldRoastMyanmar
ပရိုမိုးရှင်းကာလ - July 2015 to October 2015
(ဆုမဲများကို ၃၀.၁၁.၂၀၁၅ ထိ နောက်ဆုံးထား၍ထုတ်ယူနိုင်ပါသည်)
BELTA ကားများ ပိုင်ဆိုင်နိုင်မည့် အခွင့်အရေး
Gold Roast COFFEE MIX
50 sachets
(၁၀) သိန်းဆု ကံထူးရှင်
ကိုရေးမောင်
ရန်ကုန်မုန့်ဆိုင်၊ လားရှိုးမြို့
(ကျွဲပြားမှုရှိနိုင်သည်။)

ကြော်ငြာ


www.facebook.com/CalsomeMyanmar
Calsome
Nutritious Cereal Drink
ကျေးဇူးတင်ရှိကြောင်း
ကယ်လ်ဆမ်ကွေကာ၏ "ပျော်ရွှင်လှပ မိသားစုဘဝ အမှတ်တရ" ဓာတ်ပုံပြိုင်ပွဲတွင် အနယ်နယ်အရပ်ရပ်မှ ပြိုင်ပွဲဝင်ဓာတ်ပုံပေါင်းများစွာလက်ခံရရှိပြီး ဓာတ်ပုံပေးပို့ပြိုင်ပွဲဝင်ကြသော ကယ်လ်ဆမ်ကွေကာ၏ မိသားစုဝင်များအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် ပထမအဆင့်မြို့နယ်ပြိုင်ပွဲအတွက် ဆုရဓာတ်ပုံများကို (၁၅.၈.၂၀၁၅) ရက်နေ့တွင် ကယ်လ်ဆမ်ကွေကာ၏ Facebook စာမျက်နှာ၊ မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာ၊ Weekly Eleven ဂျာနယ် နှင့် 7Day News ဂျာနယ်များတွင် ထည့်သွင်းကြေညာပေးသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။
ကျေးဇူးတင်စွာဖြင့်
ကယ်လ်ဆမ်ကွေကာမိသားစု


SUZUKI
Way of Life!
Just
Arrived!
နီးစပ်ရာအရောင်းကိုယ်စားလှယ်များထံတွင် ကားစမ်းသပ်မောင်းနှင်ရန် စာရင်းပေးသွင်းကြပါစို့
The Brand New
ERTIGA
ERTIGA
အရောင်းကိုယ်စားလှယ်များ
လှိုင်နှင့်စွမ်း မော်တော်
အောင် မော်တော်
မျိုး မော်တာ
ရဲနဒီ မော်တော်
အေအိုင်ဂျီ မော်တော်
PRICE
17,900 US$++
Granite Grey Metallic (ZTN)
Superior White (26U)
Ecru Beige Metallic (ZPY)

Hot Line No-0930500100

## ယနေ့ မာတိကာ


တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်ပါ အချက်များအား ပြည်သူအားလုံး သိရှိနိုင်ရေးအတွက် ထုတ်ပြန်ရန် နှစ်ဖက်အဖွဲ့ သဘောတူညီ
စာမျက်နှာ - ၄

ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးနှင့် ကူညီ ထောက်ပံ့ရေးလုပ်ငန်းများကို ပုဂ္ဂလိကပိုင်လေယာဉ်များဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိ
စာမျက်နှာ - ၆

ဟင်္သာတ၊ ငါးသိုင်းချောင်း၊ ဇလွန်နှင့် ဆိပ်သာမြို့နယ်များတွင် ဇူလိုင်လကုန်မှစ၍ စိုးရိမ်ရေအမှတ် ကျော်လွန်လျက်ရှိ
စာမျက်နှာ - ၈


# ရေဘေးကြောင့် စားနပ်ရိက္ခာအခက်အခဲရှိသော ရခိုင်ပြည်နယ်သို့ စစ်ရေယာဉ်များဖြင့် ဆန်တင်ပို့နေ

**ရန်ကုန် ဩဂုတ် ၇**

ရေဘေးအန္တရာယ်ကြောင့် စားနပ်ရိက္ခာအခက်အခဲရှိသော ရခိုင်ပြည်နယ်သို့ တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် ဆန်တင်ပို့နေကြောင်း မြန်မာနိုင်ငံ ဆန်ကုန်သည်များအသင်းမှ သိရသည်။

မြန်မာနိုင်ငံအထက်ပိုင်းဒေသများနှင့် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် ရေကြီးရေလျှံမှုများကြုံတွေ့ခဲ့ရာ လတ်တလော စားနပ်ရိက္ခာလိုအပ်မှုရှိနေသော ရခိုင်ပြည်နယ်ဘက်သို့ မြန်မာ့တပ်မတော်မှ စစ်ရေယာဉ်များဖြင့် ဆန်အပါအဝင် ထောက်ပံ့ရေးပစ္စည်းများကို ပို့ဆောင်လျက်ရှိသည်။ တပ်မတော်ရေမှ စစ်ရေယာဉ်များသည် ဩဂုတ် ၅ ရက်တွင် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ပြီး ဩဂုတ် ၇ ရက်တွင် စစ်တွေသို့ ရောက်ရှိခဲ့သည်။ ဆန်နှင့်ထောက်ပံ့ရေးပစ္စည်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ရေဘေးသင့်ပြည်သူများထံ ထောက်ပံ့ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

ယင်းအပြင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ပို့ဆောင်မည့် ဆန်အိတ် ၆၀၀၀ ကို ဩဂုတ် ၇ ရက်တွင် စစ်ရေယာဉ် အောင်ဇေယျဖြင့် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ပို့ဆောင်သွားမည်ဖြစ်ပြီး ဩဂုတ် ၉ ရက်တွင် ရောက်ရှိမည်ဖြစ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အပါအဝင် မြန်မာနိုင်ငံ ဆန်ကုန်သည်များအသင်း၊ အသင်းအဖွဲ့များ၊ ကုမ္ပဏီများ၊ အလှူရှင်များ ပူးပေါင်းလှူဒါန်းသည့် ဆန်အိတ် ၃၀၀၀၀ ကိုလည်း တပ်မတော်ရေမှ စစ်ရေယာဉ်များဖြင့် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ပေးပို့သွားမည်ဖြစ်ရာ မကြာမီရက်ပိုင်းအတွင်း ဆန်အိတ်ပေါင်းသောင်းကျော် ရောက်ရှိသွားမည်ဖြစ်၍ ဆန်ဖူဖူလုံလုံရှိမည်ဖြစ်ပြီး စားနပ်ရိက္ခာလုံလောက်မှုရှိကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖



ဓာတ်ပုံ - ဇော်ကြီး(ပဏီတ)

ရခိုင်ပြည်နယ် ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ တပ်မတော်ရေယာဉ်ဖြင့် ပို့ဆောင်ရန် ပြင်ဆင်နေစဉ်။




တာတမံများ မကျိုးပေါက်စေရေး ဧရာဝတီသားတို့ စုပေါင်းအားဖြင့် ကာကွယ်ထိန်းသိမ်းနေကြစဉ်။

ပြီးခဲ့သည့် ဇူလိုင်လနှင့် ဩဂုတ်လဆန်းပိုင်းက မြန်မာနိုင်ငံအထက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ အထက်အညာသားများ ရေဘေးဒုက္ခသင့်ခဲ့ကြသည်။ မလွန်ဆန်နိုင်သည့် သဘာဝဘေးကို အညာသားတို့ ရုတ်တရက်ခံလိုက်ရသဖြင့် များစွာ အထိနာခဲ့သည်။ ရေဘေးသင့်ပြည်သူများ၏ ပူပင်သောကများနှင့် ခံစားရသည့် ဝေဒနာများမှာ ယနေ့ထက်တိုင်ရှိနေဆဲဖြစ်သည်။

အထက်ရေ တစ်ဝကြီးလွှမ်းမိုး၍ အညာသားတို့ တနင့်တပိုးခံစားနေရချိန်တွင် မာန်ဟုန်ကြီးသည့် အညာရေစီးက မြစ်ကြီးဧရာဝတီ၏အပေါ် ဝမ်းတွင်းမှ တအိအိသက်ဆင်းခဲ့ရာ ယခုအလယ်ရေပြည့်၍ အောက်ရေများပင် လျှံတက်မတတ်ဖြစ်လာခဲ့သည်။ မာန်ဟုန်ပြင်းပြင်းနှင့် လိမ့်ဆင်းလာသော ဧရာဝတီရေအလျဉ်သည် ယခုအခါ မြစ်ကြီးဧရာဝမ်းတွင်းမှ ကျော်လွှန်၍ အောက်ဘက်သို့ ပုံဆင်းခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✱




စာမျက်နှာ - ၁၅






themirror.npt@gmail.com
www.facebook.com/themirrordaily